www.burmeseclassic.com

# ဓဥး

## ငါ့တမ်းရှိုးတန်းကို လာနမ်းတဲ့မုန်တိုင်း



www.burmeseclassic.com

www.burmeseclassic.com


**ပုံနှိပ်မှတ်တမ်း**

| | |
|---|---|
| ထုတ်ဝေသူ | – ဦးဝင်းသူရလွင် (အိပ်မက်အသစ်စာပေ) |
| မျက်နှာဖုံးနှင့်အတွင်းပုံနှိပ် | – ဦးစန်းမွန်အောင် (ပီတိစာပေ) |
| မျက်နှာဖုံးဒီဇိုင်း | – YèWintKyaw @ Yèlay |
| ပုံနှိပ်ခြင်း | – ပထမအကြိမ် (၂၀၁၄ ခုနှစ်၊ မေလ) |
| အုပ်ရေ | – ၁၀၀၀ |
| တန်ဖိုး | – ၁၅၀၀ ကျပ် |


## အိပ်မက်အသစ်မှဆက်လက်ထွက်ရှိမည့်စာအုပ်များ

- နတ်ဆိုးအပျင်းပြေတီးဖို့စောင်း — ညွှေး
- Genius — အလင်းနိုက်
- Three — အလင်းနိုက်

www.burmeseclassic.com

www.burmeseclassic.com

Eainmakathit presents

Eainmakathit
38, 3rd Fl., 153rd Lane,
Tamwe Tsp., Ygn.
Ph . 551403,09 730 53 703

# ဧညး

## ငါ့ကမ်းရိုးတန်းကို လာနမ်းတဲ့ မုန်တိုင်း

www.burmeseclassic.com

www.burmeseclassic.com

မိန်းမတွေဟာ ကမ်းရိုးတန်းတွေနဲ့တူတယ်
သူတို့ဆီကို
မုန်တိုင်းနဲ့တူတဲ့ ယောကျ်ားတွေ...
လေပြေဆန်တဲ့ယောကျ်ားတွေ ရောက်လာမှာကို
လွယ်လွယ်ကူကူနဲ့ မတားဆီးနိုင်ကြဘူး...

www.burmeseclassic.com

www.burmeseclassic.com

## - A -

ဂရေဟာမ်ဘဲလ် (Alexander Graham Bell)တစ်ခါက ပြောဖူးတယ်…။

အများသူငါ သွားလာနေကြ လမ်းဟောင်းထဲကနေ ခွဲထွက်ပြီး လမ်းမရှိတဲ့ တောထဲ(လမ်းကြမ်း)ကို တစ်ခါလောက် ဆင်းလျှောက်ကြည့်စမ်းပါ…တဲ့။

အမလေး ဂရေဟာမ်ဘဲလ်ရယ်။ သောက်ကျိုးနည်း ဖတ်ဖတ်ကိုမောလို့ပဲ။

ဟင်း‥။ စပ်ဆော့တာ‥။ သူမကိုက စပ်ဆော့မိတာ‥။

အရင်ညနေခင်းတွေတုန်းက ကွန်ကရစ်လမ်းမပေါ်နေ တိုက်ဂါးကြီးနဲ့ ခွေးကျောင်းထွက်နေတုန်းက အကောင်းသား…။

ဒီညနေကျတော့ ဂရေဟာမ်ဘဲလ်ကြီး ကျပ်ပေးလိုက်သလို တစ်ခါမှ မလျှောက်ဖူးတဲ့ မြေလမ်းကလေးထဲ စပ်ဆော့ပြီး ဝင်ကြည့်လိုက်တာ…

အဲဒီမှာ စတွေ့တော့တာပဲ…။ ခွေးချေးပုံတွေ…။



"အိုး…စိတ်ပျက်စရာ…"

ဝင့်ရှင်ပျိုး နှာခေါင်းရှုံ့မိသွား၏။

ပြန်လှည့်ရရင် ကောင်းမလား‥။ ဝင်ပြီးမှတော့ ဆုံးတဲ့အထိ ဆက်လျှောက်ကြည့်မလား…။

လောလောဆယ် မြေနီလမ်းကလေးမှာ ဖြစ်သလို ဖို့ထားတဲ့ အုတ်နီခဲခပ်ကြမ်းကြမ်းတွေကလည်း သူမစီးလာတဲ့ လေးလက်မဒေါက်မြင့်ဖိနပ်နဲ့ ဘယ်လိုမှ အဆင်မပြေ။

မတော်တဆ ချော်များလဲလိုက်ရလို့ကတော့ သွားပဲ ကျွတ်ထွက်သွားမလား…။ ခြေချင်းဝတ်ပဲ လည်ထွက်သွားမလား အသည်းယားစရာ…။

"တိုက်ဂါး…လာ…လာ…ပြန်လှည့်မယ်…"

အဲလိုပြောပြီး သံကြိုးကို ဆွဲလိုက်ကာမှ အခြေအနေက ပိုဆိုးသွားသည်။

"ဂယား…ဂီး…"

သွားပြီ…။ ရှေ့တည့်တည့်ကနေ ဖြတ်ပြေးသွားတဲ့ ကြောင်တစ်ကောင်…။ တိုက်ဂါးမှာ လည်ဆံမွေးများ ထောင်တက်လာပြီး ကြောင်နောက် ပြေးအလိုက်…။ သူမမှာလည်း ကျောက်စရစ်ခဲများ၊ အုတ်နီခဲများပေါ် ဒေါက်ဖိနပ်နှင့်သိုင်းကွက်နင်းပြီး လမ်းကလေးထဲ ဒရေသောပါး ပါသွားရချေတော့သည်။

"ဟဲ့…တိုက်ဂါး…တိုက်ဂါး…ငါ မလိုက်နိုင်တော့ဘူးဟဲ့…ခွေးစုတ်ရဲ့။ နင့်သခင်ငါ့ကို သေအောင်သတ်နေတာလား…ဟင်း…"

www.burmeseclassic.com

www.burmeseclassic.com



စိတ်တွေကတို၊ ဒေါသတွေထွက် တစ်ကိုယ်လုံးပါ ချွေးတွေစို့တက်လာသည်။

မိန်းကလေးတစ်ယောက်ရဲ့ ခွန်အားက အဲလ်ဖေးရှင်း ခွေးတစ်ကောင်ရဲ့အားကို ဘယ်နိုင်ပါ့မလဲလို့…။

"ဟာ…သွားပြီကွာ…။ သွားပြီ…။ ရှစ်(ထ်)…။ ရှစ်(ထ်)…"

ဝင့်ရှင်ပျိုး သေသာသေလိုက်ချင်တော့သည်…

ပြဿနာရှာသွားတဲ့ ကြောင်ကတော့ ဘယ်ဆီဘယ်ဝယ်ရောက်သွားလေတယ် မသိ…။

မနေ့ကမှ ငွေလေးသောင်းပေးပြီး ဝယ်လာခဲ့တဲ့ branded ဒေါက်ဖိနပ်အသစ်ကတော့ ခွေးချေးပုံတစ်ပုံထဲ နစ်သွားရလေ တော့၏။

ဒါတင်ပဲလား…။ ဘယ်ဟုတ်လိမ့်မလဲ…။

ပြဿနာဆိုတာ သူ့ရဲ့ အပေါင်းအဖော်တွေကိုပါ ခေါ်ပြီးတော့မှ ရောက်လာတတ်သည်ဆိုတဲ့ စကားအတိုင်း…။

ခွေးချေးနံ့ရသွားတဲ့ တိုက်ဂါးမှာလည်း စိတ်တစ်မျိုးပြောင်းသွားပြီး…

"တိုက်ဂါး…တိုက်ဂါး…နေဦး…အောင့်ထား…ဟဲ့ ငါပြောနေတယ် အောင့်ထားဆို…"

မရတော့…။ လုံးဝမှ မရတော့…။

သပ်သပ်ရပ်ရပ်နဲ့ လှလှပပကလေး ဆောက်ထားတဲ့ အိမ်ကလေးတစ်အိမ်ရှေ့ တည့်တည့်ရောက်တော့မှ တိုက်ဂါးတို့



စတင်ဖွဲ့ဖောက်ချေပြီ…။

"ကျွတ်…ဒုက္ခပါပဲ…မျက်နှာပူစရာကောင်းလိုက်တာ…"

တော်တော်နဲ့ မပြီးတော့…။

တစ်တုံး…။ နှစ်တုံး…။ အတွဲလိုက်…။ တန်းလန်း…။

"ဟင်…"

အိမ်ထဲကနေ ထွက်လာတဲ့ အဘိုးကြီးတစ်ယောက်…

www.burmeseclassic.com

www.burmeseclassic.com

- B -

''အဲ··ဟို··အဟီး···''

အဘိုးကြီးက အစကတော့ သူ့ကို မြင်လိုက်တာနဲ့ မချိသွားဖြဲရယ်ပြနေတဲ့ ဝင့်ရှင်ပျိုးကို သူ့အသိထဲကလား စဉ်းစားနေပြီး ကြောင်ကြည့်နေသေးသည်။

နောက်တော့မှ တိုက်ဂါးကိုမြင်ပြီး သဘောပေါက်သွား၏···

သပ်သပ်ရပ်ရပ် သန့်သန့်ရှင်းရှင်းလေးလုပ်ထားသည့် အိမ်ရှေ့မျက်နှာစာမှာ ခွေးတစ်ကောင် အိပ်နေတာကို ဘယ်အိမ်ရှင်ကမှ ကြိုက်လိမ့်မယ်လို့တော့ မထင်···

ဒါ့ကြောင့်···သူမကပဲ စတင်ပြီးတောင်းပန်ရတော့လေ၏။

''ဆောရီးအဘရယ်···။ သမီးလည်း ဟိုဘက်မြေကွက်လပ်ကိုရအောင် ဆွဲခေါ်ပါသေးတယ်။ မရလို့ပါ···''

''ရပါတယ်···တိရစ္ဆာန်ဆိုတော့ ဘယ်နားလည်ပါ့မလဲ··''



သစ်ရွက်အကြွေတွေကို အိမ်ရှေ့အမှိုက်တောင်းထဲထည့်ရင်း အဘိုးကြီးက ဆိုလေ၏။

ဟူး··တော်ပါသေးရဲ့···။ ''ခွေးချေးတွေ ကျုံးပြီး အမှိုက်တောင်းထဲလာထည့်သွား''လို့ မပြောချေ။

တိုက်ဂါးက သူ့ကိစ္စသူ လက်စသတ်ချေပြီ···။

''ထွားတယ်နော်···အသက်ဘယ်လောက်ရှိပြီလဲ···''

''ရှင်···ဩော်··နှစ်နှစ်ခွဲ အဘ···''

ဒုက္ခပါပဲ···။ မိုးရွာတော့မယ်နဲ့တူတယ်။ အခုမှ အိမ်ပြန် လည်း မီတော့မယ်မထင်။ ဒီနေ့ကျမှ ထီးကလည်း ပါမလာ···။

''အရင်ကရော ဒီလမ်းထဲကို လာတတ်သလား···။ မတွေ့ဖူးသလိုပဲ···''

''ဟုတ်···။ မလာဖူးဘူး···။ မရောက်ဖူးတဲ့ လမ်းသစ်တွေကို စမ်းလျှောက်ကြည့်ပါဆိုတာနဲ့ ရောက်လာတာ···။ အဟင်း···''

အတော်ကြောင်တဲ့စကားပဲ···။

ဒါပေမယ့် ဒါ တကယ့်အဖြစ်အပျက်ပဲလေ··။

''သွားပြီနော်··အဘ··''

ဝင့်ရှင်ပျိုး တိုက်ဂါးကြီးကိုဆွဲပြီး လှည့်ထွက်လာတော့ အဘိုးကြီးက သူမ စောစောက ပြောခဲ့တဲ့ စကားအပေါ် နှစ်လိုစွာပြုံးလိုက်ရင်း···

''မရောက်ဖူးတဲ့ လမ်းသစ်တွေကို လျှောက်ကြည့်ပါ··

www.burmeseclassic.com

www.burmeseclassic.com



ဟုတ်လား…။ သိပ်ကောင်းတဲ့ စကားပဲ…။ သမီးကို ဘယ်သူ ပြောသွားတာလဲ‥"

"ရှင်…သြော်‥ဟို…ဂရေဟမ်ဘဲလ်ပါ‥အဘ‥"

အသက်ကြီးကြီး အဘိုးကြီးနဲ့ ငယ်ရွယ်ပျိုမျစ်နေဆဲ မိန်းကလေးနှစ်ယောက်တို့ရဲ့ မျက်လုံးနှစ်စုံ လေထဲမှာ သိမ်မွေ့ ညင်သာစွာ ဆုံမိကြရင်း ပြုံးမိသွားကြသည်။

"ဂျိမ်း…ဒလိမ်း…ဝုန်း…"

ရုတ်တရက် ဖြိုဆင်းရွာချလာကြတဲ့ မိုးရေစက်တွေ…။

ဒီစကားလေးတစ်ခွန်းနဲ့တင် ဒီမိန်းကလေးကို သူစိမ်း တရံစာတစ်ယောက်လို့ အဘိုးကြီး မသတ်မှတ်နိုင်တော့…။

တစ်ခါတရံမှာ စကားလေး တစ်ခွန်းလောက်ကလည်း လူတစ်ယောက်ရဲ့ ကိုယ်ရည်ကိုယ်သွေး မသိကိန်းတချို့ကို များစွာ ဖော်ထုတ်ပေးနိုင်စွမ်းတယ် မဟုတ်ပါလား…။

"သမီး ထီးမပါလာဘူးနဲ့တူတယ်‥။ အထဲမှာ မိုးခိုသွားဦးလေ…"

- C -

"ဟွန်…"

"ဟင်‥"

"အကောင်းမှတ်လို့ နားထောင်နေတာ။ မိုက်လည်း မမိုက်ဘူး…"

ဝင့်ရှင်ပျိုးစကားဆုံးတော့ သူငယ်ချင်းနှစ်ယောက် ဖြစ်တဲ့ ဖြူပြာခင်နဲ့ စိမ့်သီတာတို့က မဲ့ရွဲ့ကာ နှာခေါင်းရှုံ့ကြ ပါလေတော့သည်။

"ဒါဆို မရောက်ဖူးတဲ့ လမ်းသစ်ကနေ စတန့်ထွင်ပြီး လျှောက်လိုက်တာ ခွေးချေးပုံတက်နင်းမိတာရယ်။ ဒေါက်ဖိနပ် နဲ့တဲ့တဲ့ဖြစ်သွားတာရယ်။ ဒိသာပါမောက္ခကြီးနဲ့ အမှတ်မထင် တွေ့ခဲ့တာရယ်…။ ဒီသုံးမျိုးပဲ ရလာခဲ့တယ်ပေါ့…ဟုတ်လား"

စိမ့်သီတာပြောတဲ့ ဒိသာပါမောက္ခကြီးဆိုတာ မနေ့ည နေတုန်းက သဘောကောင်းစွာဖြင့် မိုးခိုခွင့်ပေးခဲ့သော အငြိမ်း စားကျောင်းအုပ်ဆရာကြီးကို ဆိုလိုလိုက်ခြင်းပါ။

ဝင့်ရှင်ပျိုးက ခေါင်းယမ်းကာ ပြုံးလိုက်ရင်း…။

www.burmeseclassic.com

www.burmeseclassic.com



"ဂရေဟမ်ဘဲလ်ပြောတာ သိပ်မှန်တယ်..။ သွားနေကျ လမ်းဟောင်းကနေ ဖောက်ထွက်ပြီး လမ်းသစ်ထဲကို ဝင်လိုက်တာ ငါ့အတွက် အရမ်းကို တန်ဖိုးရှိတဲ့တစ်စုံတရာကို ရလာခဲ့တယ်.."

"ဟင်...ဟုတ်လား..."

"မဟုတ်မှလွဲ...။ အဘိုးကြီးသားနဲ့နင်တွေ့လာခဲ့ပြီ ဆိုပါတော့။ အဟက်ဟက်"

"အို..မဟုတ်ပါဘူး..တောက်တီးတောက်တဲ့.."

"ကဲ...ဒါဖြင့် ဘာတုန်း..."

"ဒီလို... ... ..."

မနေ့ညနေက ရွာတဲ့မိုးက တော်တော်နဲ့ကို မတိတ်တော့။ ဖိနပ်ချုပ်တဲ့ ဝရန်တာကွက်လပ်ကလေးမှာ တိုက်ဂါးကြီးကို ချည်ထားခဲ့ပြီး ဧည့်ခန်းထဲမှာ အဘိုးကြီးနှင့်သူမ ရောက်တက် ရာရာတွေ ပြောဖြစ်ဆိုဖြစ်ခဲ့ကြသည်။

တစ်စတစ်စရင်းနှီးလာကြပြီး အဘိုးကြီးမှာ အငြိမ်းစား ကျောင်းအုပ်ဆရာကြီးတစ်ဦးဖြစ်မှန်း သူမသိရှိလာရ၏။

"ကျောင်းပြီးတော့ သမီးအလုပ်တွေ ဘာတွေ မလုပ် ဖူးလား..."

"ဟုတ်...လုပ်ပါတယ်။ သူငယ်ချင်းသုံးယောက်စုပြီး စာအုပ်တိုက်ကလေး ထောင်ထားတယ်"

"သြော်...ဒါကြောင့်...သမီးစကားတွေက စာသံ ပေသံပေါက်နေတာကိုး"



သူမ ရှက်ပြုံးတစ်ချက်ပြုံးလိုက်ရင်း...

"ဒီလောက်လည်း မဟုတ်ပါဘူး အဘရယ်။ လူငယ်ဖတ် အပျော်ဝတ္ထုတွေ ထုတ်တာ မဟုတ်ပါဘူး..။ တက်ကျမ်းတို့ အဆို အမိန့်တို့ ပုံပြင်စာအုပ်တို့ပါ...။ တစ်နှစ်မှ သုံးအုပ်လေးအုပ်ပဲ ထွက်နိုင်ပါသေးတယ်။ အခုမှ စမ်းတဝါးဝါးအဆင့်ပဲ ရှိသေးတယ် ဆိုပါတော့.."

"ကောင်းတယ်။ ဒါ လူငယ်တစ်ယောက်ရဲ့ အရည် အသွေးပဲ.."

ကျောင်းအုပ်ဆရာကြီးက ကော်ဖီထဖျော်ဖို့ ပြင်သည်။ မလုပ်ပါနဲ့လို့လည်း တားမရ။ ကော်ဖီဖျော်ပြီး ပြန်ထွက်လာ တော့...

"မိုးက အရမ်းကို သည်းနေတယ်။ တော်တော်နဲ့ တိတ် မယ့်ပုံ မပေါ်ဘူး။ စောစောက သမီးစကားအတိုင်း ပြောရမယ် ဆိုရင် ဂရေဟမ်ဘဲလ်စကားကို လိုက်နာပြီး မလျှောက်ဖူးတဲ့လမ်း ကို ဝင်လာခဲ့တာ ဘာတစ်ခုမှ မရဘဲ ပြန်သွားလိုက်ရတာမျိုး မဖြစ်စေချင်ဘူး။ အဘ တစ်ခုပြောပြမယ်လေ.. သမီးနား ထောင်မလား..."

ဘယ်လောက်များတောင် စကားပြောကောင်းလိုက်တဲ့ ကျောင်းအုပ်ဆရာကြီးပါလဲ။ ကမ်းပေးလာတဲ့ ကော်ဖီခွက်ကို သူမ ယူလိုက်ရင်း...

"ဟုတ်ကဲ့...။ နားထောင်ချင်ပါတယ်။ လူကြီးသူမ တွေနဲ့ စကားပြောရတာ ကြိုက်တယ်။ ပြောပါ အဘ.."

www.burmeseclassic.com

www.burmeseclassic.com



"သူများတွေအတွက် နည်းနည်း ငြီးငွေ့စရာ ကောင်းချင်ကောင်းနေလိမ့်မယ်။ နည်းနည်းလေး ဆိုက်ကိုဆန့်တယ်။ သမီးကတော့ စိတ်ဝင်စားမှာပါ။ နောင်တ…ဆိုပါတော့…။ သေတဲ့အထိ အဘ တမြည့်မြည့်ခံစားနေရမယ့် နောင်တ ဆိုပါတော့…"

"ရှင်…ဟုတ်ကဲ့…"

"အဘ‥ကျောင်းအုပ်ကြီးမဖြစ်ခင် အထက်တန်းကျောင်းဆရာဘဝတုန်းက ကျောင်းသားလေးနှစ်ယောက်ကို ကောင်းကောင်း train ပေးခဲ့ဖူးတယ်။ သူတို့နှစ်ယောက်စလုံး စာလည်းတော်ကြသလို အရမ်းလည်း ထက်မြက်ကြပါတယ်။ မိဘတွေနဲ့ကပါ အဘနဲ့ရင်းနှီးနေကြတော့ သူတို့သားတွေကို စာတင်မကဘူး။ စာရိတ္တ၊ ဉာဏ်ရည်ဉာဏ်သွေး၊ စိတ်ဓာတ်ရေးရာတွေပါ တိုးတက်အောင် သင်ပေးဖို့ အဘကို အကူအညီတောင်းကြတယ်"

ကော်ဖီတကျိုက် မော့သောက်လိုက်ရင်း သူမခေါင်းညိတ်ပြလိုက်၏။

"ကြာတော့ ကြာခဲ့ပြီ‥။ တစ်ယောက်က ရှစ်တန်းကျောင်းသား၊ တစ်ယောက်က ကိုးတန်းကျောင်းသားဆိုပါတော့။ အတန်းမတူတော့ တစ်ယောက်နဲ့တစ်ယောက် မဆုံကြသလို ရင်းလည်း မရင်းနှီးကြပါဘူး။ ဒါပေမယ့် ဒီကလေးနှစ်ယောက်ကို အဘက သိပ်ချစ်တယ်။ စာတင်မကဘူး တခြားလောကဝတ်တွေပါ ပြောပြသင်ပြဖြစ်တယ်ပေါ့ သမီးရယ်…"



"ဟုတ်ကဲ့"

"အဘရဲ့ အမှားလို့ပဲ ဆိုပါတော့။ စေတနာက ဘောင်တစ်ခုကို ကျော်ထွက်သွားပြီး သူတို့နှစ်ယောက်ကို ဆိုက်ကိုတက်(စ်)လုပ်ခဲ့မိတယ်‥။ လုပ်တဲ့ ပုံစံက ရိုးရိုးလေးပါ‥။ ကြိုတင် လက်ဝါးချင်းရိုက်ထားတဲ့ လူလေးယောက်ရဲ့ အကူအညီတော့ ယူခဲ့ရတာပေါ့"

"ဟုတ်ကဲ့‥"

"အဲဒီတုန်းက အဘနေခဲ့တဲ့ အိမ်ကလေးက နည်းနည်းချောင်ကျတယ်။ မိနစ်နှစ်ဆယ်လောက် လူပြတ်တဲ့လမ်းကလေးတို့ လျှောက်မှ လမ်းထိပ်က စတိုးဆိုင်ကိုရောက်တာလေ။ အဘက ငွေတစ်ထောင်ပေးလိုက်ပြီး လမ်းထိပ်စတိုးဆိုင်မှာ မုန့်ညီးတစ်ခု သွားဝယ်ပေးဖို့ ကိုးတန်းကျောင်းသားလေးကို အရင်စပြီး စမ်းသပ် လိုက်တယ်…"

"ဟုတ်ကဲ့…စိတ်ဝင်စားစရာပါပဲ‥"

"လူပြတ်တဲ့လမ်းအတိုင်း အဲဒီကျောင်းသားလေး ထွက်သွားတယ်။ အဲဒီအချိန်မှာ ကြိုတင်ဇာတ်တိုက်ထားတဲ့အတိုင်း လူဆိုးပုံပေါက်နေတဲ့ လူတစ်ယောက်(A ဆိုပါတော့ကွာ‥) ကိုလွှတ်ပြီး ပိုက်ဆံလုခိုင်းလိုက်တယ်။ အဘ ကျောင်းသားကလည်း လွယ်လွယ်ကူကူတော့ ဘယ်ပေးလိမ့်မလဲ‥။ သူလည်း ယောက်ျားပဲလေ‥။ သူတင် ကိုယ်တင်လုံးထွေး သတ်ပုတ်ရင်းနဲ့ နောက်ဆုံးတော့ ခွန်အားကြီးတဲ့လူ (A )ကပဲ အနိုင်ရပြီး ကျောင်းသားလက်ထဲက ပိုက်ဆံယူသွားနိုင်ခဲ့တယ်…"

www.burmeseclassic.com

www.burmeseclassic.com



"ဩော်…ကိုးတန်းကျောင်းသားလေး တော်တော်စိတ်ထိခိုက်သွားမှာပဲ…"

"ဒါပေါ့…။ ရှက်လည်းသွားမှာပဲလေ‥။ အဲဒီတုန်းက ငွေတစ်ထောင်ဆိုတာ နည်းတာမှ မဟုတ်ဘဲ‥။ လုံးထွေး သတ်ပုတ်လိုက်ရလို့ သူ့တစ်ကိုယ်လုံးလည်း စုတ်ပြတ်ပေရေသွားတယ်။ သူ ဘာဆက်လုပ်မလဲ‥။ အဘကို ဖြေရှင်းပြမလဲ…။ သူတွေဝေသွားပြီ…။ ဟုတ်တယ်နော်…။ first thinking တစ်ခု အဘ ရိုက်ထည့်ပေးလိုက်ပြီ…"

"ဟုတ်ကဲ့…အရမ်းကို နားထောင်လို့ ကောင်းပါတယ်"

"အဲဒီလို သူတွေဝေပြီး လမ်းပေါ်လဲကျနေတုန်းမှာပဲ ကြို့တင်ဇာတ်တိုက်ထားတဲ့ လူတစ်ယောက်(B ဆိုပါတော့ကွာ) ခရီးသွားဟန်လွှဲပုံစံမျိုးနဲ့ သူ့ဘေးရောက်လာတယ်။ သူက ကျောင်းသားလေးကို မကူညီပါဘူး…။ မကူညီတဲ့အပြင် အဝတ်အစား ဖရိုဖရဲဖြစ်နေတဲ့ ကျောင်းသားလေးကို ဆိုးသွမ်းလူငယ်လိုလို အပေအတေတစ်ယောက်လိုလို မူးယစ်ဆေးဝါးသုံးစွဲထားတဲ့ လူတစ်ယောက်ကို ကြည့်သလိုမျိုး စက်ဆုပ်တဲ့ အကြည့်နဲ့ ကြည့်ပြီး ထွက်သွားတယ်။ ဟုတ်ပြီနော်…။ Second thinking တစ်ခု သူရသွားခဲ့ပြန်ပြီ…"

"ဩော်…"

အပြင်မှာလည်း ရွာသွန်းနေတဲ့ မိုးက တဝုန်းဝုန်း‥။ အငြိမ်းစားကျောင်းအုပ်ဆရာကြီးရဲ့ စကားတွေကလည်း



သူမနားထဲ၊ နှလုံးသားထဲ တဝုန်းဝုန်း ပစ်ဝင်လာတော့၏။

"B နဲ့ ဆုံပြီး သိပ်မကြာခင်မှာပဲ ကျောင်းသားလေးဟာ အဘလွှတ်လိုက်တဲ့ လူတစ်ယောက်(C)နဲ့ ထပ်ဆုံရပြန်သေးတယ်။ C ကတော့ B လို ထူးခြားတဲ့ စရိုက်လက္ခဏာတွေ ထုတ်မပြဘဲ ပညာရှိပုံစံနဲ့ ကျောင်းသားလေးကို မမြင်ဟန်ဆောင်ပြီး ထွက်သွားခဲ့တယ်။ third thinking တစ်ခုပေါ့…။ သူထပ်ရသွားခဲ့ပြန်ပြီ…"

ကော်ဖီတစ်ကျိုက် မော့သောက်ရင်း သူမခေါင်းညိတ်ပြလိုက်မိပြန်သည်။

"အဲဒီအချိန်မှာပဲ လမ်းမှာ အဘ နောက်ဆုံးလွှတ်လိုက်တဲ့ လူတစ်ယောက် D နဲ့ ထပ်ဆုံရပြန်တယ်။ D ကျတော့ အရင်လူတွေလို မဟုတ်ဘူး။ ကျောင်းသားလေးကို တွေ့လိုက်တာနဲ့ ဒုက္ခရောက်လာမှန်း သူသိတယ်။ ဘာဖြစ်တာလဲ ဘာအကူအညီ ပေးရမလဲ မေးတယ်။ ငွေတစ်ထောင် အနိုင်ကျင့်ပြီး အလုခံရမှန်းလည်းသိရော ဒါမျိုးတွေ တစ်ခါတစ်ရံဖြစ်တတ်ကြောင်း၊ ဝမ်းနည်းစရာ မဟုတ်ကြောင်း၊ သူ စာနာနားလည်ကြောင်း၊ ဆုံးသွားတဲ့ တစ်ထောင်ကို ကူညီတယ်သဘောထားပြီး ယူစေလိုကြောင်းပြောပြီး နွေးနွေးထွေးထွေး ကူညီပေးတယ်။ သူကိုယ်တိုင်ပဲ ဖေးဖေးမမနဲ့ ကျောင်းသားလေးကို တွဲခေါ်ပြီး အဘအိမ်ရှေ့အထိ လိုက်ပို့ပေးတယ်။ လူကြီးလူကောင်းဆန်ဆန်နဲ့ ပြဿနာကို ဖြေရှင်းပေးသွားတယ် ဆိုပါတော့ကွာ‥။ ဒါဟာ ကျောင်းသားလေးကို အဘ ရိုက်ထည့်ပေးလိုက်တဲ့ Fourth

www.burmeseclassic.com

www.burmeseclassic.com



thinking တစ်ခု ဆိုပါတော့…”

“ဟုတ်ကဲ့…အဘရဲ့ ဆိုက်ကိုတက်(စ်)က အတွေး အခေါ်တွေ တော်တော်များများကို ပါသွားခဲ့တာပဲ…”

“ကိုးတန်းကျောင်းသားလေးကို အဲဒီလို brain wash လုပ်ပြီး သိပ်မကြာခင်မှာပဲ ရှစ်တန်းကျောင်းသားလေးကိုလည်း အဲဒီနည်းအတိုင်းပဲ လုပ်ခဲ့တယ်။ ထူးခြားပါတယ်။ သိပ်ကို ထူးခြားခဲ့ပါတယ်။ အဲဒီလိုလုပ်ပြီး သိပ်မကြာခင်မှာပဲ သူတို့နှစ်ယောက်ရဲ့ လောကအပေါ် ပြုမူတုံ့ပြန်ပုံတွေဟာ သာမန်ထက် ထူးခြားလာခဲ့တယ်။ ဒါပေမယ့် ဝမ်းနည်းစရာ ကောင်းတာက သူတို့နှစ်ယောက်ရဲ့ ထူးခြားတဲ့ ပြုမူပုံတွေဟာ ဆန့်ကျင်ဘက် အသွင်ကို ဆောင်သွားကြတယ်…”

“ရှင်…”

“ဟုတ်တယ်‥သမီး…။ ကိုးတန်းကျောင်းသားလေးရဲ့ မသိစိတ်တစ်နေရာမှာ A,B နဲ့ C တို့ရဲ့ image တွေ အရမ်း ဖုံးသွားခဲ့တယ်။ A လို ရုပ်ကြမ်းဝါဒဆန်ဆန် တပါးသူကို အနိုင်မယူပေမယ့် သူနဲ့တန်းတူကျောင်းသားတွေအပေါ် ပြိုင်ဘက်လို သဘောထားလာတယ်။ ဒီမေးခွန်းဟာ စာမေးပွဲမှာ မေးကိုမေးမယ့် မေးခွန်းလို့ ပြောပြီး နောက်ကွယ်ကျမှ ဟိုမေးခွန်းကို လှေ့လာတယ်။ မိဘတွေအပေါ် လိမ်ပြောတာ ညာပြောတာတွေ လုပ်လာတယ်။ သူငယ်ချင်းတစ်ယောက် ဒုက္ခရောက်ပြီဟော့ဆို ဒါဘာဆိုးသေးလို့လဲ…ဒီထက် ဆိုးတဲ့သူတွေရှိတယ်။ ငါကူညီစရာမလိုဘူး စသဖြင့်ပေါ့ သမီးရယ်။ သူနဲ့မဆိုင်တဲ့



တိုဆို ဘာမတရားမှုပဲလာလာ C လို အသိကျိုးကျဲပြုတတ် လာတယ်။ သူ့အပေါ် ကောင်းခဲ့ဖူးတဲ့ D ကို သူ့ခေါင်းထဲက ထုတ်ပစ်လိုက်ပြီး A ရယ် B ရယ် C ရယ်သာ သူ့ဘဝကို လွှမ်းမိုးသွားတော့တယ်…”

“အို…စိတ်မကောင်းစရာပဲ အဘရယ်…”

“ရှစ်တန်းကျောင်းသားလေးကျတော့ အဲလို မဟုတ်ခဲ့ ဘူး။ သူနဲ့ ဆန့်ကျင်ဘက်ပေါ့နော်။ A,B နဲ့ C တို့ရဲ့ လွှမ်းမိုး မှုတော့ သူ့မှာ ရှိပါတယ်။ ကောင်းတဲ့ ရလဒ်တစ်ခု ဘာထွက် သွားသလဲဆိုတော့ အရင်လို သူ နမော်နမဲ့ မဆန်တော့ဘူး‥။ သတိတစ်ခုသူ့မှာ ကပ်သွားတယ်။ သွားသတိ၊ လာသတိ၊ စား သတိပေါ့…။ ဒါပေမယ့် သူ့အပေါ်ကျတော့ D ရဲ့ လွှမ်းမိုးမှု က ပိုများသွားတယ်။ သူ လူတွေကို အရမ်းကူညီတတ်သွား တယ်။ အရင်တုန်းက ကိုယ်နဲ့မဆိုင်ဘူးဆိုပြီး လှစ်လျူရှုခဲ့တဲ့ လမ်းပေါ်က အကြောင်းအမျိုးမျိုးကြောင့် ဒုက္ခရောက်နေတဲ့လူ တွေကို သူ ကူညီတတ်လာတယ်။ သူ့စိတ်တွေဟာ အရမ်းဖြူစင် ပြီး နူးညံ့လာတယ်။ သူ့ဘဝရဲ့ တော်တော်များများအချိန်တွေကို D ရဲ့ image က ဖုံးသွားတယ်‥”

“သြော်…”

“အဘပြောချင်တာ ဒီလောက်ပါပဲ…။ ဂရေဟာမ် ဘဲလ် စကားက မှန်ပါတယ်။ လမ်းသစ်ကို သမီးစမ်းလျှောက် ကြည့်လိုက်တာ ဒီကောင်လေးနှစ်ယောက်ရဲ့ အကြောင်းကို သမီး သိခွင့်ရသွားပြီ…။ အဘကတော့ အဲဒီနောင်တနဲ့ပဲ တကိုသက်

www.burmeseclassic.com

www.burmeseclassic.com



လုံးနေသွားရတော့မယ်နဲ့ တူပါရဲ့…။ **အကောင်းနဲ့အဆိုး ရောယှက်နေတဲ့ လောကကြီးမှာ တချို့ကျတော့ အဆိုးချည်းပဲ သဲ့ယူသွားကြတယ်။ တချို့ကျတော့လည်း အကောင်းကိုပဲ သဲ့ယူသွားကြတယ်သမီး…"**

သူမ လေးလေးနက်နက်နဲ့ကို ခေါင်းတွင်တွင်ညိတ်မိသွားရသည်။

အပြင်မှာ မိုးတွေ စဲစပြုလာပြီ··။

အဘိုးကြီး အိမ်က ပြန်ကာနီးတော့ သူမ မေးခွန်းတစ်ခု မေးခဲ့ပါသည်။

"သူတို့နှစ်ယောက်ရဲ့ ဘဝကို ဇာတ်ကားတစ်ကားလို ဆုံးတဲ့အထိ ကြည့်သွားချင်လိုက်တာ…အဘရာ…သူတို့နဲ့ မဆုံဖြစ်ကြတော့ဘူးလား…"

"နှစ်တွေကြာခဲ့ပြီပဲ··။ မတွေ့ဖြစ်ကြတော့ပါဘူး…။ သူတို့နာမည်တွေတောင် အဘမေ့နေပါပြီ…။ nick nameလေးတွေတော့ မှတ်မိပါသေးတယ် ကိုးတန်းကျောင်းသားက… Storm ရှစ်တန်းကျောင်းသားက Breeze တဲ့…။

## အခန်း(၁)

"ဟာ…ဘယ်လိုကြီးလဲ…"

နေခြစ်ခြစ်တောက်ပူနေရာကနေ ရုတ်တရက် ဖြန်းစားကြီး ရွာချလိုက်တဲ့မိုးကြောင့် ဝင့်ရှင်ပျိုး အတော်လေး စိတ်တိုသွားရချေသည်။

ထီးအယူပျင်းသူမို့ ထုံးစံအတိုင်း ထီးကလည်း ပါမလာ…။

ဟင်း…။ ဘယ်လို လုပ်ရပါ့…။

အဲ…ဟိုမှာ ကန့်တင်းတစ်ခု…။

ကန့်တင်းထဲကို မသိမသာဝေ့ဝဲကြည့်လိုက်တော့ ပိုစိတ်ပျက်သွားရချေပြီ။ ဟင်း…ဝိုင်းတိုင်းမှာ လူတွေက အပြည့်…

မတတ်နိုင်တော့…။ အကာအကွယ်မဲ့ မိုးအစိုးခံနေမယ့်အစား လက်ဖက်ရည်ဆိုင်ရဲ့ အမိုးအကာအောက် ဝင်ခိုတာက ပိုကျေနပ်ရမည် ထင်ပါသည်။

ဒီလိုနဲ့ သူမ လက်ဖက်ရည်ဆိုင်ထဲ ရောက်ခဲ့ရတော့

www.burmeseclassic.com

www.burmeseclassic.com



လေ၏။

" ဟိတ်…ချွတ်…ချွတ်…"

" လာမယ်…အစ်မ..ခဏ.."

" ချွတ်…ချွတ်…ဟိတ်…"

စားပွဲထိုးကလေးများမှာ သူတို့အလုပ်နှင့်သူတို့ ရှုပ်နေ၍ သူမကို ယောင်လို့မှပင် လှည့်မကြည့်နိုင်…။

ဒီနေ့ကျမှ များပြားလိုက်တဲ့ ယောကျ်ားထုကြီးကလည်း ကြောက်ခမန်းလိလိ..။

" ဝါး…ဟား…ဟား…ဟား…"

" ဟာ…ခွေးမသား…သောက်သုံးကိုမကျဘူး…နင့်နှမငါ့ပေးဖို့ ရှိတော့တယ်…ချီး…"

ဟယ်…စိတ်ပျက်စရာကြီးပါလား…။ အော်သာငိုလိုက်ချင်တော့တယ်..။

သူမ ရောက်သွားတော့မှ တိုက်တိုက်ဆိုင်ဆိုင် ဘောလုံးပွဲက ပြနေသည်။

ထိုးထိုးထောင်ထောင်နဲ့ မတ်တပ်ရပ်ပြီး စားပိုင်းအလွတ်လိုက်ရှာနေသူဆို၍ သူမတစ်ယောက်သာ ရှိသည် ထင်ပါ၏..။

ဟင်း…။ တချို့လူတွေကျတော့လည်း လောလောလတ်လတ်ကို ကြက်ဥအစိမ်းသုံးလုံးလောက် ဖောက်သောက်ထားတဲ့ တဏှာရူးတွေလို သူမရဲ့ ခန္ဓာကိုယ်အလှကို ပြည်သူပိုင်ပစ္စည်းငေးသလို စိန်ပြေနပြေငေးမောလျက် ရှိချေသည်။

သူမ ငိုချင်လာရသည်။ မိန်းကလေး သဘာဝနဂိုက



တည်းကမှ အားငယ်တတ်ရတဲ့ကြား ပိုပြီး သေးကျုံ့ကျုံ့ကလေး ဖြစ်လာသလို ခံစားရသည်…။

" ဟင်…"

စားပိုင်းတစ်ပိုင်းတော့ တွေ့ပြီ…။ သို့သော် ဝိုင်းလွတ်တစ်ခုတော့ မဟုတ်…။

သန့်သန့်ပြန့်ပြန့်နဲ့ ကောင်လေးတစ်ယောက်တော့ ရှိနေ၏..။ မထူးတော့…။

" ဟို…ထိုင်…ထိုင်လို့ ရမလားဟင်…ဧည့်သည်လာဦးမှာလား…"

" ခင်ဗျာ..ဪ…ထိုင်ပါ..ရပါတယ်…ဧည့်သည်မလာပါဘူး..။ ကျွန်တော်တစ်ယောက်တည်းပါ"

ကဲ…ပြဿနာ အမှတ်စဉ်(၁)တော့ ဖြေရှင်းပြီးသွားပြီ…

ထပ်ရောက်လာတဲ့ ပြဿနာ အမှတ်စဉ်(၂)ကတော့ အင်း..ဘယ်လိုခေါ်မလဲ…။ ယောကျ်ားစိမ်းတစ်ယောက်နဲ့ မျက်နှာချင်းဆိုင်ထိုင်နေရသဖြင့် သူမစိတ်တွေ သိပ်မလွတ်လပ်..။

မျက်နှာပူနေတာလိုလို…ဘာလိုလိုနဲ့…။ မျက်လုံးချင်းခဲ့အောင် အတင်းကြိုးစားနေရတဲ့ကြားထဲ အကြည့်တစ်ချက်က ဖျတ်ကနဲ ထိုကောင်လေးပေါ် ရောက်သွားပြန်သေးသည်။

အသားအရည်က ညိုညိုပြေပြေ၊ ဝတ်ပုံစားပုံက ရိုးရိုးရှင်းရှင်း သန့်သန့်ပြန့်ပြန့်နဲ့ အထူးခြားဆုံးကတော့ မိန်းကလေး

www.burmeseclassic.com

www.burmeseclassic.com



တစ်ယောက်နဲ့ မျက်နှာချင်းဆိုင် ထိုင်နေရလို့ (ယောက်ျားတော်တော်များများမှာ ဖြစ်လေ့ဖြစ်ထရှိတဲ့) အခွင့်အရေးယူလိုသည့် အမူအယာမျိုး လုံးဝ လုံးဝ မတွေ့ရှိရခြင်းပါပဲ…။

ဆိုပါစို့…။ သီချင်းတစ်ပုဒ်ကို ဖျတ်ကနဲ ညည်းလိုက်တာမျိုး၊ ကိုယ့်ကို အကြာကြီးစိုက်ကြည့်နေတာမျိုး…ဟမ်းဖုန်းကလေးထုတ်ကလိလိုက်တာမျိုး၊ မနေတတ်မထိုင်တတ်နဲ့ ဒူးနန့်ပြီး စားပွဲပေါ် လက်ခေါက်တာမျိုး လုံးဝလုံးဝမရှိဘဲ တည်ငြိမ်အေးဆေးစွာပင် မျက်နှာကိုခပ်လွှဲလွှဲကလေးထားကာ အဝေးသို့ကြည့်နေလေသည်။

အထင်ကြီးစရာ ကောင်းလိုက်တာ…။

သူမ ထိုသို့ မှတ်ချက်ပြုနေစဉ်မှာပဲ စားပွဲထိုးကလေး ရောက်ချလာသည်။

မုန့်ဟင်းခါးတစ်ပွဲနှင့် သံပုရာသီး၊ နံနံပင်ပါတဲ့ ပန်းကန်ပြားတစ်ချပ်ကို ထိုလူရှေ့ ထိုးပေးလိုက်ပြီး…။

"ဘာမှာထားလဲ…အစ်မ…"

"ဘာမှ မမှာရသေးဘူး…။ ကော်ဖီတစ်ခွက်ပဲချ။ ကော်ဖီမစ်မဟုတ်ဘူးနော်…။ မြန်မာကော်ဖီမှုန့်ကို နှပ်ပြီးဖျော်တဲ့ ကော်ဖီလေ…ရလားမသိဘူး"

"ရတယ် အစ်မ…"

တော်ပါသေး…။

အရင်ကတော့ Instant ကော်ဖီမစ်တွေ အလုပ်ရှုပ်သက်သာလို့ဆိုပြီး တစိုက်မတ်မတ်သောက်ခဲ့သည်။



နောက်တော့ ကြားလာရတဲ့ သတင်းတွေက အမျိုးမျိုး။ ကော်ဖီမှုန့်စစ်စစ်အစား မန်ကျည်းသီးစေ့အမှုန့်၊ စားအုန်းဆီကြိတ်ဖတ်များနှင့်ကော်ဖီမှုန့်ကို (တရုတ်ကလာတဲ့ ကော်ဖီရနံ့ထည့်ကာ) ရောသမမွှေပြီး စီးပွားရေးတွက်ချေကိုက်ရန် ဝိသမလောဘနှင့် ထုတ်လုပ်လာကြသည်ဆိုကတည်းက ကော်ဖီမစ်တွေသောက်ဖို့ လက်တွန့်ခဲ့ရသည်။

အလုပ်ရှုပ်ချင် ရှုပ်ပါစေ ဓာတုဆေးဝါးအကူအညီမပါတဲ့ မြန်မာကော်ဖီမှုန့်များကိုသာ နှပ်သောက်သည့်ဓလေ့ သူမ ရလာခဲ့တော့သည်။

ကော်ဖီမှာပြီးသွားတော့ ကိုယ့်မှာ ထုံးစံအတိုင်း စပ်စုစရာက မရှိတော့…။ ဒါနဲ့ပဲ သူမရှေ့က သူတော်ကောင်းရုပ်ပေါက်နေတဲ့ ကောင်လေးရဲ့ ပြုမူလှုပ်ရှားမှုတွေကို ခပ်ပါးပါးကလေး လေ့လာအကဲခတ်နေစဉ်…။

ဟင်…။

တွေ့ရပြန်ပြီ…။ နောက်ထပ် ထူးခြားမှုတစ်ခု…။

ဒီတစ်ခါတွေ့လိုက်ရတဲ့ ထူးခြားမှုကတော့ သံပုရာသီးစိပ်တွေထည့်ထားတဲ့ အချဉ်ပန်းကန်ခွက်ထဲကနေ စခဲ့တာပါ။

သံပုရာသီးစိပ်အမျိုးမျိုးကို သင်တို့လည်း တွေ့ဖူးကြပါလိမ့်မည်။ တချို့က အလည်အူတိုင် မကျန်ရစေအောင် သံပုရာသီးကို ထက်ခြမ်း အညီအမျှပိုင်း။ တစ်ပိုင်းကို လေးစိပ်အညီအမျှ ပြန်စိပ်ကြသည်။ ဒီလိုဆိုရင်တော့ သံပုရာသီးတစ်လုံးကို အရွယ်အစားတူ အစိပ်ရှစ်စိပ် ထွက်လေသည်။ ဘယ်အစိပ်ယူ

www.burmeseclassic.com

www.burmeseclassic.com



ညှစ်ညှစ်ဒါက ဒါတွေချည်းပင်···။ (သို့သော် တကယ်ညှစ်ကြည့်လျှင် အူတိုင်တချို့တဝက်ပါနေသည်မို့ အရည်က ကောင်းကောင်းမထွက်တတ်)

တချို့ကျတော့ သံပုရာသီးကို အလယ်အူတိုင်ချန်ပြီး လေးစိပ်စိပ်တတ်ကြသည်။ ထိုလေးစိပ်စလုံးမှာ အူတိုင်လွတ်သဖြင့် ညှစ်လျှင် သံပုရာရည်ကောင်းကောင်းထွက်သည်။ (သို့သော် ထိုအလယ်အူတိုင်မှာမူ မည်သူမျှ မနှစ်သက်သဖြင့် ဒီအတိုင်း ကျန်ခဲ့ရလေတော့၏)

ယခု သူမရှေ့ရောက်နေသည့် သံပုရာသီးစိပ်များမှာ ဒုတိယပုံသဏ္ဍာန်ဖြစ်ပြီး၊ အလယ်အူတိုင်တစ်ခုလည်း ပါလာသည်။

ရိုးရိုးလေး တွေးကြည့်လျှင် အဖြေက ရှင်းနေသည်။ သူမအပါအဝင် မည်သူမဆို အူတိုင်ကလွဲပြီး တခြားသံပုရာသီးစိပ်များပင် ရွေးချယ်ကြမည်ဖြစ်ပါ၏။

အူတိုင်ဆိုတာ ညှစ်တော့လည်း အရည်က သိပ်မထွက်ဒီကြားထဲ သံပုရာစေ့တွေကလည်း ထွက်လာတတ်ပြန်သေးသည် မဟုတ်ပါလား···။

သို့သော်···သူမရှေ့ရောက်နေသည့် လူထူးဆန်းလေးရဲ့ သံပုရာသီးစိပ်ရွေးချယ်မှုက ထိုသို့မဟုတ်ပြန်ချေ။

အလယ်အူတိုင်ကို ရွေးယူလိုက်ပြီးဖွန်းပေါ်ညှစ်ချလိုက်သည်။ အစေ့တွေရော အရည်တွေပါ ရောပါလာသည့် ဖွန်းနှင့် မုန့်ဟင်းခါးပန်းကန်ကို ထိကပ်ကာ အရည်တွေကို သွန်ချ



လိုက်ပြီး ဖွန်းထဲမှာ ကျန်နေခဲ့သည့် သံပုရာစေ့များကို လွှတ်ပစ်လိုက်လေ တော့သည်။

ဟိုက်···အဆန်းပါလား··ဟ

ဝင့်ရှင်ဖျိုး မသိမသာ မျက်ခုံးတွန့်မိသွားရပြန်သည်။

ဒီလူက ဘယ်လိုလူစားမျိုးလဲ···။ ငါလိုပဲ လျှာရှည်ပြီး ဂရေဟမ်ဘဲလ်စကားထဲကအတိုင်း လမ်းသစ်ကနေ လျှောက်နေတဲ့ လူအထူးအဆန်းများလား···

ဘာ့ကြောင့် အရည်ရွှမ်းတဲ့ သံပုရာသီးစိပ်ကလေးတွေကို မရွေးချယ်ဘဲ ဘယ်သူမှမလိုချင်တဲ့ အလယ်အူတိုင်ကိုမှ ရွေးလိုက်ရတာလဲ···။

"အစ်မ···ကော်ဖီ··"

ထိုစဉ် စားပွဲထိုးလေးရောက်လာပြီး သူမမှာသည့် ဗမာနှပ်ကော်ဖီတစ်ခွက် ချပေးလာသည်။

ကော်ဖီတစ်ငုံသောက်လိုက်ရင်း ထိုလူရည်သန့်ကလေးကို သူမအသည်းယားလာ၏···။

ကြည့်ရတာတော့ မိကောင်းဖခင်သားသမီးပုံစံပါပဲ··။ ဒါ သူ့ရဲ့ ရွေးချယ်မှုကို မေးကြည့်လိုက်ရမလား···။ နောက်ဆက်တွဲအနေနဲ့ သူ ငါ့အပေါ်အခွင့်အရေးတစ်ခုခုများ ယူနေလေလား···။ ဒါမှမဟုတ် ဘာမဟုတ်တဲ့ကိစ္စလေးကို အရင်းပြုပြီး ယောကျ်ားတစ်ယောက်ကို စကားမရှိ စကားလာရှာပြောတဲ့ မိန်းကလေးတစ်ယောက်ဆိုပြီး အထင်များသေးသွားလေမလား။

သူမက အတွေးတွေနဲ့ ဂဏှာမငြိမ်ယောက်ယက်ခတ်

www.burmeseclassic.com



နေသလောက်သူကတော့ အေးဆေးတည်ငြိမ်စွာပင် စားလက်စ မုန့်ဟင်းခါးကို မှန်မှန်ကလေး ဆက်စားနေလေတော့သည်။

ကြာတော့ သိလိုစိတ်များကို သူမ မထိန်းချုပ်နိုင်တော့··

“အဟမ်း···ဒီမယ်···”

ဖ ဖ ဖ

## အခန်း(၂)

ကြောင်အမ်းအမ်းနဲ့ စိုက်ကြည့်လာတဲ့ သူ့ရဲ့ အကြည့်တွေထဲမှာ နတ်သမီးတစ်ပါးရဲ့ အဖြူရောင်အတောင်ပံကလေး ရိုက်ခတ်သွားတာကို သူမ မြင်လိုက်ရ၏··။

“ဟုတ်တယ်···ရှင့်ကို ပြောတာ···”

“ဟုတ်···ပြောလေ···”

“မသိလို့···မေးချင်လို့ပါ···”

ထုံးစံအတိုင်း ရိုးရိုးရှင်းရှင်းနှင့် ခေါင်းညိတ်ပြပြန်သည်။

“ဟို···မုန့်ဟင်းခါးစားတုန်းက သံပုရာသီးညှစ်ထည့်တာလေ···အဲဒါဘာလို့ အကောင်းတွေ ရွေးမယူဘဲ အလယ်အရိုင်းကြီး ယူညှစ်လိုက်တာလဲ···။ အလယ်အရိုင်းက ပိုဆေးစက်ဝင်လို့လားဟင်··”

ဒီတော့မှ သူငယ်လေးက ချစ်စရာကောင်းအောင် ပြုံးလိုက်ပြီး···

“ကျွန်တော် ဘာလုပ်လုပ် ဘာပြန်ရမှဖြစ်မယ်ဆိုတဲ့ လောဘလိုစိတ်ကို တတ်နိုင်သလောက် ထိန်းချုပ်တယ်ဗျ··။ ကျွန်

www.burmeseclassic.com



တော်ဆိုလိုတာက အလယ်အူတိုင်ဆေးဖက်ဝင်မဝင် ကျွန်တော် မသိဘူး…”

သူမ ခေါင်းညိတ်ပြလိုက်၏။

**“ကျွန်တော်က အချဉ်ကို ရွေးချယ်တာလေ..။ သံပုရာသီးစိပ်ကို ရွေးချယ်တာမဟုတ်ဘူး”**

“ရှင်..”

ပါလာပြီ…။ ဒဿနစကားတွေ…။

“ခင်ဗျား သိပါတယ်…။ အလယ်အူတိုင်ဆိုတာ ဘယ်သူမှ မယူချင်တဲ့ အစိတ်အပိုင်းပဲ။ ကျွန်တော်မယူရင် ဒီအတိုင်း အကောင်းပကတိနဲ့ အမှိုက်တောင်းထဲ ရောက်ချင်ရောက်သွားမယ်…”

“… … …”

“နောက်…ကျွန်တော်က အချဉ်ရည်လေးပါတယ်ဆိုရုံလောက် စားတတ်တာလေ…။ အစိပ်ကောင်းကြီးတွေ ညှစ်ရင် တစ်ဝက်နဲ့ရပ်ပစ်ရမှာ..။ ကျွန်တော်တစ်ဝက် ညှစ်ပြီးသား အစိပ်ကို ဘယ်နောက်လူကမှ ညှစ်မှာ မဟုတ်ဘူး။ ဟုတ်ရဲ့လား ကျွန်တော်ပြောတာ…”

သူမ မူးမူးမေ့မေ့နှင့်ပင် ခေါင်းညိတ်ပြလိုက်မိသည် ထင်ပါသည်။

“ဒါ့ကြောင့် ကိုယ်လိုအပ်သလောက် ပမာဏပဲပါတဲ့ အရာကို ရွေးလိုက်တာပါ…။ ခင်ဗျား နားမငြီးဘူးဆိုရင် ကျွန်တော် တို့ မိတ်ဖြစ်ဆွေဖြစ် စကားနည်းနည်းပြောကြည့်



မယ်လေ…”

သူ့ဘက်က တကယ်ကို ရိုးသားတည်ငြိမ်စွာပင် ဖိတ်ခေါ်လိုက်တာပါ…။

အပြင်မှာ ရွာသွန်းနေတဲ့ မိုးရေစက်တွေနဲ့ ရေမှုန်ရေမွှားလေးတွေကတော့ တစ်ခြမ်းစောင်းဆွဲထားတဲ့ အဖီကလေးကို ကျော်ပြီး သူတို့နှစ်ယောက်ဆီ လာရောက်ထိမှန်နေသည်။

စကားပြောချင်တာပေါ့…။ ကျွန်မ ရှင်နဲ့စကားပြောချင်တာပေါ့…။ တကယ်ကို ပျော်စရာကောင်းမှာ အသေအချာပဲ…။

သူမက နှစ်လိုစွာ ခေါင်းညိတ်ပြလိုက်တယ်ဆိုရင်ပဲ သူက တခြားယောကျ်ားတွေလို ကျွန်တော့်နာမည်ဘယ်သူပါ..။ ညီမကရောဟင်…အသက်ဘယ်လောက်ရှိပြီလဲ…ဘယ်မှာနေသလဲစတဲ့ မေးရိုးမေးစဉ် မေးခွန်းတွေ မမေးဘဲ…သူနားလည်ထားသည့် အတွေးအခေါ်တွေကိုသာ တစ်ဖက်သား အသက်ရှူနားလောက်အောင် တစ်မျိုးပြီးတစ်မျိုး ချပြလာသည်။

သူမ နည်းနည်း ကျွတ်ကျဲသွားရလေပြီ။

“ကျွန်တော်တို့ စိတ်ဓာတ်တွေ အများကြီးပြုပြင်ပြောင်းလဲယူရလိမ့်မယ်ဗျ။ မကောင်းတဲ့သွေးဆိုရင် ချက်ချင်း ဖောက်ထုတ်ပစ်နိုင်ရမယ်…။ ရေမီတာ လပေးယူတဲ့အိမ်တွေ ခင်ဗျား သိမှာပေါ့…”

“အင်း…ကျွန်မတို့လည်း ယူတယ်လေ…”

“တစ်ခါတစ်လေ ပိုက်ခေါင်းဖွင့်ထားရုံနဲ့ ဒီအတိုင်းကြီး

www.burmeseclassic.com

www.burmeseclassic.com



ကျနေတာလေ…။ ကိုယ့်အိမ် ရေပြည့်သွားရင် ပိတ်လိုက်ပေါ့… တချို့ကျ အဲလိုမဟုတ်ဘူးဗျ။ ပိုက်ဆံထပ်ပေးစရာမှ မလိုတာဆိုပြီး ဒီအတိုင်းကြီး ဖွင့်ထားတာ…။ ကျွန်တော်လည်း ခင်ဗျားခဏက အသည်းယားပြီး မေးသလို သွားမေးဖူးတယ်…ရေလျှံနေတယ်…။ မပိတ်ဘူးလားပေါ့…။ ပြန်ဖြေတဲ့ ဆင်ခြေတွေကရယ်ရတယ်…။ ရေသံကြားနေရတော့လည်း ရေလာနေမှန်း သိရတာပေါ့တဲ့…"

ဘာရယ်မဟုတ် နှစ်ဦးသား ရယ်မိကြပြန်သည်။

"ရှင် မီတာရုံးကလား… မဟုတ်လောက်ပါဘူးနော်…"

တမင်သက်သက် အရွှမ်းဖောက်လာတဲ့ သူမရဲ့စကား…

အို…။ အခုမှ တွေ့တဲ့လူတစ်ယောက်ကို သူမ အတင့်ရဲစွာပင် စတတ်နောက်တတ်နေလေပြီ…။ အင်းလေ…ရှင်က ကျွန်မအတင့်ရဲလောက်အောင်ကို ဖြူစင်လွန်းတာကိုးကောင်လေးရဲ့…။

သူက သူမရဲ့ နောက်ပြောင်စကားကို သဘောပေါက်စွာ ခေါင်းယမ်းပြရင်း…

"တချို့နေရာတွေဆို ရေအရမ်းရှားတာလေဗျာ…။ အဲလို အလကားရလို့ ရေအလကားဖွင့်ထားတဲ့ ရေတွေစီးကျနေရင် ကျွန်တော် ဒေါသလည်း ထွက်တယ်။ ရေရှားပါးတဲ့ လူတွေ ကို အားလည်း နာမိတာပဲ…။ ကျွန်တော် စောစောက ပြောတဲ့ စကားလိုပေါ့…။ **ကျွန်တော်တို့က အဆင်ပြေမှုကို**



**ယူချင်တာ…။ 'ရေ'ကို ယူတာမဟုတ်ဘူး…။ 'အချဉ်'ကို ယူတာ…။ သံပုရာသီးကို ယူတာမဟုတ်ဘူး…။ 'လွယ်ကူချောမွေ့စွာ သွားလာလိုခြင်း'ကို ယူချင်တာ…။ ဝုဏ်တုဝုဏ်ဖြိုင် မော်ဒယ်မြင့်ကားတွေကို ယူတာ မဟုတ်ဘူး…။ ဒီစိတ်တွေ လူတိုင်းမှာရှိရင် သေချာတယ်ဗျ။ အခုဖြစ်နေတဲ့ အကျပ်အတည်းပြဿနာတွေ တော်တော်များများ ဖြေရှင်း ပြေလည်သွားလိမ့်မယ် ထင်တယ်…"**

"အိုး…ရှင် အရမ်းစကားပြောကောင်းတာပဲ…ဒိုင်အောဂျီးနီး(စ်)နဲ့တောင် နည်းနည်းဆင်တယ်…"

"ဟုတ်လား…သေချာပါ့မလား… ကျွန်တော် Cynic ကျင့်စဉ်တော့ တစ်ခါမှ မကျင့်ဖူးဘူး…"

အတည်ပေါက်ကြီး အရွှမ်းဖောက်လာတဲ့ သူ့စကားကြောင့် သူမ တကယ်ကို ဟက်ဟက်ပက်ပက်ရယ်မောမိပြန်ပါတော့၏…။

တကယ့်ကို ကျမ်းတတ်ပေတတ် ပုဂ္ဂိုလ်နဲ့မှ လာတွေ့ရတာထိုး။ စာပေကိုယ်ခံအားလေး အထိုက်အလျောက်ရှိထားၡ်သာ သူ့စကားကို သူမသဘောပေါက်သွားရခြင်းပါ…။

ဒိုင်အောဂျီးနီး(စ်)ဆိုတာ အများသိကြတဲ့အတိုင်း နည်းနည်းပါးပါး ဘုဂလန့် ဥကျတဲ့ အတွေးအခေါ် ပညာရှင်ကြီး လေ…။

သူ့ရဲ့ ထင်ရှားလှတဲ့ Cynic ကျင့်စဉ်ဆိုတာကလည်း kynikos (ဂရိဘာသာ)စကားကနေ ဆင်းသက်လာတာ…။ လူ

www.burmeseclassic.com

www.burmeseclassic.com



အများ နားလည်လွယ်အောင် ဂရိလို သဝေထိုးမနေဘဲ အင်္ဂလိပ်လို ဘွင်းဘွင်းကြီး ဘာသာပြန်ရမယ်ဆိုရင်တော့ doglike(ခွေးတစ်ကောင်နဲ့ တူအောင် ကျင့်တဲ့) ကျင့်စဉ် ဆိုပါတော့...။

ခွေးတွေအတွက် ရုပ်ဝတ္ထုပစ္စည်းတွေ သိပ်မလိုအပ်ဘူး မဟုတ်လား..။ ဆိုပါစို့...ခွေးတစ်ကောင် ရေဆာလာရင် 'ခွက်' လိုက်မရှာဘူး...။ တွေ့တဲ့နေရာ ရေဝင်သောက်လိုက်တာပဲလေ...။ လမ်းမရဲ့ ချိုင့်ခွက်တစ်ခုထဲကရေ...။ မြောင်းထဲကရေ စသဖြင့်ပေါ့...။

ဒိုင်အောဂျီးနီး(စ်)ဆိုတဲ့ ပုဂ္ဂိုလ်ကြီးကလည်း အဲဒီလို လူစားမျိုးပါပဲ...။ ရေကို ခွက်နဲ့သောက်လေ့မရှိဘဲ လက်ခုပ်နှစ်ဖက်နဲ့ ယူသောက်လေ့ရှိပါတယ်။ သူဟာ ရေကိုပဲ လိုအပ်တာ...။ ခွက်ကို လိုအပ်တာ မဟုတ်ပါဘူးတဲ့...။

သူ့ရဲ့ အရွှမ်းဖောက်စကားကို အတန်ကြာ သူမရယ်မောပြီးကာမှ

"ကျွန်မက ရှင့်ကို ascetic ဝါဒသမား(ဒိုင်အောဂျီးနီး(စ်) ကျင့်ကြံသည့် ခြိုးခြံရေးလမ်းစဉ်)လို့ စွပ်စွဲတာ မဟုတ်ပါဘူး..။ ရှင်ပြောတဲ့ အချဉ်ကိုရွေးချယ်တာ သံပုရာသီးကို ရွေးချယ်တာ မဟုတ်ဘူးဆိုတဲ့ စကားကို တွေးမိလို့ပါ..."

ပထမဆုံး ရောက်ရှိလာတဲ့ သူ့ရဲ့ သိမ်မွေ့အထင်ကြီးတဲ့ အကြည့် နွေးနွေးလေး တစ်ချက်...။

ဘာပြန်ပြောလို့ ပြောရမှန်း မသိလောက်အောင်ပင် သူမ ကြောင်အမ်းအမ်း ဖြစ်သွားရသည်။



ကျွန်မတို့နှစ်ယောက် သံလိုက်စက်ကွင်းတစ်ခုထဲ ပိတ်မိကုန်ကြပြီနဲ့ တူပါရဲ့...။

"ဟိုလေ...လူတချို့က မသန့်ရှင်းတဲ့နေရာတွေဆီ သွားတတ်တဲ့ ဒိုင်အောဂျီးနီး(စ်)ကို ရှုံ့ချတတ်တယ်တဲ့...။ အဲဒီအခါ ဒိုင်အောဂျီးနီး(စ်)က နေရောင်ဟာ အိမ်သာထဲလည်း ဝင်နိုင်တာပဲ အိမ်သာထဲရောက်လာတဲ့ နေရောင်ဟာ ညစ်ပတ်မသွားပါဘူးလို့ ပြောလေ့ရှိတယ်..။ ရှင့်ရဲ့ အတွေးအခေါ်နဲ့ နည်းနည်းတူနေလို့ပါ..."

အလင်းဟာ ပိုလင်းသွားသလိုပါပဲ...။

ဘုရားသခင် လက်ဆောင်ပေးလိုက်တဲ့ ပန်းသီးတစ်လုံးဟာ နူးညံ့တဲ့ အကြည့်နှစ်ခု ဆုံရာကနေ ဖြတ်ကနဲ ကြွေဆင်းခဲ့...။

ဟိုမှာ...။

ရင်အုံကလေးတွေဖွပြီး ပူးပူးကပ်ကပ် အနွေးဓာတ်ယူနေကြတဲ့ ငှက်ကလေးနှစ်ကောင်...။

တို့ နှစ်ယောက်ကြားမှာ ပန်းတစ်ပွင့်စာ အကွာအဝေးလောက်တောင် စည်းမခြားသင့်တော့ဘူးဆိုတာ ယုံရဲ့လား ချစ်သူ...။

"ကျွန်တော် နေသွင်ညို...ပါ"

"ဝင့်ရှင်ပျိုး ပါ...အဟင်း"

www.burmeseclassic.com

www.burmeseclassic.com

## အခန်း(၃)

မယုံကြည်စရာ ကောင်းလောက်အောင်ပါပဲ…။

သံပုရာသီးအူတိုင်တစ်ခုကြောင့် ခရီးသွားဟန်လွှဲ တွေ့ခဲ့ကြတဲ့ ကောင်လေးနဲ့ကောင်မလေးဟာ တစ်ယောက်ကိုတစ်ယောက် သတိထားမိသွားကြတယ်။

ဗိုင်အောကျီးနီး(စ်)အကြောင်း စကားစပ်မိကြရင်းကနေ တစ်ယောက်နှလုံးသားကို တစ်ယောက် ထိုးဖောက်နားလည်သွားကြတယ်။

အဲဒီနေ့က သူ့အတွေ့ပါလာတဲ့ 'We 'ဆိုတဲ့ ဝတ္ထုတစ်အုပ် ကြောင့် နောင်တစ်ချိန်မှာ သူတို့နှစ်ယောက် ချစ်သူတွေဖြစ်ခဲ့ ကြရတယ်။

We …။

ဝင့်ရှင်ပျိုးကို ထပ်မံအံ့အားသင့်စေခဲ့သော စာအုပ်တစ်အုပ်…။

"ဒါ…ရုရှားဝတ္ထုပဲ…။ ဒီနိုင်ငံမှာ ဒီစာအုပ်ကို



ဘာသာပြန်ထားတာမျိုး မတွေ့မိဘူး။ book preview လောက်တော့ ကျွန်မဖတ်ဖူးတယ်…"

"နယူးယောက်က ထွက်လာတဲ့ စာအုပ်ပါ…။ ရုရှားကနေ အင်္ဂလိပ်လို ဘာသာပြန်ထားတဲ့ စာအုပ်လေ…"

"အို…ရှင် အင်္ဂလိပ်ဝတ္ထုတွေ တော်တော်များများ ဖတ်ဖြစ်လား"

သူက နှစ်လိုစွာ ခေါင်းတစ်ချက် ညိတ်ရင်း…

"ဖတ်ဖြစ်ပါတယ်…။ ငယ်ငယ်တုန်းက အိပ်မက်ကတော့ ဒဂုန်ရွှေမျှားတို့၊ ရွှေဥဒေါင်းတို့၊ မောင်ထင်တို့လို ဘာသာပြန်စာရေးဆရာကြီး ဖြစ်ချင်ခဲ့တာပေါ့။ အခုတော့ အိတ်(စ်)ပို့ ကုမ္ပဏီတစ်ခုမှာ မန်နေဂျာဝင်လုပ်နေတယ်…"

သူ့စကားကြောင့် သူမ မျက်လုံးများ ဝင်းလက်သွားရသည်။

"ရှင့် အိပ်မက်ကို ဆက်ပြီး အကောင်အထည်မဖော်ဘူးလား…"

"အင်တာနက်ကနေ ကောင်းနိုးရာရာတွေ ဒေါင်းလော့ချပြီး တောက်လျှောက်တော့ ဘာသာပြန်နေတာပဲ…။ ဂန္ထဝင်ဝတ္ထုမျိုးတွေတော့ ရှောင်တယ်လေ…။ ဒါမျိုးဆို ဝါရင့်စာရေးဆရာကြီးတွေ ဦးတတ်ကြတယ် မဟုတ်လား…"

"နေပါဦး…ရှင့်မှာ စာမူတော်တော်များများရှိလား"

"ဆိုပါတော့…ဘာလဲ…ကိုယ့်ကို အလုပ်ခန့်တော့မလို့လား ဝင့်ရှင်ပျိုး…"

www.burmeseclassic.com

www.burmeseclassic.com



နောက်ရွတ်ရွတ်မေးလိုက်တဲ့ သူ့ရဲ့စကား…

သူမကတော့ အတည်ပေါက် ခေါင်းညိတ်ပြလိုက်ပြီး…

"ကျွန်မ ထုတ်ဝေသူပါ…။ ရှင်ကြားဖူးမလားတော့ မသိဘူး…။ အသွင်သစ် စာအုပ်တိုက်လေ…"

ထပ်ရောက်လာပြန်ပြီကွယ်…။

အထင်ကြီးလေးစားစွာ စိုက်ကြည့်လာတဲ့ အကြည့်တွေ…။

"ကိုယ်သိတာပေါ့…။ အရမ်း ကွာလတီမိုတဲ့ စာအုပ်တိုက်ပဲ…။ စာအုပ်ထွက်တော့ ကျဲတယ်နော်…"

"ရှင့်မှာ စာမူတွေ ရှိရင် ကျွန်မဆီ ယူလာပြလေ…။ တိုက်ဆိုင်တဲ့ တစ်နေ့ ကျွန်မတို့ အလုပ်လုပ်ကြတာပေါ့…"

သူက လေးလေးနက်နက် တစ်ချက်ပြုံးရင်း….

"ဒီကနေ့ ရှာတဲ့မိုးကတော့ ကျွန်တော့်တစ်ကိုယ်စာ ကံကောင်းခြင်းတွေပေးသွားတဲ့ ပေါက္ခရဝဿမိုးပဲဗျာ…။

⁂

## အခန်း(၄)

ယောကျ်ားတစ်ယောက်ကို 'မောင်'လို့ ပထမဦးဆုံး ခေါ်ခွင့်ရတဲ့နေ့ဟာ သိပ်ကို စိတ်လှုပ်ရှားစရာအကောင်းဆုံး အချိန်ပဲ…။

ကိုယ်ချစ်ရတဲ့သူက သိပ်ကို နူးညံ့ဖြူစင်လွန်းတဲ့ လူညည်သန့်လေးလေ…။

သာမန်ထက် ပိုမိုကောင်းမွန်တဲ့ အဆင့်မြင့်ရာထူးလစာနဲ့ သူ့ဘဝကို ဟန်ကျပန်ကျ ရပ်တည်လာခဲ့ရင်းကနေ အခုတော့ အသွင်သစ်စာအုပ်တိုက်က ထုတ်ဝေတဲ့ စာအုပ်တချို့တလေမှာ သူ့ရဲ့ ဘာသာပြန်ဝတ္ထုလေးတွေ တစ်စတစ်စ ပါဝင်ခွင့်ရလာခဲ့ပြီ…။

ဒါပေမယ့် သူ့ပုံစံက စကားတွေ ကတ်သီးကတ်သပ်ပြောတတ်တဲ့ ရသစာရေးဆရာပုံစံတော့ မပေါက်ပါဘူး…။

နောက်ပြီးတော့ သူမ ဘယ်လိုမှ ထင်မှတ်မထားတဲ့ အချိန်မျိုးမှာမှ ချစ်ခွင့်တောင်းတတ်တဲ့ မဖြစ်ညစ်ကျယ် လူရည်

www.burmeseclassic.com

www.burmeseclassic.com



သန့်လေးတစ်ယောက် ဆိုပါတော့…။

အဲဒီနေ့က သူ့ဆီက ဒုတိယစာမူတောင်းတဲ့နေ့ပါ…။

စာမူခကို စာအုပ်အပ်ကတည်းက ရှင်းပေးတတ်တဲ့ ထုံးစံအတိုင်း သူ့ကို စာမူခ ထုတ်ရှင်းပေးမလို့လုပ်တုန်း သူ အရမ်းစိတ်တွေလှုပ်ရှားပြီး နေရထိုင်ရခက်နေခဲ့သည်။

သူမကတော့ ဘယ်သိမလဲ…။ စာမူခပဲ တိုးတောင်းချင်လို့လား…။ ဒါမှမဟုတ် တခြားစာရေးဆရာတွေလို ငါးအုပ်တော့လုပ်ဗျာ။ ဆယ်အုပ်စာတော့ပေးထား စသဖြင့် အခွင့်အရေးတောင်းဆိုချင်လို့လားဆိုပြီး သူ့ကို အကဲခတ်နေမိသည်။

"ကျွန်တော် ဒီတခါ စာမူခ မတောင်းတော့ဘူး…ဟို ဗျာ..ဒီလိုလုပ်…"

ထုတ်ဝေသူနဲ့ စာရေးဆရာဆိုတာ ဒီလို ညှိနှိုင်းမှုတွေ တော့ ရှိတတ်ကြစမြဲပါပဲ..။ တချို့ နာမည်ကြီး စာရေးဆရာများ ဆိုလျှင် တိုက်ခန်းတစ်ခန်းကို စာအုပ်ဘယ်နှစ်အုပ်စသဖြင့် ကြိုက်ရောင်း၊ ကြိုက်ဝယ်တွေ ရှိတတ်ကြသည် (ရေးသားရေး နေရသည် ကိုယ့်ကို မည်သူ ကျိန်ဆဲနေလေမယ်ရယ်တော့မသိ)

"ဟုတ်ကဲ့…ကျွန်မ ဘယ်လို လုပ်ပေးရမလဲ…"

"နည်းနည်း တိုးတောင်းမယ်ဗျာ…။ စိတ်ဆိုးမှာ လား…"

"ဟင်…စာမူခက သတ်မှတ်နှုန်းထားပါပဲ…။ ကျွန်မ ဈေးမနှိမ်ထားပါဘူး…"

"ကျွန်တော့်တို့ နာမည်ကြီး စာရေးဆရာတွေလို အလဲ



အထပ်လုပ်မယ်လေ"

"ဟို…ဟို…ကားတစ်စီးတို့ တိုက်တစ်လုံးတို့ဆိုတာ မျိုးနဲ့လားဟင်…"

စိတ်လှုပ်ရှားနေရင်းမှ သူမစကားကြောင့် သူ အရမ်း ရယ်ချင်သွားရသည်။

"အင်း…ဟုတ်တယ်…။ တန်ဖိုးထားတတ်မယ်ဆိုရင် ဒီထက်တောင် ကြေးကြီးတယ်…"

"ဟယ်…ရှင်ဗွေဖောက်လာပြီ..။ ရှင်ဒီလိုတောင်း တတ်မှန်း ရှင့်ကိုယ်ရှင်သိရင် အစောကတည်းက ကြိုညှိထားပါ လား…"

"အဲလိုကြိုညှိလိုက်လို့ အဆင်မပြေဖြစ်သွားရင် စာအုပ် တွေ မထုတ်ပေးမှာ စိတ်ပူရသေးတာကိုး…"

သူမရဲ့ မျက်စောင်းတစ်ချက်က ဒိုင်းကနဲ ရောက်လာ ၏…။

"ထုတ်ဝေသူတွေ ကပ်စေးမနဲတတ်ကြပါဘူး..။ သိပ် လည်း စိုးရိမ်မနေပါနဲ့…။ ပေးနိုင်မယ့်အထဲကပဲ တောင်းဆိုမှာ ပါ…"

"အဲဒါဆိုလည်းပြော…"

"စာမူခအစား အချစ်ပဲလိုချင်တယ်။ ကိုယ့်ကို ပြန်ချစ် ပါလား…။ ဒီတစ်အုပ်ရဲ့ စာမူခအဖြစ်နဲ့ ကိုယ့်ကို အချစ်ပဲ ပြန်ပေးလိုက်တော့…နော်…"

"ဟယ်…ရှင်…"

www.burmeseclassic.com

www.burmeseclassic.com



သူမ ရင်ခုန်သွားရပြီလေ…။ နဂိုကတည်းက သူ့အပြုံ အမူလေးတွေ သူ့အတွေးအခေါ်လေးတွေအပေါ် ကြိတ်ကြွေမိထားသူမို့ အရမ်းလည်း ကြည်နူးသွားရပြန်သည်။

ကြည့်…။ ဘယ်လောက် လူလည်ကျတတ်တဲ့ ကောင်လေးတစ်ယောက်လဲ…။

"ပြောဦးလေ…ဘာမှလည်း ပြန်မပြောတော့ဘူး…ငိုင်လည်းသွားပြီ…။ အချစ်အတောင်းခံလိုက်ရတာ အကြွေးအတောင်းခံလိုက်ရသလိုပဲ…"

"ဒီလိုလုပ်…အလုပ်နဲ့ ကိုယ်ရေးကိုယ်တာတော့ မရောနဲ့…။ စာမူခတော့ ယူဖြစ်အောင်ယူလိုက်ဦး…။ တော်ကြာ အသွင်သစ်စာအုပ်တိုက်က ထုတ်ဝေသူက တက်သစ်စ စာရေးဆရာလေးရဲ့ ဝတ္ထုကို အလကားမတ်တင်းယူပြီး ထုတ်နေတယ်ဆိုပြီး နာမည်ကြီးနေဦးမယ်…။ ဟိုကိစ္စကို တစ်ကဏ္ဍထားလိုက်…နော်…"

ဝင့်ရှင်ပျိုးက စာမူခကို အတင်းထိုးပေးလိုက်…သူက မယူလိုက်နဲ့ ရယ်တော့လည်း ရယ်ချင်စရာ…။

"ဘယ်ကိစ္စလည်း…"

"ရှင်ပြောတဲ့ အချစ်လေ…"

"အာ…အချစ်က တစ်ကဏ္ဍထားလို့ မရပါဘူး…။ အချစ်က ကိုယ့်အတွက် တော်တော်အရေးကြီးတယ်။ အချစ်မရမယ့်အတူတူတော့ ဘာပိုက်ဆံမှ မယူချင်ဘူး…။ ဒီအတိုင်း 'ဟာ' နေရတာပဲ ကောင်းတယ်။ ရတယ်…ရတယ်…မပေးနဲ့…။ ပေးနိုင်တော့မှ အချစ်ပေးလှည့်"



"ဟယ်…ဒုက္ခပါပဲ…"

အဲဒီလိုနဲ့ သူရေးတဲ့ ဝတ္ထုတိုလေးပါတဲ့ စာအုပ်ကထွက်သာသွားလိုက်တယ်။ သူ့ခများတော့ စာမူခက တပြားမှ မရလိုက်ရှာဘူး။

ဒါ…သူမကို သူ ပညာသားပါပါ ပေးသွားတဲ့ ဖိအားတစ်ခုပါပဲ။

ပန်းပွင့်တွေ အလိုက်တသင့် ပွင့်ခဲ့ကြတဲ့နေ့ကပေါ့…။

ကောင်းကင်ဘုံက အလင်းရောင်တွေကို ဝတ်ဆင်လာသလိုမျိုး ခမ်းနားတောက်ပလွန်းလှတဲ့ ချစ်ခြင်းရဲ့ ခြေတော်ရင်းမှာ သူတို့ နှုတ်ဆိတ်ဆွံ့အခဲ့ကြတယ်။

သြော်…မြက်ခင်းတွေတောင် တညီတညာတည်း စိမ်းကြသေးတာပဲအချစ်ရယ်…။ တို့နှစ်ယောက် ဘာလို့များ တသားတည်း မကျနိုင်ရမှာလဲ…။

ကောင်လေးက နူးညံ့သိပ်မွေ့စွာ မျက်လွှာချပေးရင်း ကောင်မလေးရဲ့ နှုတ်ခမ်းနား အသာအယာ တိုးကပ်ပေးလိုက်တယ်ဆိုရင်ပဲ ကောင်မလေးဟာ ကမ္ဘာကြီးကိုတောင် မေ့လျော့သွားခဲ့တယ်လေ…။

"မောင့်ကို အရမ်း…ချစ်…တယ်…"

www.burmeseclassic.com

www.burmeseclassic.com

အဲဒီလူဟာ ရောမစစ်ဘုရင် ကလောဒီးယစ်ဆိုသူပေါ့ ‥။

သူရဲ့ စစ်သည်တော်တွေ အချစ်မရှိမှ၊ နှလုံးသားမရှိမှ စစ်ပွဲတိုင်းအောင်မြင်မှုရှိမယ်လို့ တယူသန် ခံယူထားတဲ့သူ။

စစ်ပွဲတစ်ခါရှုံးတိုင်း စစ်သည်တော်တွေ ရည်းစားပူမိနေလို့လို့ မှတ်ချက်ချခဲ့တဲ့သူ။ ကမ္ဘာပေါ်မှာ မည်သူတစ်ဦးတစ်ယောက်မှ ရည်းစားမထားရဆိုတဲ့ ခပ်ကြောင်ကြောင်အမိန့်ကို ထုတ်ခဲ့သူပေါ့ …။

သူတော်စင်ဘုန်းတော်ကြီး စိန့်ဗယ်လင်တိုင်းကတော့ ဘုရင်ကြီးရဲ့ အမိန့်ကို မနာခံခဲ့ဘဲ ဘုရားကျောင်းကို ရောက်လာကြတဲ့ ချစ်သူစုံတွဲတွေကို မေတ္တာဂဟေသွန်းဆက်ပေးလေ့ရှိပါတယ်။

ဒီလိုနဲ့ပဲ စစ်ဘုရင်အာဏာရှူးဟာ သူတော်စင်ကြီးကို ဖေဖော်ဝါရီ ၁၄ရက်နေ့မှာပဲ ကွပ်မျက်ခဲ့ပါတယ်။

ဘုရင်ရဲ့ အချစ်အပေါ် နှိပ်ကွပ်ခဲ့တဲ့ ဖေဖော်ဝါရီ ၁၄ရက်ပြယုဂ်ဟာ ဘုရင်ထင်ထားသလို ပျောက်ကွယ်မှေးမှိန် မသွားခဲ့ဘဲ အချစ်ရဲ့ဂုဏ်ရှိန်တွေ အရမ်းကို မြင့်မားလာခဲ့တယ်။



ပြောစမ်း …။

ဖေဖော်ဝါရီ ၁၄ရက်နေ့ကို ဘယ်သူ ရင်မခုန်တဲ့သူများ ရှိလိမ့်မလဲလို့ …။ အဲဒီနေ့ဟာ နှင်းဆီပန်းတွေ ရဲရဲနီတဲ့နေ့။ ချစ်သူတွေ ခြွေချတဲ့အနမ်းတွေ ရှက်သွေးစိုတဲ့နေ့ …။ အဲဒီနေ့ဟာ နေရောင်ခြည်တွေ ပန်းနုရောင်လည်စည်းချည်နှောင်တဲ့နေ့ …။ အဲဒီနေ့ဟာ အချစ်နဲ့အတူ ချောကလက်တွေ ပျော်ဆင်းခဲ့ရတဲ့နေ့ …။

အဲဒီနေ့ဟာ သူမအတွက် ပဋ္ဌလက်ဆန့်လှတဲ့ ကံတရားအရ လူစိမ်းတစ်ယောက်ရဲ့ ခပ်ပြင်းပြင်းတံခါးခေါက်သံကို ထပ်မံကြားလိုက်ရတဲ့နေ့တစ်နေ့ပေါ့ …။

ဩရစိုး …တဲ့။

သူမဘာဝကို ခပ်ပြင်းပြင်း တံခါးခေါက်ပြီး ရောက်လာခဲ့တဲ့ ယောက်ျားတစ်ယောက် …။

⁂

www.burmeseclassic.com

## အခန်း(၅)

ဒီနေ့ဟာ ဗာလင်တိုင်းနေ့ဖြစ်သလို သူမတို့ စာအုပ်တိုက်ကနေ ''အချစ်လား သူရှိတယ်''ဆိုတဲ့ ကမ္ဘာကျော်ချစ်ခြင်းဖွဲ့ အဆိုအမိန့် စာအုပ်လေး ထွက်ရှိတဲ့နေ့ပါပဲ…။

ချစ်သူလည်းဟုတ် အသွင်သစ်ရဲ့ ပိုင်းတော်သားတစ်ယောက်လည်းဟုတ်တဲ့ နေသွင်ညိုပါ အဲဒီစာအုပ်လေးထဲ အားဖြည့်ကူညီရေးသားထားသည်လေ။

ချစ်သူက ကုမ္ပဏီဝန်ထမ်းတစ်ယောက်မို့ ဗယ်လင်တိုင်းနေ့မှာ တစ်နေကုန်အတူ ရှိခွင့်မရပေမယ့် ကြိုတင်ချိန်းဆိုထားတဲ့အတိုင်း ရုံးဆင်းမယ့်အချိန်ထက် နည်းနည်းစောပြီး ထိုင်နေကြအင်းယားလမ်းပေါ်က ကော်ဖီဆိုင်သို့ သူမရောက်လာခဲ့ရလေတော့၏။

အိုး…ကားတွေကလည်း မနည်းပါလား…။

ပါကင်တစ်နေရာစာရဖို့ကို ကားနှစ်စီးကြား အတော်လေး ခက်ခက်ခဲခဲ လုပ်ယူလိုက်ရလေသည်။ ပါကင်ဝင်ပြီးသွားတော့



ကားတံခါးဖွင့်ဖို့ပင် နေရာမရှိ…ဒါနဲ့ ကားကိုရှေ့ပြန်တိုး၊ ဘယ်ဘက်နည်းနည်းကပ်ယူ၊ နောက်ပြန်ဆုတ်ကြည့်၊ ကားတံခါးဖွင့်ကြည့်၊ ကားပေါ်ကနေ ကုတ်ကပ်ဆင်းကြည့်နေတဲ့ သူမကို ခပ်လှမ်းလှမ်းတနေရာကနေ သဘောကျနှစ်ခြိုက်စွာ စိုက်ကြည့်နေတဲ့ လူတစ်ယောက်ရှိနေမှန်း ထိုအချိန်က သူမ သတိမထားမိ‥။

''မလွယ်ပါလား…။ ကားပေါ်က ဆင်းရတာတောင် ဘတ်(စ်)ကားပေါ် ငါးဖယ်တိုးလေး တိုးပြီး ဆင်းရတာ…ဟင်း‥''

ပွစိပွစိနှင့်ဒေါသတွေ ထွက်လို့။ ဒေါသမထွက်ခံနိုင်ရိုးလား‥

ကားပေါ်ကနေ လိမ်ပိန်ကွေးကောက်ပြီး ဆင်း၊ ကားနှစ်စီးကြားကနေ ဘေးတစောင်းလေး တိုးထွက်လာရသည်မို့ ကိုယ်နှင့်အတိဝတ်လာတဲ့ အနီရင့်ရောင် ဂါဝန်ခပ်တိုတိုလေးပင် အပေါ်သို့ အနည်းငယ်စောင်းတက်နေသည်။ ဆံပင်တွေလည်း ဖွာလန်ကြဲ။ မျက်နှာပင် ချွေးအတော် စို့တက်သွားရချေသည်။

သူမကို ကြည့်ပြီး တစ်စုံတစ်ယောက်ကတော့ မှတ်ချက်ပြုနေပါ၏။

''လေတိုက်တာ နည်းနည်းကြမ်းသွားလို့ ပွင့်ဖတ်ကလေးတွေ ကပိုကရိုဖြစ်သွားတဲ့ ချစ်စရာနှင်းဆီပွင့်ကလေး…''တဲ့

ကော်ဖီဆိုင်ထဲ မဝင်ခင် ဂါဝန်တိုကလေးကို မသိမသာဆွဲချရင်း ဆံပင်လေးတွေကို သပ်သပ်ရပ်ရပ်လက်နဲ့ ဖိချနေတုန်းမှာပဲ သူမရှေ့မှောက်ကို တစ်စုံတစ်ယောက်ဖြုန်းစားကြီး ရောက်ချလာပြီး…။

www.burmeseclassic.com

www.burmeseclassic.com



"မိန်းကလေး…ကျေးဇူးပြုပြီး ဒီလက်ဆောင်ကလေး ယူပေးပါလား…"

"ရှင်…"

သူမရှေ့ ထိုးပေးလာတဲ့ လေးထောင့်ပုံ ကတ္တီပါဗူးအသေးလေးတစ်ဗူး…။

ကြောင်အမ်းအမ်းနဲ့ ပေးလာသူကို မော့ကြည့်လိုက်တော့ အရပ်မြင့်မြင့်နဲ့ ဝတ်ပုံစားပုံ အထက်တန်းကျလှတဲ့ ခပ်ချောချော ယောကျ်ားတစ်ယောက်။

စိုက်အကြည့်ခံလိုက်ရတဲ့ အကြည့်တစ်ချက်နဲ့ပင် သူမ သေးသေးကျုံ့ကျုံ့ကလေး ဖြစ်သွားရသည်။

"ရှင်…။ လူမှားနေပြီ…"

"မမှားပါဘူး…မင်းကို ပေးတာပါ…"

"အာ…ကျွန်မ ရှင့်ကို မသိပါဘူး…"

ရာရာစစ…။ ဒီလိုနေ့မျိုး အကြောင်ရိုက်ပြီး သူ့လက်ဆောင် လက်ခံရအောင် ကိုယ်က ငတုံးမှမဟုတ်တာ…။

"လက်ဆောင်ဆိုတာ သိတဲ့သူကိုမှ ပေးခွင့်ရှိတယ်လို့ ပညတ်ထားတာမှ မဟုတ်ဘဲ။ မသိမကျွမ်းတဲ့ သူကိုလည်း ပေးခွင့်ရှိပါတယ်"

ဝင့်ရှင်ပျိုး ထိုသူ့ကို စူးရှစွာ တစ်ချက်စိုက်ကြည့်လိုက်မိပါသည်။ တွေ့သမျှ မိန်းကလေးကို အလွယ်တကူ ဖောရှောလုပ်ပြီး အီတတ်တဲ့ ပုံစံမျိုးတော့မဟုတ်။ ပုံစံက အထက်တန်းစားမိကောင်းဖခင်သားသမီးပုံစံ…။



"ဒီလိုပါ…ဒီနေ့က ချစ်သူများနေ့လေ…။ မင်းလည်း သိပါတယ်။ ကိုယ့်မှာတော့ လက်ဆောင်ပေးရမယ့် မိန်းကလေး မရှိပါဘူး။ ယုံချင်မှတော့ယုံ၊ မှန်သောစကားပါ။ ဒါပေမယ့် မိန်းကလေးမိတ်ဆွေမရှိလို့ ဒီပွဲတော်ကို ကိုယ်ကရော ဆင်နွဲခွင့် မရှိရတော့ဘူးတဲ့လား…။ ကိုယ်မင်းရဲ့ နာမည်ကို မမေးဘူး။ မင်းဘယ်မှာနေလဲ။ ဘာလုပ်လဲဆိုတာကို မမေးဘူး။ ကိုယ့်ရဲ့ လက်ဆောင်ကို ယူပေးရုံသက်သက်ပဲ အကူအညီတောင်းတာပါ"

အာလာလာ…။ တယ်လာတဲ့ တော်ကီအလန်းစားကြီးဟ…။

"တခြားတစ်ယောက်ကို ကြိုးစားကြည့်လိုက်ပါ…"

သူ့ရှေ့ကနေ ရှောင်ထွက်လာတော့ သူက သူမရှေ့ကနေ ထပ်မံပိတ်ရပ်လိုက်ပြန်ရင်း…။

"ဟင့်အင်း…မင်းကိုပဲ အကူအညီတောင်းနေတာပါ"

ဘယ်လိုလုပ်ရမလဲ…။ ယူလိုက်ရင် ကောင်းမယ်နဲ့တူတယ်။ ပြီးတော့မှ လွှင့်ပစ်ချင်ပစ်။ ဒီလို ပေကပ်ကပ်ကြီးလုပ်နေလို့ မောင်ရောက်လာရင် ပြဿနာတွေများ ဖြစ်သွားနိုင်လေလား…။ ယူလိုက်ရင်ကော…နောက်ဆက်တွဲ အကျိုးဆက်တွေက ဘာတွေဖြစ်လာနိုင်မလဲ…။

ဒါပေမယ့် အခုလို ပိုင်စိုးပိုင်နင်းကြီး လုပ်တဲ့လုပ်ရပ်ကိုတော့ သူမတစ်စက်ကလေးမှ မကြိုက်၊ ဒေါသလည်း ထွက်နေသည်။

"ဖယ်ပါ…ကျွန်မ အကျပ်ကိုင်တာကို မကြိုက်

www.burmeseclassic.com

www.burmeseclassic.com



ဘူး…''

''အကျပ်မကိုင်ပါဘူး…။ အကူအညီတောင်းတာလို့ ပြောပြီးပြီပဲ…''

''ရှင့်ပုံက အကူအညီတောင်းတဲ့ပုံမှ မပေါက်ဘဲ…''

''ရော်…ကိုယ် ဒူးထောက်ပြီး ပေးရမလား…''

''ဟာ…မလုပ်နဲ့…မလုပ်နဲ့…''

ဘယ်လို လူစားကြီးပါလိမ့်…။

စတိုင်ဘောင်းဘီကို အနည်းငယ် ပင့်တင်လိုက်ပြီး ဒူးထောက်တော့မယ့်ဟန် ပြုလိုက်စဉ် သူမအချိန်မှီ တားဆီးလိုက်ရလေတော့သည်။

''ဒီနေ့ကို မင်းသိပါတယ်။ သူတော်စင်ကြီး စိန့်ဗာလက်တိုင်းကွပ်မျက်ခံရတဲ့နေ့ လူတွေက ချစ်သူများနေ့ဆိုပြီးပဲ အပျော်တွေလွန်ပြီး ကွပ်မျက်ခံလိုက်ရတဲ့ သူတော်စင်ကြီးကို မေ့လျော့နေကြတယ်။ ဒီတော့ မင်းက ကိုယ့်ကို အသိအမှတ် မပြုချင်ဘူးဆိုရင်တောင် သူတော်စင်ကြီးကို အသိအမှတ်ပြုတဲ့အနေနဲ့ ဟောဒီလက်ဆောင်ကို ယူပေးလိုက်ပါ…''

ကြောက်စရာကောင်းလှတဲ့ ပဋ္ဌလက်ဆန့်ဆန့် စကားတွေက ကျည်ဆံတွေလို တဒိုင်းဒိုင်းပစ်ဝင်လာခဲ့လေတော့သည်။

''ကောင်းပြီလေ…ရှင့်ရဲ့ စောစောက ကတိကို တည်မှာလား…''

''ဘာကတိလဲ…''

''ရှင်ပဲပေးပြီးတော့…။ ကျွန်မရဲ့နာမည်တို့ အလုပ်



အကိုင်တို့ နေရပ်လိပ်စာတို့ မမေးပါဘူးဆိုတဲ့ ကတိပေါ့…''

ဒီတော့မှ သူက တစ်ချက်စဉ်းစားဟန်နဲ့ ခပ်ဟက်ဟက် ရယ်လိုက်ပြီး…

''အိုကေ…အိုကေ…ကိုယ်ကတိပေးပါတယ်။ ကိုယ် မင်းအကြောင်း လုံးဝမစပ်စုပါဘူး''

''မယူခင် အရင် ကျွန်မဖွင့်ကြည့်မယ်ဆိုရင်ကော…''

သူက ခေါင်းညိတ်ပြ၏။

''ဒါက ကော်ဖီဆိုင်ရဲ့ လုံခြုံရေးအတွက်ပါ…တော်ကြာ ဝါယာကြိုးနဲ့ခတ်ခဲတွေ နာရီတွေဖြစ်နေရင် ကျွန်မ အမှု ပတ်သွားနိုင်တယ်လေ…''

ဘုရားရေ…။

ကိုယ့်ရှေ့တည့်တည့်ကို ခပ်ရှုရှုလေး ရောက်လာတဲ့ ယောက်ျားတစ်ယောက်ကို ဘာလို့များ ကျွန်မ မိုက်မဲစွာနောက် ပြောင်မိရပါလိမ့်။

သူကလည်း သူမစကားကို သဘောကျနှစ်လိုစွာ ရယ် မောလိုက်ကာ…။

''ဟားဟား…ရယ်စရာတကယ်ပြောတတ်တာပဲ။ အကြမ်းဖက်သမား မဟုတ်ရချေပါဘူးဗျာ…။ ကြိုက်သလို စစ်ပါ…''

''အိုကေ…''

ကတ္တီပါဗူးကလေးကို အဖုံးဖွင့်လိုက်တယ် ဆိုရင်ပဲ…။

''ဟင်…''

www.burmeseclassic.com

www.burmeseclassic.com



သူမ အံ့အားသင့်သွားရလေတော့၏။

ပလက်တီနမ်မှာ စိန်ပွင့်အနည်းငယ်မြှုပ်ထားတဲ့ အသည်းပုံ ရင်ထိုးလေးတစ်ခု…။

“အရမ်းဈေးကြီးမယ့် ရင်ထိုးလေးပဲ…”

“မယူဖူးလို့ ငြင်းဦးမလို့လား…။ ဒီလောက်တောင် အခြေအတင်တွေ ပြောပြီးကြပြီပဲ။ ယူသွားလိုက်ပါ…မင်းမသိစေချင်တဲ့ မင်းအကြောင်းတွေ မမေးပါဘူး‥အိုကေ…”

“ဟင်…”

ရှင်းလင်းပြတ်သားလှချည်လား…။

ပြောပြီး နေရာကနေ ချာကနဲ လှည့်ထွက်ကာ ကော်ဖီဆိုင်ထဲ ဝင်သွားသည်။

ကိုယ့်မှာသာ ကော်ဖီဆိုင်ထဲ ဆက်ဝင်ရမှာလိုလို နောက်ပြန် ဆုတ်ရတော့မှလိုလို ရင်ခုန်ရင်း ကျန်နေခဲ့ရတော့၏…။

* * *

## အခန်း(၆)

အံ့သြစရာကောင်းလှချည့်…။

ချစ်သူများနေ့မှာ ချစ်သူရဲ့ ညို့ငင်ဖမ်းစားမှုထက်စောပြီး သူစိမ်းယောကျ်ားတစ်ယောက်ရဲ့ ပြုစားမှုကို ခံလိုက်ရလေခြင်းကွယ်။

ကော်ဖီဆိုင်ထဲရောက်တော့ အကြည့်တွေလည်း သိပ်အတင့်မရဲရဲ။ စားပိုင်းလွတ်တစ်ခုမှာထိုင်ရင်း ကော်ဖီမှာပြီးကာမှ စောစောက ခပ်မိုက်မိုက်လူက သူမစားပိုင်းနဲ့မျက်စောင်းထိုး မလှမ်းမကမ်းမှာ ထိုင်နေမှန်း သိရလေတော့၏။

ဘာဖြစ်လို့မှန်း မသိဘူး။ မောင့်ကို လာစေချင်ပြီကွယ်။

အကြည့်ချင်းဆုံသွားတော့ သူက နှစ်လိုဖွယ်ကောင်းလှစွာ ခေါင်းတစ်ချက်ညိတ်ပြီး ပြုံးပြသည်။ သူမလည်း ခေါင်းတော့ ညိတ်ပြလိုက်ရသေးသည်။

ဟူး…ဒီအချိန်တွေကို ကုန်လွန်အောင် ဘယ်လိုဖြတ်သန်းရမှာလဲ။ ဒီလက်ဆောင်ဗူးထဲက အသည်းပုံရင်ထိုးကလေးကို သူမရဲ့ ရင်ညွန့်ထက်မှာ နေရာမပေးဖြစ်ခဲ့ရင်တောင် ခဏ

www.burmeseclassic.com

www.burmeseclassic.com



ခဏာ ဖွင့်မကြည့်ဖြစ်ပါဘူးလို့ သူမကိုယ်သူမ ကတိပေးနိုင်လို့လား…။

နောက်ရက်တွေမှာရော အမြဲတမ်းမဟုတ်ရင်တောင် ရံဖန်ရံခါ သူ့ကိုရော သတိရမနေနိုင်ဘူးလား…။ ဒါဟာ လက်ဆောင်ပေးခြင်းခံလိုက်ရတဲ့ ကျေးဇူးကြောင့်လား…။

ကျေးဇူး…အို…အဲဒါကြီးက ကိုယ်ယူတာမှ မဟုတ်တာ။ သူအတင်းထိုးထည့်ပေးသွားတာပဲ‥။

ကောင်းပြီလေ…။ သူ့ရဲ့ ရင်ထိုးကြီးကို ဘာနဲ့ချေပစ်လိုက်ရမလဲ။

အကြည့်က ဖျတ်ခနဲ ထိုလူဆီရောက်သွားပြန်သေးသည် အိုး…နစ်နေအောင် စိုက်ကြည့်နေတဲ့ သူ့ မျက်လုံးတွေ…။ အရင်လို ခေါင်းညိတ်ပြီး ပြုံးပြလိုက်တဲ့ အမူအယာတွေ…။

ဒုက္ခပဲ…။ ရှေ့တည့်တည့်ရောက်နေတဲ့ ကော်ဖီတောင် အရင်လို သောက်ချင်စိတ်မရှိ သူမ အညှို့ခံနေရပြီလား…။

အဲဒီနောက်တော့ သူမ လုပ်မိလုပ်ရာ တစ်ခုလုပ်လိုက်မိသွားသည်။

မောင့်ကို လက်ဆောင်ပေးမလို့ ယူလာတဲ့ 'အချစ်လား…သူရှိတယ်' စာအုပ်ကလေးကို ရင်ထိုးလက်ဆောင်အစား ပြန်ချေလိုက်တဲ့အနေနဲ့ သူ့ကို ပေးလိုက်ဖို့ စိတ်ကူးရသွားခြင်းပင်…။

အဲဒီစိတ်ကူးလည်းရသွားရော အရင်လိုပဲ သူ့ကို ဆတ်ကနဲ ကြည့်လိုက်မိသည်။ အရင်လိုပဲ စိုက်ကြည့်နေတဲ့ မျက်လုံးတွေ…။



သူမ ခေါင်းတချက်ညိတ်ပြလိုက်တော့ သူအနည်းငယ်တော့ အံ့အားသင့်သွားပုံရ၏။

နောက်တော့ သူမရဲ့ သိပ်ဟန်ဆောင်မကောင်းလှတဲ့ အမူအယာတွေကြောင့်ပဲ သူ့ကို စားပိုင်းဆီလာစေချင်နေမှန်း သူ ရိပ်မိသွားကာ၊ သူ့ကိုယ်သူ ခြေဟန်လက်ဟန်နှင့်မသိမသာ သက်ညှိုးထိုးပြနေလေသည်။ လာလို့ရမလားဆိုတဲ့သဘော။

ဘယ်လိုလူလဲကွယ်…ရယ်လည်း ရယ်ချင်မိပါသည်။

သွားပြီ…ထပ်ပြီး ရှူးသွပ်မိုက်မဲစွာ ခေါင်းညိတ်ပြလိုက်မိသည် ထင်ပါ၏။ အစကတည်းက အဖြေကို ကြိုသိနေတဲ့ ယောကျ်ားတစ်ယောက်လို ပေါ့ပါးသွက်လက်စွာပင် သူမနား ရောက်လာခဲ့ပြန်တော့လေ၏။

"ရက်စက်တယ်ကွာ‥။ အဝေးမှာ အကြာကြီးပစ်ထားပြီးမှ အနားကိုလာထိုင်ခွင့်ပေးတယ်‥ ဟူး…"

ဒီလူ့စကားတွေက ဘယ်လိုတွေလဲ…။

ပြောတဲ့စကားတွေဟာ တစ်ဖက်သားကို အမြဲတမ်းရင်ခုန်အောင် နှိုးဆော်နေတဲ့ စကားတွေချည်းပါပဲလား…။

သူမက မျက်နှာထား တင်းတင်းနှင့်ပင်…

"စာစာက လက်ဆောင်အတွက် အစားပြန်ချေဖို့ စိတ်ကူးရသွားလို့ပါ‥"

"အင်း…အတုံ့အလှည့်ဆန်တာတော့ မကြိုက်ဘူး‥။ ဒါပေမယ့် မင်းဆီကရမယ့် အရာဆိုရင်တော့ ဘာပဲရရ ကိုချင်

www.burmeseclassic.com

www.burmeseclassic.com



တယ်…''

အဲဒီလိုပြောပြီး သူမက မပေးရသေးခင်ပင် စာပွဲပေါ် တင်ထားတဲ့ စာအုပ်ကလေး သူတွေ့သွားလေပြီ။

''အိုး…။ အချစ်လား…သူရှိတယ်ဆိုပါလား။ ကိုယ် ကိုင်ကြည့်မယ်နော်…''

''ယူလိုက်ပါ…။ ရှင့်အတွက် လက်ဆောင်ပေးဖို့ အကြံရသွားလို့ပါ…''

အဲဒီလို ပြောပြီးကာမှ စိတ်က ပိုပြီးမလုံမခြုံဖြစ်သွား ပြန်ရသေးသည်။ ဟုတ်တယ်လေ။ ချစ်ခြင်းဖွဲ့ အဆိုအမိန့်စာ အုပ်တစ်အုပ်ကို အခုမှတွေ့တဲ့ သူစိမ်းယောကျ်ားတစ်ယောက်ကို ပေးတယ်ဆိုတာ ပေးတဲ့သူအနေနဲ့ ဘယ်လို အဓိပ္ပာယ်သက် ရောက်သွားနိုင်တယ်ထင်လဲ…။

သူမ ထင်ထားသလို ရောက်လာတဲ့ သူ့ရဲ့ ခပ်စူးစူး အကြည့်တစ်ချက်…

''ကျွန်မ တိုက်ကထုတ်တာလေ… ''

နောက်ကျောမလုံသဖြင့် ပေးလိုက်ရတဲ့ ဆင်ခြေတစ် ခု…။

''သြော်…မင်းက ပက်ပလစ်ရှာပေါ့…''

ခေါင်းကို တဆတ်ဆတ်ညိတ်ရင်း စာမျက်နှာတွေ ဟိုလှန် ဒီလှန်လုပ်ပြီးတော့ သူ့ဆီက ထွက်လာတဲ့ နောက်ထပ် ကြောက်စရာကောင်းလှတဲ့ စကားတစ်ခွန်း…။

''ဟုတ်လား…ဝင့်ရှင်ပျိုး…''



ပိုင်စိုးပိုင်နက် ခေါ်လာတဲ့ သူမနာမည်…။

''ရှင်…''

သူမ မျက်လုံးအဝိုင်းသား ဖြစ်သွားရပြန်သည်။ သူက …့ ထုံးစံအတိုင်း အေးအေးဆေးဆေးပါပဲ…။

''ဟုတ်တယ်လေ…။ စာအုပ်ရဲ့ရှေ့ဆုံးမှာ ရေးထားတဲ့ …တ်ဝေသူနာမည်က မင်းနာမည် မဟုတ်ဘူးလား…။ နေရပ် …ပ်စာက အမှတ်( )၊ ကန်လမ်း၊ လှိုင်မြို့နယ်၊ သြော်… …ဒီဘက်တွေ ကိုယ်ခဏခဏ ရောက်ဖူးပါတယ်။ သိုင့်ခယူး …ာ်…။ စာအုပ်အတွက်ရော၊ နာမည်နဲ့နေရပ်လိပ်စာပါ …ခွင့်ရတဲ့ အတွက်ရော''

သွားပြီ…။ သွားပြီ…။ သွားပြီ…။

အားနာတတ်လွန်းတဲ့ ကိုယ့်ရဲ့ ဟာကွက်ထဲကနေ ကိုယ် …ုံးဝမသိစေချင်တဲ့ ကိုယ့်ရဲ့ အချက်အလက်တွေ တော်တော် …များ သူစိမ်းသူရံစာ လက်ထဲရောက်သွားလေတော့သည်။

ဟင်း…။

သူမ လက်ပတ်နာရီကိုပဲ စိတ်မရှည်စွာ ကြည့်လိုက် …သည်။

မောင် ဘာဖြစ်နေတာလဲ…။ ချိန်းထားတာထက် နာရီ …က်တောင်နောက်ကျနေပြီလေ…။

''ဘယ်လိုဖြစ်တာလဲ။ နာရီတကြည့်ကြည့်နဲ့။ ကိုယ့်ကို …င်လွှတ်နေတာလား…''

''မဟုတ်ပါဘူး…။ ချိန်းထားတဲ့သူ နောက်ကျနေလို့

www.burmeseclassic.com



ပါ…”

“ဟင်…ဘယ်သူ ထပ်လာဖို့ ရှိသေးလို့လဲ…”

“ချစ်သူပေါ့…ဒီစာအုပ်ထဲမှာ သူရေးတဲ့ ဝတ္ထု[illegible] လေး တစ်ပုဒ်ပါတယ်လေ..”

“ဩော်…”

အခံရခက်သွားတာကို အချိန်မီ ဖုံးဖိလိုက်နိုင်တဲ့ ယောက်ျားတစ်ယောက်ရဲ့ ပါးရည်နပ်ရည်ကို သူ့မျက်နှာပေါ် ကနေဖျတ်ကနဲ တွေ့လိုက်ရသေးသည်။

ကောင်းတယ်။ ဒီလို အတင့်ရဲလွန်းတဲ့ လူမျိုးကို ဒီလောက်တော့ နှိပ်ကွပ်ထားနိုင်မှ…။ ကျွန်မတို့ နှစ်ယောက် ကြားမှာရှိတဲ့ ချစ်ခြင်းမေတ္တာက စိန်ရင်ထိုးလေးတစ်ခုမှ မဟုတ် ဘူး။ နန်းတော်ကြီးတစ်ခု၊ ဥရောပတိုက်ကြီးတစ်တိုက်လုံးနဲ့ တောင် အလဲအထပ် လုပ်မရနိုင်ဘူးဆိုတာ ရှင်သဘောပေါက် ထား။

“နေသွင်ညို…တဲ့။ စာမျက်နှာ တစ်ရာ့တစ်ဆယ် လောက်မှာနဲ့ တူတယ်”

“ထားပါ…မင်းနဲ့ စကားပြောခွင့်ရတာထက် အဲဒီ ကိစ္စက ကိုယ့်အတွက် အရေးမကြီးပါဘူး…”

ခံဟ…ခံဟ..။

မောင်ရယ်…။ ပျို…ဒီမှာ ဘယ်လိုလူကြီးနဲ့ တွေ့နေ ရတယ် မသိဘူး။ မောင် ပျိုးဆီကို အမြန်လာခဲ့ပါဦး…။

နောက်တော့ သူက အခံရခက်နေတာကို ဟန်ဆောင်



[illegible]တဲ့ကြားကနေ ပေါ့ပေါ့ပါးပါးလေး ရယ်မောလိုက်ပြီး..

“အင်း…မင်းရဲ့ နာမည်ရော၊ မင်းချစ်သူ နာမည်ပါ [illegible]ရပြီးပြီ။ ကိုယ့်နာမည် မင်း မသိရသေးဘူး…။ မှတ် [illegible]ပါ…။ ဩရစိုး…တဲ့။ အရင်ကတော့ သစ်ထုတ်လုပ်ငန်း [illegible]တယ်။ အခု ပြောင်းလဲလာတဲ့ စီးပွားရေးလုပ်ကွက်တွေ [illegible]ကြောင့်ပေါ့ကွာ…။ ကားတွေသွင်းတယ်..။ လင်းရောင်နီ [illegible]ရေးဒင်းလေ…”

အိုး…။

သူ မပြောခင်ကတည်းက သူ့အနေအထားကို ရိပ်တော့ [illegible]မိသား…။ ပြောလိုက်တော့ ပိုသေချာသွားတာပေါ့…။ ဒီ [illegible] သာမန်သြောင်ညထဲကမှ မဟုတ်ဘဲ။

လင်းရောင်နီထရေးဒင်းပိုင်ရှင်တဲ့ သူမ မသိဘယ်ရှိလိမ့် [illegible]လဲ…။

အဲဒီအချိန်မှာပဲ ရောက်လာစေချင်တဲ့ ချစ်သူကတော့ [illegible]ရောက်မလာ..။ ချစ်သူရဲ့ ဖုန်းခေါ်သံတစ်ခုကပဲ သူမဆီ ရောက် [illegible]လာခဲ့လေတော့သည်။

“ဟဲလို…”

“ပျို…မောင်ပါ…”

“အင်း..စောင့်နေတာကြာပြီ…ကားတွေ အရမ်းကျပ် နေလို့လား..”

“မဟုတ်ဘူးကွာ…လမ်းမှာ အက်စီးဒင့်တစ်ခုတွေ့ပြီး လူတစ်ယောက် မှောက်နေတာ…။ ဝိုင်းအုံပြီးပဲ ကြည့်နေကြ

www.burmeseclassic.com

www.burmeseclassic.com



တယ်။ အမှုပတ်မှာတို့ ရဲစခန်းလိုက်ရမှာ ကြောက်လို့ဆိုပြီး ဘယ်သူမှ အနားမကပ်ရဲကြဘူး…။ လူအချင်းချင်း ဒုက္ခရောက်တာပဲကွာ။ လူသားဆန်ဆန် အကူအညီပေးနိုင်ရမှာပေါ့…။ အဲဒါ မောင် အဲဒီလူကို ဆေးရုံလိုက်ပို့နေတာ''

''မောင်က လုပ်ပြီကွာ…''

''ဆောရီးပါ ဖျိုးရယ်…။ သူတပါးကို ကူညီကောင်းပါတယ်။ ဒီရောက်တော့ သွေးလိုနေလို့ မောင်တစ်ခါတည်း သွေးလှူပေးနေတာ။ ဖျိုး မောင့်ကို မစောင့်နဲ့တော့။ အရမ်းမိုးချုပ်သွားလိမ့်မယ်…။ အခု ကော်ဖီဆိုင်ရောက်နေတာမဟုတ်လား…။ မိုးမချုပ်ခင် အိမ်ပြန်လိုက်တော့နော်…နောက်နေ့မှပဲ မောင် ဖျိုးနဲ့တွေ့ဖို့ ထပ်ချိန်းလိုက်တော့မယ်''

''နေဦး…မောင်…ဒီနေ့ ဘာနေ့လဲဆိုတာရော သိရဲ့လား…''

''သိပါတယ်ကွာ…ချစ်သူများနေ့ပါ…။ မောင် ဖျိုးအတွက် ဖိနပ်လှလှလေးဝယ်ပေးထားတယ်။ မနက်ဖြန် ရုံးဆင်းချိန်ရောက်တော့မှ ပေးတော့မယ်နော်…ဖျိုး''

''မောင်…မောင်…နေဦး…''

ပြောချင်ရာပြောပြီး တစ်ဖက်က ဖုန်းချသွားသဖြင့် ဝင့်ရှင်ဖျိုး စိတ်တော့တိုသွားလိုက်သေး၏။ ကြည့်ရတာ…သွေးလှူရင်းတန်းလန်းနဲ့ ဖုန်းပြောနေလို့ နက်(စ်)မလေးက မောင့်ကို မျက်စောင်းထိုးနေပြီနဲ့ တူပါရဲ့…။

ကောင်းပြီလေ…။ မောင် ရောက်မလာနိုင်တော့ဘူး



…။ ယောကျ်ားစိမ်းတစ်ယောက်နဲ့ ဒီမှာတော့ နှစ်ယောက်တည်း ကြာကြာနေလို့ မသင့်တော်ဘူး။

''ကဲ…ကျွန်မ ပြန်တော့မယ်…ခွင့်ပြုပါဦး…''

''ချစ်သူက မလာတော့ဘူးတဲ့လား…''

''လူတစ်ယောက် အရေးပေါ် သွေးလိုနေလို့ဆိုပြီး ဆေးရုံမှာ အရေးပေါ်သွေးလှူနေတာ။ အဲဒီလူကိုလည်း သူကိုယ်တိုင်ပဲ လမ်းမှာတွေ့လို့ ဆေးရုံတင်ပေးခဲ့တာတဲ့…''

ချစ်သူကို အချစ်အပေါ် အလေးအနက်မထားသူအဖြစ် မြင်သွားမှာမျိုးတော့ သူမမလိုလား…။

နေသွင်ညို သူမအပေါ် ဘယ်လောက် အလေးထား၊ ဂရုစိုက်ကြောင်းနဲ့ ဘယ်လောက် စိတ်သဘောထား ပြည့်ဝကြောင်း သူမသာ အသိဆုံးပင်။

''အင်း…စိတ်နှလုံးသား မွန်မြတ်ပြီး ယောကျ်ားပီသတာ သဘောကျပါတယ်။ ကိုယ်သာဆို လမ်းမှာ အရေးပေါ်လူနာတွေ့ရင် ဧကလို့ သေခါနီး လူနာတွေ့တွေ့ ကိုယ်နဲ့ မဆိုင်လို့ကတော့ ဝင်မပါဘူး…။ ချစ်သူဆီပဲ အရောက်ပြေးလာမှာ…''

တော်ပါတော့ရှင်…။ ကျွန်မစိတ်တွေ သိပ်မွန်းကျပ်လာပြီ။ တော်ပါတော့…။

''ရှင့်စကားက ကန္တာရထဲမှာ ဆာလ်ဘုတ်ထောင်ပြီး ကြော်ငြာထားတဲ့ ရေသန့်ဗူး ကြော်ငြာဆန်လွန်းတယ်…။ တော်ပြီ…ကျွန်မ ပြန်တော့မယ်…''

* * *

www.burmeseclassic.com

## အခန်း(၇)

ချစ်သူများနေ့မှာ ချစ်သူနဲ့တော့ မတွေ့လိုက်ရပါဘူး။

အရှိန်ပြင်းပြင်းနဲ့ ကိုယ့်ဘဝထဲ တိုးဝင်လာတဲ့ ယောက်ျားတစ်ယောက်နဲ့ပဲ ထူးဆန်းအံ့သြစရာ ကောင်းလှစွာ ကြုံခဲ့ ဆုံခဲ့ရတယ်။

ဒီည အိပ်မပျော်မယ့်အတူ ကြယ်ပွင့်ကလေးတွေ သွားကြည့်တာ ကောင်းမယ်နဲ့ တူတယ်။

ဒီလိုနဲ့ လေသာဆောင်ကို ထွက်လာခဲ့တော့ လေသာဆောင်ရဲ့ မျက်စောင်းထိုးအောက်လောက်မှာရှိတဲ့ ဆင်ဝင်အောက်မှာ သြရစိုးစီးတဲ့ Alfa Romeo ကားအမည်းရောင်ကြီး ရပ်ထားတာတွေ့ပြီး ဘာရယ်မဟုတ် သူမ ရယ်ဖြစ်သွားသေးသည်။

ဗာလက်တိုင်းနေ့ရဲ့ အလွဲအချော်တွေကတော့ တစ်မျိုးပြီးတစ်မျိုးဆိုသလိုပါပဲလေ။

စိတ်ကူးထဲမှာပင် ဒီလိုကားကြီးတွေကို မောင်းဖို့ လက်ရှိနေခဲ့တာ။ တကယ်တမ်း သူ့ရဲ့ Alfa Romeo ကားကြီးကို



လက်တွေ့တက်မောင်းဖို့ ညနေတုန်းက သူမကြောက်နေခဲ့တာ အသေအချာပါပဲ…။

"အော်တိုကားမောင်းနေကြ မဟုတ်လား…။ ရဲရဲသာ မောင်းသွားပါ…။ စတီယာရင် ညာဘက်ချိုးရင် ညာဘက် ရောက်မှာပဲ…။ ဘယ်ဘက်ချိုးရင် ဘယ်ဘက်ရောက်မှာပဲ။ လီဗာနင်းရင်သွားမှာပဲ။ ဘရိတ်အုပ်ရင် ရပ်မှာပဲ…။ ဘာမှ ခက်ဘူး…"

ညနေက ကော်ဖီဆိုင်ကအပြန် ကားပါကင်မှာ သူပြောခဲ့တဲ့ စကားကိုကြားယောင်ရင်း သူမ ရယ်မိပြန်သေးသည်။

ကောင်းကင်ပေါ်မှာတော့ မှိတ်တုတ်မှိတ်တုန် ကြယ်ပွင့်ကလေးတွေက ဟိုမှာတစ်ခု၊ ဒီမှာတစ်ခု…။

သြရစိုး…။

ရှင် ဘယ်သူလဲ…။

ရှင် ဘာ့ကြောင့်များ ကျွန်မဘဝထဲကို အရှိန်ပြင်းပြင်းနဲ့ တိုးဝင်လာခဲ့ရတာလဲ…။

ညနေက နေသွင်ညို ဖုန်းလာပြီးပြီးချင်း သူမ ကော်ဖီဆိုင်းကနေ ထ,ထွက်လာခဲ့လေသည်။ သူကတော့ သူ့ရဲ့ ဖွတ်တရွတ်ထုံးစံအတိုင်း "ကားပါကင်အထိ လိုက်ပို့ပေးမယ်လေ။ နောက်တစ်ခေါက် ပြန်ဆုံဖြစ်ကြလို့ ဝင့်ရှင်ပျိုးဘေးမှာ ချစ်သူပါနေရင် ကိုယ် ဒီလိုအခွင့်အရေးမျိုးရမှာမဟုတ်ဘူး"ဆိုပြီး ကားရပ်နားနေရာအထိ တောက်လျှောက် ပါလာခဲ့လေတော့၏။

သြရစိုးကို ဒီကော်ဖီဆိုင်ရဲ့ ခြံဝန်းထဲမှာပင် သူမ ချန်

www.burmeseclassic.com



ထားခဲ့လို့ ရလိမ့်မည် ထင်ထားရာ ကံကြမ္မာက ထိုသို့ ဖြစ်ခွင့် မပေးခဲ့ချေ။

အကြောင်းကတော့ ကားစက်နိုးနိုးပြီးချင်း စက်ရပ်သွားရာကနေစတဲ့ ပြဿနာပါပဲ။

သူကတော့ မှန်အလုံပိတ်ထားသည့် ကားရဲ့ဘေးကနေသာ အကူအညီပေးရှာလေမလား စောင့်နေခဲ့ပါသည်။

ကားက စက်နိုးလိုက်…စက်ရပ်သွားလိုက်…။ ပြန်စက်နိုးလိုက်…။ ရပ်သွားလိုက်နှင့်…။

ကြံရာမရသည့်အဆုံး သူ့ကိုကြည့်မိတော့ မှန်တံခါးချပေးဖို့ လက်ဟန်ခြေဟန်လုပ်ပြသည်။

"နိုးပြီး လီဗာလေးတင်ကြည့်လေ…"

လီဗာလျှော့လိုက်သည်နှင့် စက်က ပြန်ရပ်သွားပြန်သည်။

" Slow ချိန်ရတော့မယ်နဲ့ တူတယ်…"

"ဒုက္ခပဲ…။ ဒီကားတွေက လီဗာလေးတစ်ချက်ပုတ်လိုက်တာနဲ့ တောက်လျှောက် ဘရိတ်ဖမ်းပြီး မောင်းရတာ။ အခုတော့ အဲဒါနဲ့ပြောင်းပြန် ဘရိတ်မအုပ်ဘဲ လီဗာတောက်လျှောက်နင်းပြီး မောင်းရမယ်ဆို အချိန်အဆတွေများပြီး တိုက်မိကုန်ရင် ဒုက္ခ…"

"အဲဒါကလည်း အဲဒါပေါ့…။ နောက်တစ်ခုက အရှိန်နေးသွားလို့ လမ်းမှာကားစက်ရပ်သွားရင် နောက်ကားတွေ ဝင်တိုက်မိမှာလည်း ကြောက်ရသေးတယ်။ ဒီလိုလုပ်ပါလား…။



ခင်း နံဘေးက ထိုင်လိုက်လေ…။ ကိုယ် ကားဝပ်ရှော့တစ်ခုကို မောင်းပို့ပေးမယ်…"

"အချိန်ကိုလည်း ကြည့်ဦး…"

မှန်သည် ခုနစ်နာရီပင် ထိုးတော့မည်။ ဒီအချိန်ကျမှတော့ ယောကျ်ားစိမ်းတစ်ယောက်နှင့် ကားတစ်စီးတည်း အတူသွား၊ အတူလာ မလုပ်ချင်တော့…။

သူကတော့ စောစောတုန်းကလို တစ်ဖက်သားကို သွေးတိုးစမ်းတဲ့ အမူအယာမျိုး မဟုတ်တော့ဘဲ လေးလေးနက်နက်နှင့် ခေါင်းတဆတ်ဆတ်ညိတ်ရင်း…

"အင်း…အဲဒါလည်း ဟုတ်တာပဲ…။ ဒီလိုအခြေအနေမျိုးနဲ့တော့ မင်းကို ဒီလိုကားမျိုး ပေးမမောင်းစေချင်ဘူး။ အချိန်မရွေး အနောက်ကနေ ဝင်အဆောင်းခံရနိုင်တယ်။ ကိုယ်ကတော့ ဒီလို slow ကျနေတဲ့ ကားတွေ မောင်းဖူးပါတယ်။ နိုင်နိုင်မောင်းရတာပေါ့ကွာ…။ ဒီလိုလုပ်ပါလား…။ ဒီကား ကိုယ်ယူမောင်းလိုက်မယ်…။ မင်းက ကိုယ့်ကားမောင်းပြီး အိမ်ပြန်လိုက်တော့…။ ဘယ်လိုလဲ"

သူက ရက်ရက်ရောရောကြီး ပေးလာပေမယ့် သူမကတော့ တွန့်ဆုတ်နေမိတာအမှန်ပါပဲ…။ ဟင့်အင်း…သူ့ကားကြီးယူမမောင်းချင်ပါဘူး။ ကြောက်ပါတယ်။

"ရှင့် ကားတော့ ယူမသွားချင်ပါဘူး။ ကျွန်မ တက္ကစီနဲ့ပြန်မယ်လေ။ ကျွန်မကားကို ရှင့်လက်ထဲ ပေးခဲ့မယ် ဆိုရင်ရော…"

www.burmeseclassic.com

www.burmeseclassic.com



“ဆရာမ…။ ယုံလှချည်လား…။ ကျွန်တော် ကားသူခိုးဖြစ်နေရင် ဘယ်လိုလုပ်မလဲ”

“အို…ရှင့်ကြည့်ရတာ ကားသူခိုးရုပ် မပေါက်ပါဘူး”

“ဟုတ်တယ်…ခိုးမယ့်ခိုး ကားတော့ မခိုးချင်ပါဘူး…အင်း…အဟင်း…”

လူကို ကြည့်ပြီး မခံချင်အောင် ရယ်နေလိုက်သေးသည်။

လူကိုဆိုရင်တော့ ခိုးချင်တယ်လို့ မပြောသွားတာပဲ ကံကောင်း။

“ရှင့်ကားကြီး ဒီလောက် တန်ဖိုးကြီးတာ ကျွန်မ မမောင်းချင်ပါဘူး”

“အော်တိုကား မောင်းနေကြမဟုတ်လား။ ရဲရဲသာ မောင်းသွားပါ။ စတီယာရင် ညာဘက်ချိုးရင် ညာဘက်ရောက်မှာပဲ။ ဘယ်ဘက်ချိုးရင် ဘယ်ဘက်ရောက်မှာပဲ။ လီဗာနင်းရင် သွားမှာပဲ။ ဘရိတ်အုပ်ရင် ရပ်မှာပဲ၊ ဘာမှမခက်ဘူး…”

တန်ဖိုးကြီးကားတစ်စင်းကို စက်ဘီးတစ်စီးလောက် သဘောထားပြီး ထိုးပေးနေတဲ့ သူ့ရဲ့ ယုံကြည်မှု။

ဒီညနေခင်းတစ်ခုတည်းနဲ့တင် ဩရစိုးဟာ သူမကို အမှတ်တမဲ့ကနေ အမှတ်တရများစွာ ဖန်ဆင်းပေးနိုင်ခဲ့လေပြီ…။

နောက်ဆုံးတော့ သူ့ရဲ့ ကားကြီး မရဲတရဲမောင်းပြီး အိမ်ပြန်ခဲ့ရလေသတည်းပေါ့…။

* * *

## အခန်း(၈)

ကြည့်…။

လူမှ စိတ်ရှုပ်ရတဲ့ကြား သတင်းစာရှင်းလင်းပွဲတွေက တစ်မျိုးပြီးတစ်မျိုး လုပ်ရချေဦးတော့မည်။

မမြင်မတွေ့စေချင်ပါဘူးဆိုမှ နောက်တစ်နေ့ရောက်တော့ ဩရစိုး သူ့ကားသူ လာမယူရသေးခင် ဖြူပြာခင်နဲ့ စိမ့်သီတာတို့ မျက်လုံးပြူး၊ မျက်ဆံပြူးနှင့် ရောက်ချလာကာ။

“ဟဲ့…မိန်းမ…ဟိုရှေ့မှာရပ်ထားတဲ့ ကားကြီး…။ အမလေး…အဲဒီကား ငါ ရုပ်ရှင်တွေထဲပဲ မြင်ဖူးတာ…။ Alfa Romeo ကြီးမဟုတ်လား။ အဲဒါကြီး နင်ဝယ်လိုက်တာလား။ အဲလောက်တောင် နင်ချမ်းသာနေပြီလား…”

“အာ… …”

“ဒါဆို နေသွင်ညို နင့်ကို လက်ဆောင်ဝယ်ပေးလိုက်တာလား။ မနေ့က ဗာလက်တိုင်းနေ့လေ…။ အမလေး…အဲဒီကားက ယူရိုသုံးသောင်းလောက်ပေါက်တာ…။ အနှံ့အခအအ

www.burmeseclassic.com



ပြီးအစီးနဲ့ ဒီအရောက်ဆို သိန်းငါးထောင်လောက်တန်ကြေးရှိမယ် ထင်တယ်။ ဒါတောင် ငါ့အထင်နော်။ ဒီထက်များဖို့ပဲရှိတယ်။ ပြော…ပြော…။ မနေ့က ချစ်သူများနေ့ တစ်နေ့လေး နင်နဲ့ငါတို့ မတွေ့လိုက်ပါတယ်။ နင် ဒီလောက်တောင် ပြောင်းလဲ သွားရပြီလား…"

"မဟုတ်ဘူးဟော့…မဟုတ်ဘူးဟ…ဖြစ်ပုံကဒီလို…"

မနေ့ညနေက ဩရစ်နဲ့ ဖြစ်ပျက်ခဲ့သမျှတွေ ဖွင့်ပြောအပြီးမှာတော့ သူမထင်သည့်အတိုင်း ပွဲကြိုသုံးသပ်ချက်တွေ တဒိုင်းဒိုင်းပစ်ဝင်လာပါလေတော့၏။

"နင်ပြောပုံအရဆို ဒီလူ့ရဲ့ စိတ်ကူးစိတ်သန်းတွေက ထူးဆန်းအံ့ဩစရာလည်း ကောင်းသလို ရှိမန့်တစ်လည်း အရမ်းဆန်မယ့်ပုံပဲ…"

"ဘယ်ဘက်ကလှည့်တွေးတွေး နင့်ကို လေးလေးနက်နက်တော့ ရှိမယ့်ပုံပဲဟ။ အဲဒါတော့ သေချာတယ်။ ရင်ထိုးလက်ဆောင်ကိစ္စကတော့ ထားလိုက်ပါတော့ နင့်မပေးဖြစ်ရင်လည်း တစ်ယောက်ယောက်တော့ သူပေးခဲ့ဖို့ ဆုံးဖြတ်ခဲ့မှာပါ။ သူက ချမ်းသာလို့သာ သူပေးတဲ့လက်ဆောင်က တစ်ဖက်လူကို အံ့အားသင့်စရာ ကောင်းသွားခဲ့တာ။ ဒါပေမယ့် ဒီလောက်တန်ကြေးများတဲ့ Alfa romeo လိုကားကြီး နင့်လက်ထဲ ယုံယုံကြည်ကြည် ထည့်ပေးလိုက်တာမျိုးကျတော့ အရမ်းအံ့ဩဖို့ကောင်းသွားပြီလေ…။ ဒါမျိုး တော်ရုံဘယ်ယောက်ျားမှ မလုပ်နိုင်ဘူး…"



"ငါကတော့ ကံကြမ္မာကိုပဲ အပြစ်တင်ချင်တယ်။ ရင်ထိုးလက်ဆောင်ပေးတဲ့အထိ၊ မောင်ရောက်မလာနိုင်တဲ့အထိ ကံကြမ္မာကို ငါခွင့်လွှတ်နိုင်သေးတယ်။ ဒါပေမယ့် ငါ့ကားပျက်တဲ့အချိန်ရောက်တော့ ငါတော်တော်စိတ်တိုသွားတာ။ ဒီလူ့အကြောင်း ငါသိတယ်။ ဖွတ်တရွတ်ပုံကြီး။ လုပ်ချင်တာကို အတင်းတွန်းထိုးလုပ်တတ်မယ့်ပုံကြီး…။ မောင်နဲ့ငါ့ကြားမှာ တစ်ချိန် မုန်တိုင်းပုံစံမျိုး ဝင်လာမှာ ငါမလိုလားဘူး…"

"ဟော…ဝင်လာပြီ…မုန်တိုင်းတော့ မဟုတ်ဘူး…။ ကားဟွန်းသံ…။ အဟီး…ဒါ နင့်ကားဟွန်းသံနော်…။ မဟာသူဌေးမင်း ကြွမြန်းလာပြီနဲ့တူတယ်။ ဟဲ့…။ ငါတို့လည်း မိတ်ဆက်ပေးဦးနော်…။ နင် မကြွေဘူး ဆုံးဖြတ်ထားရင် ငါတို့ဘက်လှည့်ပေးလိုက် အဟိ…"

"အာ…စိတ်ရှုပ်ရတဲ့ကြား နင်တို့က တမျိုး…"

မုန်သည်။ ကိုယ့်ကားမှ ကိုယ့်ကားအစစ် ခြံထဲသို့ ဝင်လာလေပြီ။ Alfa romeo လို တထီးတနန်းမဆန်လှတဲ့ ဟွန်ဒါဖစ် ပုကွကွလေးရယ်ပါ…။

ကိုယ့်ကို ဒီလောက်အထိ ကူညီပြီးမှတော့ ဧည့်ခန်းထဲ မိန့်မိန့်ကြီး ထိုင်နေပြန်တော့လည်း မကောင်း…။

စိတ်ညစ်ပါတယ်။

ထွက်တွေ့ပြီး အလ္လာပသလ္လာပ ပြောရဦးတော့မယ်။

မောင်ရေ…လူတစ်ယောက်အတွက် ရှင့်အချိန်ပေးပြီး သွေးလှူလိုက်တဲ့ ကိစ္စက ရှင့်ချစ်သူ မိန်းကလေးရဲ့အိပ်ကို သူ

www.burmeseclassic.com

www.burmeseclassic.com



စိမ်းယောက်ျားတစ်ယောက် အလည်အပတ်ရောက်လာဖို့ အခွင့်အရေးပေးလိုက်သလို ဖြစ်ကုန်ပြီကွဲ့။

* * *

## အခန်း(၉)

"ခြံလေးက နေချင်စရာလေးနော်..."

ကားပေါ်က မဆင်းရသေး...။ အဲဒီလို ရှမ်းရှမ်းဝဲဝဲ စကားက အရင်ဆင်းလာလေတော့သည်။

ဒီတော့လည်း သူမ အသာအယာ ခေါင်းညိတ်ပြလိုက်ရပြီး...

"ကားက ကောင်းသွားပြီလား...။ ဘာဖြစ်သွားတာလဲ..."

"မနေ့က ကိစ္စမဖြစ်ခင် ကားပြင်ထားတာမျိုး ရှိဖူးလား.."

"ကြီးကြီးမားမားတော့ မရှိပါဘူး။ ဆာဗစ်စင်ဖို့တိုင်း အင်ဂျင်ဝိုင်တို့ရေတို့ ကြည့်ပေးဖို့တော့ ပြောမိတာပေါ့..."

"တစ်ခုခု တိုက်ဆိုင်သွားတာဖြစ်ပါလိမ့်မယ်။ computer error ပြနေတာ။ ကားရဲ့ history ပိုင်းနဲ့ပတ်သက်ပြီး computer memory error တက်နေတာ"

www.burmeseclassic.com

www.burmeseclassic.com



"အော်တိုကားတွေကလည်း ဘာတွေမှန်းကို မသိဘူး။ အထူးအဆန်းပဲနော်"

သူကတော့ ဘာကိုမှ သိပ်ခေါင်းထဲထည့်မထားတဲ့ ပုံစံနဲ့ ပေါ့ပေါ့ပါးပါးသာ ရယ်မောနေတာမို့…

"ကားက အခုကောင်းသွားပြီလား…"

"ကောင်းသွားပါပြီ။ မိန်းကလေး မောင်းတဲ့ကားဆိုတော့ အများအယွင်းခံလို့ မဖြစ်ဖူးလေ…။ စိတ်ချရတော့မှ ယူလာတာ…။ restart တော့ ချလိုက်ရတယ်"

"ကားက restart ချရတယ် ဟုတ်လား…။ မသိလို့ မေးတာနော်…။ restart ချတယ်ဆိုတာ ကွန်ပျူတာလောက်ပဲ ကြားဖူးတာ။ ကားကျတော့ မကြားဖူးဘူး"

"ကလေးမရယ်…။ ၂၀၀၇ အထက်ကားတွေအားလုံးက မော်ဒယ်မြင့်တွေချည်း ခင်ဗျ။ ကွန်ပျူတာလစ်သွားရင် ဘာမှ လုပ်လို့မရဘူး…"

"ကျေးဇူးတင်ပါတယ်…"

သူမ တကယ်ကို လှိုက်လှိုက်လှဲလှဲနဲ့ ကျေးဇူးတင်မိသွားရခြင်းပါ။

"ဟို…ဘယ်လောက်ကျလဲဟင်…"

"ကိုယ့်ကို နေ့လယ်စာပဲ ကျွေးလိုက်ပါ…။ ကိုယ် ဗိုက်အရမ်းဆာနေပြီ…"

ဟာ…ဒီလူ လုပ်ပြန်ပြီ…တစ်ခါ…။

သူမ အဲဒီလို ချီတုံချတုံဖြစ်နေတုန်းမှာပဲ မြန်မာကား



တွေထဲကအတိုင်း ဘယ်ထောင့်က ပေါ်လာမှန်းမသိတဲ့ မွေးသမိခင်ကြီးရဲ့ အသံဗြဲကြီးကို ကြားလိုက်ရလေတော့၏…။

"ဧည့်သည်ကို အိမ်ပေါ်ထိုင်ခိုင်းဦးလေ…"

"ဧည့်သည်ကို အားနာစရာ"ဆိုပြီး လက်တစ်ဖက်က ကတ်ကြေးတစ်လက်၊ ကျန်လက်တစ်ဖက်က နှင်းဆီပန်းတို့၊ ပိန်းပန်းတို့ကိုင်ပြီး မြန်မာဇာတ်ကားဆန်ဆန်တော့ သူမတို့ နှစ်ယောက်ကြားရောက်မလာ…။

ဩရစိုးမှာလည်း ဘယ်ထောင့်က ထွက်လာမှန်းမသိတဲ့ အသံကြောင့် ပြုံးတုံ့တုံ့ ဖြစ်သွားရပြီး လေသံနိမ့်နှင့်…

"ဘယ်ကအော်နေတာလဲ…ဗျို့ မေမေလား…"

အမလေး…ဖျိုး…တဲ့။ ငါ့နှယ်နော်…။ မောင်ခေါ်တဲ့အတိုင်းပါပဲလား…။

"ဘုရားခန်းထဲကနေမှာပေါ့…။ သူက အဲဒီက အပေါက်သေးသေးလေးထဲကနေ ချောင်းနေကြလေ"

သူမစကားကြောင့် ဩရစိုး အံ့အားသင့်သွားရပြီး…

"ဟင်…ဘာတွေချောင်းတာလဲ…"

"ဩော်…ခြံရှေ့ရပ်ပြီး နှစ်ပတ်လည်မင်္ဂလာဝယ်ပါဦးတို့၊ မီးသတ်ရန်ပုံငွေပြက္ခဒိန်လေးတွေပါတို့…ဘာတို့ အဲဒီလိုယူနီဖောင်းကြီးတွေနဲ့ ရပ်ပြီး လာအော်ရင် သူက အဲဒီအပေါက်ကချောင်းပြီး… လူကြီးတွေ မရှိဘူး။ အားလုံး အပြင်သွားကြတယ်တို့ ဘာတို့ ထွက်အော်တာလည်း သူပဲလေ…"

"ဟောဗျာ…ဟားဟား…"

www.burmeseclassic.com

www.burmeseclassic.com



ရယ်ကာမောကာနှင့် သူ ကားပေါ်က ဆင်းလာသည်။

ဒုက္ခပါပဲ··။ ဒီလူကို ငါဘာလို့ ဟာသတွေ ဘာတွေ ပြောနေမိပါလိမ့်။ ပတ်သက်မှုတွေ တစ်ဆင့်ပြီးတစ်ဆင့် တိုးလာမှာမျိုး သူမ အကြောက်ဆုံးပင်။

"မိတ်ဆက်ပေးမယ်···သူငယ်ချင်းတွေလဲ ရောက်နေတယ်···"

"ကောင်းပါပြီဗျာ···"

စွာကျယ်မနှစ်ယောက်က လူမမြင်ခင်တုန်းက ဟောင်ဖွာဟောင်ဖွာနိုင်သလောက် အခုလို မိတ်ဆက်ပေးတော့ ကုပ်လို့···။ သူ့ရဲ့ အရှိန်အဝါကြောင့်လည်း ပါချင်ပါမှာပေါ့။

"ကိုသြရစိုး···သူတို့နှစ်ယောက်က ကျွန်မသူငယ်ချင်းတွေလေ။ ဖြူပြာခင်နဲ့စိမ့်သီတာ···။ ဟဲ့···နင်တို့ပဲ ခင်ချင်ကြတယ်ဆို···။ ဒါ···ငါပြောနေတဲ့ ကိုသြရစိုး···"

"ဟုတ်ပါပြီဗျာ···တွေ့ရတာဝမ်းသာပါတယ်···"

အလုပ်ကြီးအကိုင်ကြီးလုပ်နေကြ ပုဂ္ဂိုလ်မို့လေလားတော့ မပြောတတ်။ စကားဝိုင်း ခြောက်သွေ့မသွားစေရန် သူကသာ ဦးဆောင်နေရပြီး၊ အချိန်အနည်းငယ်ကြာတော့ မယ်မင်းကြီးမများ မနေနိုင် မထိုင်နိုင်ဖြစ်လာကာ···

"ဟဲ့···ဖျိုး···ငါတို့ ပြန်လိုက်ဦးမယ်ဟာ။ ဒီကပြန်ရင် လှည်းတန်းသွားမလို့ နောင်တောင်ကျနေပြီ···။ အဟဲ··ကိုသြရစိုး···သီတာတို့ကို ခွင့်ပြုပါဦးနော်···"

"ခွင့်ပြုပါဦးရှင်···အဟီး···"



တော်တော်အားကိုးရတဲ့ ကောင်မတွေ···ငါ့ကို တစ်ယောက်တည်းထားခဲ့ပြီး ထွက်သွားကြတယ်။

"ညို့သည်ကို ကော်ဖီလေးဘာလေး ဖျော်ပေးဦးလေ။ အားနာစရာ···"

ဟော···ဖေဖေရော မေမေပါ ရှေ့ဆင့်နောက်ဆင့် ထွက်လာပြီ

မနေ့ညတုန်းက အိမ်ကို alfa remeo ကြီး သယ်လာကတည်းက ဖေဖေရော မေမေပါ အဲဒီကိစ္စကို အပြတ်စိတ်ဝင်စားနေကြတာ···

အခုတော့ သူမကိုယ်ပါမဟုတ်···။ သူမ မိသားစုကိုပါ သူ လွယ်လင့်တကူဆိုသလို စည်းရုံးသိမ်းသွင်းသွားနိုင်ချေပြီ··

တစ်ယောက်ကိုတစ်ယောက် အပြန်အလှန်မိတ်ဆက်အပြီး အလ္လာပသလ္လာပတွေ ပြောအပြီးမှာတော့ မွေးသမိခင်ကြီးမှာ နာရီကို တစ်ချက်ကြည့်လိုက်ပြီး···

"ဆယ့်နှစ်နာရီတောင် ထိုးနေပြီပဲ···။ ထမင်းစားသွားပါလား မောင်သြရသစိုးရဲ့"

"ဟုတ်ကဲ့···စားတော့ စားချင်ပါတယ်။ ဒီမှာတော့ မဟုတ်ဘူး။ ဟောဒီ ကတ်စေးနည်းမလေးကို အပြင်မှာ အကာခံခိုင်းရရင် ကောင်းမလားလို့ စောစောကပဲ ပြောနေတာ။ သူ့ကားကို မနေ့က ဝပ်ရှော့ပို့တာနဲ့ စောင့်ယူတာနဲ့ ညကဆယ့်တစ်နာရီလောက်မှ အိမ်ပြန်ရောက်တာ ခင်ဗျ။ အဲဒါ သူ့ကို တစ်ခေါက်ပြန် နှိပ်စက်ရရင် ကောင်းမလားလို့···"

www.burmeseclassic.com



“အယ်…ကြည့်ဦး…။ ည ဆယ့်တစ်နာရီမှ ပြီးသွားတာလား။ ဟုတ်ပြီ…ဟုတ်ပြီ…။ ပျိုးပျိုး…။ ကြားတယ်နော်…။ မောင်ဩရစိုးကို နေ့လယ်စာ လိုက်ကျွေးလိုက်။ ခများ ဗိုက်ဆာရောပေါ့…”

ထင်တယ်…။ ထင်တယ်…။

ဒီလို ဖြစ်လာတော့မယ်လို့ ထင်တော့ ထင်နေတယ်။

စကားဆုံးတော့ မွေးသမိခင်ကြီးကိုပဲ စိတ်ထဲကနေ မျက်စောင်းအတုံးလိုက် အတစ်လိုက် ထိုးပစ်လိုက်မိတော့တယ်။

ᨀ ᨀ ᨀ

## အခန်း(၁၀)

“အိုး…”

လှလိုက်တဲ့ ဖိနပ်ကလေး….

Jessica Simpson ‥တဲ့။ ဥရောပ brand အကောင်းစား ဒေါက်မြင့်ဖိနပ်ကလေးရယ်ပေါ့ ‥။

“ကြိုက်လား…ပျိုး…”

“အင်း…ကြိုက်တယ်မောင်…။ မောင်က ဘယ်ဆိုးလို့လဲ…။ မိန်းကလေးတွေ ဘဝင်ကျစေနိုင်လောက်တဲ့ လက်ဆောင်မျိုးလည်း ရွေးချယ်တတ်သား…”

“ဟား…ဟား…မဟုတ်ရပါဘူးကွာ…။ ပျိုးကို လက်ဆောင်ပေးခါနီးတိုင်း ဘာပေးရရင်ကောင်းမလဲဆိုတာ ဆော်တော်ခေါင်းအစားခံပြီး စဉ်းစားရတာကွ…”

“နေပါဦး…မောင်ဘယ်လို ဝယ်လိုက်တာလဲ…။ ဒီ brand က ဒီမှာ မရောင်းသေးပါဘူး…”

“အွန်လိုင်းကနေ တွေ့ပြီးမှာလိုက်တာပေါ့။ တစ်လ

www.burmeseclassic.com

www.burmeseclassic.com



လောက်တော့ ကြာတယ်''

ခံသား အဖြူအမည်းအပြောက်ကလေးတွေမှာ ပန်းရောင်ရင့်ရင့်ကလေး ငုံထားတဲ့ ဒေါက်ဖိနပ်လှလှကလေးကို သူမ နှစ်လိုစွာ ကြည့်နေရင်း···

''အိုး··ဒေါ်လာ ၁၆ဝတဲ့···ဈေးကြီးတာပဲ···။ ဒီအပြီး အစီးဆို မောင်တစ်သိန်းခွဲနှစ်သိန်းလောက် ပြုတ်သွားပြီနဲ့တူတယ်···''

''ထားပါ···ပေး···မောင် ကိုယ်တိုင်ဝတ်ပေးမယ်···''

''အယ်···မလုပ်ပါနဲ့···အားနာစရာကြီး···''

ကြည့်···။

ကော်ဖီဆိုင်ရဲ့ ထောင့်တစ်နေရာမှာ ကောင်လေးတစ်ယောက်ဟာ သူမကလွဲပြီး ဘာကိုမှ မသိတော့တဲ့ ဟန်ပန်နဲ့ ဒူးထောက်ချလိုက်ပြီး··· သူဝယ်လာတဲ့ ဒေါက်မြင့်အသိုင်းဖိနပ်လေးကိုသာ ချစ်သူရဲ့ ခြေဖဝါးမှာ ညင်သာစွာ ဝတ်ပေးနေလေတော့၏။

အဲဒီ အခိုက်အတန့်လေးဟာ သိပ်ကို ပဋ္ဌလက်ဆန်လွန်းတာပဲ···

ကြည်နူးမှု၊ ချစ်သူအပေါ် အားနာမှု၊ အံ့သြတုန်လှုပ်မှုတွေနဲ့အတူ ချစ်သူဟာလည်း ဟိုးအမြင့်ဆုံးက တိမ်တွေဆီကို ပွေ့ချီပြီး တင်ပေးလိုက်သလို သူမ ခံစားသွားရသည်။

ချစ်တယ်···မောင့်ကို အရမ်းကိုချစ်တယ်။



လာ···ကျွန်မတို့ နွေးနွေးထွေးထွေးလေးလောက်တော့ ဖက်ထားရအောင်။

မနေ့ညနေက နတ်ဆိုးတစ်ကောင် ပတ်မွှေသွားလို့ ကသိကအောင့် ဖြစ်ခဲ့ရတာတွေအားလုံးကို နွေးထွေးတဲ့အနမ်းတွေနဲ့ သင်ပုန်းချေပစ်လိုက်ကြရအောင်။

''ပျိုးကို မောင် အရမ်းချစ်တယ်···''

''ပျိုးလည်း မောင့်ကို အရမ်းချစ်ပါတယ်''

အိုး···ကမ္ဘာကြီးပေါ်မှာ ကျွန်မတို့ နှစ်ယောက်ကလွဲပြီး ဘယ်သူမှ မရှိကြတော့သလိုပဲနော်···။

ရင်ခုန်စရာကောင်းလိုက်တာ···။

မျက်လုံးအစုံကို မှိတ်ပြီးချစ်သူကို အားပါးတရဖက်ပွေ့လိုက်ရလို့ ရလာတဲ့ ခွန်အားဟာ ဘာနဲ့မှ လဲလို့မရနိုင်လောက်အောင် အဖိုးတန်လွန်းတယ်။

မျက်လုံးအစုံကို မှိတ်ထားရာကနေ ဖွင့်လိုက်တဲ့အချိန်မှာတော့ သူမအရင်ဆုံးမြင်လိုက်တဲ့ မြင်ကွင်းက သူမနဲ့ မျက်နှာချင်းဆိုင် စားပိုင်းနှစ်ခုစာလောက်မှာ ချထားတဲ့ မာတနီအရက်ခွက် လှလှလေး···။

ဟင်··။

ဟိုလူ···။ ဟိုလူ့အရက်ခွက်များ ဖြစ်နေမလား···။ မနေ့ညနေတုန်းက သူ သူမဆီဝိုင်းကူးလာတုန်းက မာတနီထည့်ထားတဲ့ ဖန်ခွက်ကလေး ပါလာခဲ့တာကို သူမ မမေ့။

အိုး···။ သေချာသွားပြီပေါ့···။

www.burmeseclassic.com

www.burmeseclassic.com



မှန်တံခါးကနေ အပြင်ကို လှမ်းကြည့်လိုက်တော့ Alfa remeo ကားကြီးရဲ့ ဆောင့်ထွက်သွားတဲ့ ပုံရိပ်တချို့ကို မြင်လိုက်ရသည်။

ဒါဆို ဩရစိုးဟာ သူ့မမောင့်ကို ပွေ့ဖက်ထားတဲ့ မြင်ကွင်းကို သွေးအေးအေး ကြည့်သွားခဲ့တယ် ဆိုပါတော့…။

အိုး…ကြောက်စရာ….

* * *

## အခန်း(၁၁)

"ဲကယ်တော့ ဒီပြဿနာကို ဩရစိုးက ဖန်တီးလိုက်တာ မဟုတ်ဘူး။ နင်က ဖန်တီးလိုက်တာ…"

"အလို··ရာရာစစ··"

"ဟုတ်တယ် မိပျိုးရဲ့…။ နင် လောကဓာတ်ပညာနဲ့ ဓာတ်သဘောသဘာဝကို နားမလည်လို့ ချစ်သူများနေ့ ညနေ ...န်းက နေသွင်ညိုအတွက် ရည်ရွယ်ပြီး ပေးမယ့်စာအုပ်ကို ဩရစိုးကို မရည်ရွယ်ဘဲပေးခဲ့မိတယ် မဟုတ်လား…။ အဲဒါ ...င့်အချစ်တွေအားလုံးကို ဩရစိုးလက်ထဲထည့်ပေးလိုက်သလို ဖြစ်သွားတာ…။ အတိတ်၊ နမိတ်ဆိုပါတော့ဟာ…ငါ တစ်ခါ ...ည်း ဟောလိုက်မယ်။ နင်နဲ့ဩရစိုး ချစ်သူဖြစ်ကြဦးမှာဟ…။ ...တ လုံး၀ ဟဲဗီးဒရမ်မာ….ပဲ"

"ဟင်…"

စိမ့်သီတာစကားကြောင့် ၀င့်ရှင်မျိုး မျက်လုံးအ၀ိုင်း ...း ဖြစ်သွားရလေပြီ။ ဒီမိန်းမက ဗေဒင်ဆရာတွေ လက်ဖျား

www.burmeseclassic.com

www.burmeseclassic.com



ရွှေသီးတာအားကျပြီး ဟောခန်းဖွင့်ဖို့အထိ ဗေဒင်ပညာနဲ့ နဝင်းစီးပညာကို တစိုက်မတ်မတ် လေ့လာလိုက်စားနေတာ…

ဘုရားရေ…သူပြောသလိုများ ဟုတ်နေလေမလား…။

"နင်ကလည်းဟယ်…မိပျိုး ရှော့ခ်အရိုက်ခံနေရပါ တယ်ဆိုမှ ဒီဗေဒင်ရူးက တမှောင့်…ဒီမယ် မိပျိုး…"

ဖြူပြာခင်က သူမကို ခေါ်လိုက်တယ်ဆိုရင်ပဲ သူမ လည်း စိတ်ရှုပ်ထွေးစွာဖြင့်…

"ဟင်…"

"နင် ဩရစိုးအကြောင်းကို ဘာလို့ နေသွင်ညိုကို ဖွင့်မပြောရသေးတာလဲ။ နင်တို့ချစ်သူနှစ်ယောက်က တစ်ယောက်နဲ့တစ်ယောက် ရိုးရိုးစင်းစင်းဆက်ဆံနေကြပဲ…။ နင် ဒီကိစ္စကို ဖွင့်ပြောလိုက်သင့်ပြီနော် သူငယ်ချင်း…"

"ငါက ဩရစိုးအကြောင်းကို မောင့်ကို ဖွင့်ပြောစရာ မလိုအောင်ကို ကိစ္စသေးသေးအဖြစ်နဲ့ ရှိခဲ့ချင်တာ…စောစော က စိမ့်ပြောသလိုပေါ့…။ ကောင်းပြီ အဲဒါ ငါ့အမှား။ အဲဒီ စာအုပ်ကြောင့် ငါ့နာမည်၊ ငါ့အလုပ်အကိုင်နဲ့ နေရပ်လိပ်စာ သူသိသွားတယ်။ ငါခံပြင်းနေတာ ဘာ့ကြောင့် ကျားရှေ့ကျူး ငါ မှောက်ရက်လဲခဲ့ရတာလဲ။ ဘာ့ကြောင့် သူ့ရှေ့ကျမှ ငါ့ကားက ပျက်ခဲ့ရတာလဲ…။ အဲဒီမှာတင် ပြဿနာတွေက ရှင်းလို့ မရနိုင်လောက်အောင်အထိ ဖြစ်ကုန်တာ…။

"ငါ ပြောပြီးပါပကော…နင့် အချစ်တွေ အားလုံး ဩရစိုးလက်ထဲ ထိုးပေးလိုက်သလို ဖြစ်ကုန်တာပါဆို…"



"အရေးထဲ…ဗေဒင်ရူးက တမှောင့်…"

"အေး…ပြီးတော့မှ မုန်လုချည့်ဆိုပြီး…ငါ့လာ အား မကိုးနဲ့နော်…"

"ဟဲ့…နားထောင်စမ်း…ရှေ့မှာ အသံတွေကြားတယ် ဘုရားပွဲလှည့်လာကြတာများလား"

"မဟုတ်ဘူးဟ…အသံတွေကတော့ ကယ်ရဆင်းဂင်း လှည့်လာတဲ့ အသံတွေလိုမျိုးပဲ…ခရစ္စမတ်နားလည်း မနီးသေး ပါဘူး…"

"လာ…ငါတို့ ဝရန်တာ ထွက်ကြည့်ရအောင်…"

"အေး…"

ဝရန်တာရောက်တော့ သူမတို့ သူငယ်ချင်းသုံးယောက် ပါးစပ်အဟောင်းသား ဖြစ်ကုန်ကြရတော့၏။

ဆပ်ကပ်(စ်)တွေထဲကလို ပြင်ဆင်လာကြတဲ့ လူရွှင် တော်သုံးဦးဟာ သူမတို့ သူငယ်ချင်းတသိုက် ထွက်လာ တာကို အသိအမှတ်ပြုဟန်နဲ့ ဦးထုပ်ကလေးတွေချွတ်ပြီး ကိုယ်ကို ရို့ပေးလိုက်ရင်း သီချင်းအသစ်တစ်ပုဒ်ကို တီးခတ်ဖျော်ဖြေရန် ပြင်ဆင်လိုက်ကြသည်။

တစ်ယောက်က ဂစ်တာပိစိကွေးလေးတီးလို့။ နောက် တစ်ယောက်ကတော့ အကော်ဒီယံလို ခပ်သေးသေး တူရိယာ လေးနဲ့…။

"ဟယ်…ဒီသီချင်းကို ငါသိပါတယ်။ အဲ…မိုက်လို့ ချည်လား…အင်္ဂလိပ်လို ဆိုတာတော့ အဟီ…"

www.burmeseclassic.com

www.burmeseclassic.com



"အေးဟ..ဒီလူရှင်တော်သုံးယောက် ငါတို့သုံးယောက်ထဲက ဘယ်သူ့ကို လာချိန်တာလည်း မသိဘူး အဟီး..."

"မိမျိုးအိမ်ရှေ့ လာတီးကြတာဆိုတော့ မိမျိုးကိုနေမှာပေါ့..."

"အာ...ဒါသူ့လက်ချက်လဲ ငါစဉ်းစားနေတယ်...အသာနေကြစမ်းပါ"

သီချင်းက အင်္ဂလိပ်သီချင်းကလေးပါ...။

နုနုညံ့ညံ့စာသားလေးတွေနဲ့ ရေးဖွဲ့သီကုံးထားတဲ့သီချင်းဖြစ်ပြီး လူရှင်တော်လို ဝတ်စားပြင်ဆင်လာကြတဲ့ လူသုံးယောက်ဟာလည်း အဆိုရော၊ အတီးပါ အတော်ကို ကျွမ်းကျင်ပိုင်နိုင်ပုံ ရလေသည်။

"အဲဒီ သီချင်းလေးကို ငါ ဟိုးအရင်ကတည်းက ကြွေတာဟ...။ So I have to say I Love you in a song... တဲ့...ပါးစပ်က ပြောမထွက်တဲ့ စကားတွေကို သီချင်းလေးနဲ့ပဲ ထည့်ပြောလိုက်ပါတယ်ပေါ့ဟာ..."

"မိုက်တယ်နော်...။ ဆိုသွားတာလည်း လုံးဝ feel ပဲ..."

ဒီလူရှင်တော်သုံးယောက် ဘာ့ကြောင့် ဒီအိမ်ရှေ့လာပြီး ဒီသီချင်းဆိုရတယ်မှန်း သူမတို့ မသိသော်ငြား သီချင်းလေးထဲ လုံးဝ နစ်ဝင်သွားကြတာတော့ သေချာသည်။

ဒါ ဘယ်သူ့လက်ချက်လဲ...။

ဘယ်သူ့ကို ရည်ရွယ်နေတာလဲ...။



ချပြသွားတာ လုံးဝကို တခမ်းတနား ဆန်လွန်းလှသည်။

ဝင့်ရှင်ပျိုး မျက်လုံးထဲမှာတော့ သူမဘာဝကို ညို့ရီရီနဲ့ ခပ်ရှုရှုကလေး ဝင်ရောက်လာတဲ့ ဩရစိုးဆိုသူကို တစ်ချက်မြင်ယောင်သွားလိုက်မိသေးသည်။

"အဲ...မိပျိုး...မိပျိုးရေ...နောက်ထပ် အစီအစဉ်အသစ်တစ်ခုဟေ့...လူရှင်တော်သုံးယောက် ကားထဲဝင်သွားပြီ..။ ဘာလုပ်ပြမလို့လဲ မသိဘူး..."

ဟုတ်ပါသည်။

"So i have to say i love you in a song" သီချင်းလေးလည်းပြီးရော လူရှင်တော်သုံးယောက်သား သူတို့စီးလာသည့် တိုယိုတာအဲလ်ဖရက်ကားကြီးထဲ ခဏဝင်သွားပြီး သိပ်မကြာခင်ပင်....

"ဟင်..."

"အဲ..."

"ဟာ...မိပျိုး...ပစ်မှတ်က နှင်မှန် စစ်စစ်ဟေ့.."

* * *

www.burmeseclassic.com

www.burmeseclassic.com

## အခန်း(၁၂)

ဝင့်ရှင်ပျိုး ရှက်လည်းသွားရသလို အရမ်းလည်း အံ့အား သင့်သွားရချေပြီ။ ကားထဲကနေ လူရွှင်တော်တွေလည်း ပြန်ထွက်လာရော ပူဖောင်းလုလုလေးများနှင့် ချည်နှောင်ထား သည့် I Love You Pyoe ဆိုသည့် စာတန်းတစ်ခုကို မြင်တွေ့ လိုက်ရ ခြင်းကြောင့် ဖြစ်၏။

"ဟ…ဟ‥လုပ်တယ်ဟေ့…I Love You Pyoe ‥တဲ့။ မိပျိုး…"

အဆိုပါ စာတမ်းမှာ ဒီဇိုင်းဆရာကောင်းကောင်းနှင့်အပ် ထားသဖြင့် အဝေးကနေ ကြည့်ရှုနေသည့် သူမတို့ မျက်လုံးထဲ မှာပင် အတော်လေးလှနေသည်။

အဆိုပါ လူရွှင်တော်သုံးယောက်မှာလည်း (တစ် ယောက်ယောက်က အမိန့်ပေးထားတာကို တသွေမတိမ်းလိုက် နာနေသည့်ပုံစံနှင့်) စာတန်းပါ မိုးပျံပူဖောင်းအတွဲလိုက်ကြီးကို ဟာသအမူအယာလေးများနှောကာ သူမတို့ကို မြင်အောင်ပြသ



ပြီးကာမှ မိုးပေါ် တင်လွှတ်လိုက်လေ၏။

တက်သွားလေပြီ…။

I Love You Pyoe ဆိုသည့် စာတန်းကလေး၊ မိုးပျံပူ ဖောင်းကလေးများနှင့်အတူ မိုးပေါ်သို့ ပျံတက်သွားရချေတော့ သည်။

"တောက်…"

သူမ ပျစ်ပျစ်နှစ်နှစ် ဆဲရေးလိုက်ပြီး ဩရစိုးဆီ ဖုန်း ဆက်စဉ် သူငယ်ချင်းနှစ်ယောက်က ဝိုင်းတားကြ၏။

"ဟဲ့…ဟဲ့‥နေဦး‥ဒီလုပ်ရပ်အတွက် ကိုဩရစိုးကို နင်စွပ်စွဲလိုက်တော့ မလို့လား"

"အေးလေ‥သူကလွဲပြီး ဘယ်သူရှိဦးမှာလည်း‥"

"ဟာ…စဉ်းစားပါဦး‥တစ်ဖက်က ဝိဝိရိရိလုပ်ပြသွား တာနော်…နင်ပေါက်ကွဲတာက အရမ်းကြီး ကမူးရှူးထိုးဆန် လွန်းတယ်‥။ နောက်ပြီး ဒါ ဩရစိုးလက်ချက်ပါလို့ စွပ်စွဲရ အောင် နင့်မှာ ဘာသက်သေရှိလို့လဲ…"

"စဉ်းစားပါဦး မိပျိုးရယ်…အဲဒီ လူရွှင်တော်သုံး ယောက်ထဲက တစ်ယောက်ယောက်ကများ နင့်ကို ပရိုပို့(စ်)လုပ် ထားသလားလို့…"

"ဗေဒင်ရူးမ…ငါ ထ ဆဲမိတော့မယ်…"

သူငယ်ချင်းတွေ တားဆီးနေသည့်ကြားမှ ဩရစိုးထံ သူမရအောင်ဖုန်းဆက်လိုက်မိပါသည်။

ဒါ…ဩရစိုးကို သူမ ပထမဆုံးခေါ်မိတဲ့ ဖုန်း ဆက်

www.burmeseclassic.com

www.burmeseclassic.com



သွယ်မှုတစ်ခုပါ။ ဖုန်းစခေါ်ခေါ်ခြင်း ပထမဆုံး ကြားလိုက်မိတဲ့ Ringtone ကလည်း စောစောတုန်းက လူရွှင်တော်သုံးယောက် သီဆိုသွားကြတဲ့ So i have to say i love you in a song သီချင်းပါပဲ…။

သေချာပြီပေါ့…။ သူများ အိမ်ရှေ့ ပေါက်တတ်ကရ လာလုပ်ဖို့ နောက်ကွယ်က ကြိုးကိုင်စီစဉ်ခဲ့သူဟာ ဩရစိုးကလွဲပြီး ဘယ်သူများ ဖြစ်နိုင်ဦးမှာလဲ…။

ဟော..ဖုန်းဝင်သွားပြီ…။

"ဟဲလို…"

"ဟုတ်ကဲ့…ကိုဩရစိုးလား…"

"မျိုး…ပြောလေ…"

မျိုး..တဲ့။ ရင်ထဲကနေ လေးလေးနက်နက်နဲ့ ခေါ်ဆိုလိုက်တဲ့ တစ်ဖက်လူရဲ့ ခေါ်သံကြောင့် သူမရင်ထဲ လျှပ်စစ်ဓာတ်တွေ စီးဆင်းသွားသလို တစ်မျိုးဖြစ်သွားရသည်။

"ရှင် ဘာတွေ လျှောက်လုပ်နေတာလဲ…"

"ကိုယ်ဘာမှ လျှောက်မလုပ်ပါဘူး…အခု ရုံးခန်းထဲမှာလေ…"

သူမဘက်က ဒေါသနဲ့လေသံအတက်အကျ မတည်ငြိမ်သလောက် သူ့ဘက်ကတော့ အားလုံး တည်တည်ငြိမ်ငြိမ်ပင်…။

"ရှင် သိရက်နဲ့ မသိချင်ယောင်ဆောင်မနေပါနဲ့…။ ကျွန်မ အိမ်ရှေ့ကို လူရွှင်တော်သုံးယောက်လွှတ်ပြီး ပေါက်တတ်ကရတွေ လျှောက်လုပ်ခိုင်းထားတာ ရှင့်စနက်မဟုတ်လား"



"ဟုတ်တယ်…။ ဒါပေမယ့် ပေါက်တတ်ကရတော့ မဟုတ်ဘူး။ ကိုယ် ဂစ်တာတီးပြီး သီချင်းမဆိုတတ်ဘူး။ ဒါ့ကြောင့် သီချင်းအဆိုကောင်းတဲ့ သူတို့သုံးယောက်ကို ငှားပြီး ကိုယ့်ကိုယ်စား မျိုးအိမ်ရှေ့မှာ သီချင်းသွားဆိုခိုင်းတာ…"

"ဟာ…ရှင်…ရှင် ဘယ်လိုလူကြီးလဲ…"

"ဘယ် လူပျိုလူလွတ်မဆို လွတ်လပ်တဲ့ ဘယ်မိန်းကလေးတစ်ယောက်ကိုမဆို ရင်ခုန်စွာချဉ်းကပ်ပိုင်ခွင့်ရှိတယ် မျိုး…။ ဒါ…ကိုယ့် အခွင့်အရေးပဲ…"

နားထဲ…၊ ရင်ထဲ..၊ အသည်းထဲအထိ တဒိုင်းဒိုင်းနဲ့ ရောက်လာတဲ့ သူ့ရဲ့အပြင်းစား စကားတွေ…။

"ရှင့် လူတွေကို ပြန်ခိုင်းလိုက်တော့နော်…။ ကျွန်မခဲနဲ့ပေါက်မိလိမ့်မယ်"

"အိုကေ…သူတို့ မိုးပျံပူဖောင်းတွေ လွှတ်ပြီးပြီလား…။ ကိုယ်မျိုးကို မြင်စေတွေ့စေချင်တဲ့ စာတန်းတစ်ခု သူတို့ မျိုးကို မြင်အောင် ကြိုးစားပြီးပြီလား…။ အဲဒါဆို သူတို့ ပြန်ကြပါ လိမ့်မယ်…"

အောင်မာ…။ လာလာချည်သေး…။

ဒါ…သာမန်အညတြ မိန်းကလေးတစ်ယောက်ကို ပြုမူဆက်ဆံလိုက်တဲ့ သူဌေးတစ်ယောက်ရဲ့ ရိသဲ့သဲ့လုပ်ရပ်တစ်ခုပေါ့လေ…။

မိန်းမတစ်ယောက်ကို ချဉ်းကပ်တဲ့ပုံက တစ်စက်ကလေးမှ ထောင့်မကျိုး…။ သူ့ကို ရင်ခုန်ဖို့ နေနေသာသာ ဒေါသ

www.burmeseclassic.com

www.burmeseclassic.com



တွေပဲ အလိပ်လိုက် ထွက်လာသည်။

"ကျွန်မ ဒီလိုလုပ်ရပ်တွေ မကြိုက်ဘူး...။ ဘာ အဓိပ္ပာယ်နဲ့ ရှင်ဒီလို လုပ်နေတာလဲ"

"အဓိပ္ပာယ်က တစ်ခုတည်းပါ..။ ကိုယ်မင်းကို အရမ်း ချစ်နေလို့ပေါ့...။ ကိုယ်လွယ်လွယ်ကူကူနဲ့ ဖွင့်ပြောလိုက်တာ မဟုတ်ဘူးနော်...။ မင်း မေးလာလို့ ဖြေလိုက်တာပါ ပျို...ကိုယ်ပျိုးကို အရမ်းချစ်နေပြီ..."

မိုးကြိုးသွားထက် ပြင်းထန်စူးရှလှတဲ့ ယောကျ်ားတစ်ယောက်ရဲ့ ထိထိမိမိ စကားတစ်ခွန်း...။

နှုတ်ဆိတ်ဆွံ့အစွာနှင့် သူမ မှင်တက်သွားခဲ့....။ ဒေါသနဲ့ ကျစ်ကျစ်ပါအောင် ဆုပ်ထားတဲ့ ဟမ်းဖုန်းကို မွေ့ယာပေါ် ပစ်ပေါက်ပစ်လိုက်....

သူငယ်ချင်းနှစ်ယောက် သူမထံ ပြေးလာကြ...။

"ဘာ...ဘာတဲ့လဲဟင်...မိပျိုး...ငါ နှင့်ကို ပြောတယ်။ ဒေါသထွက်တုန်း ဖုန်းမဆက်ပါနဲ့လို့..."

"သူ...သူငါ့ကို ရည်စားစကားပြောသွားတာဟ..။ ခံစားရခက်လိုက်တာ..။ အီး..."

စိတ်ရှုပ်ထွေးစွာဖြင့် သူမ ချုံးပွဲချကာ အော်ငိုပစ်လိုက်မိပါတော့၏။

...

# အခန်း(၁၃)

"တိတ်ပါဟာ..နင်ကလည်း...မိန်းမ မဟုတ်တာကျနေတာပဲ..။ မိန်းမတိုင်း ရည်းစားစကားအပြောခံရတာနဲ့ ဘယ်လွတ်ပါ့မလဲ...တကတဲ....သူ့ အသားပုံပါသွားတာကျလို့..."

"အဲဒါကြောင့် နင့်ကို ပြောတာ...အဲဒီလူကြီးကို ဒေါသနဲ့ မတုန့်ပြန်ပါနဲ့လို့။ သူ့ ကြည့်ရတာ သူလိုချင်တဲ့အရာတစ်ခုကို သေွးအေးအေးနဲ့ စနစ်တကျ ယူတတ်မယ့်ပုံကြီး...အခုပဲကြည့် လေ...။ နင့်ဆီကို သူ တကူးတက ဖုန်းခေါ်ပြီး ရည်းစားစကား ပြောသွားတာမဟုတ်ဘူး..။ နင့်ရဲ့ ပျော့ကွက်ဟာကွက်ကို စောင့်ပြီး သူ့အခွင့်အရေးသူ အသုံးချသွားတာ.."

"ငါ သူ့ကို အရမ်းမုန်းတာပဲ...။ အရမ်းကို မုန်းတာ"

ဟုတ်တယ်။ အရမ်းကို မုန်းတာ...။

လောကမှာ အမုန်းဆုံးကတော့ သူများချစ်သူနှင့်ယောက်ကြားဝင်တတ်တဲ့ လူစားမျိုးကိုပဲ...။

ညို့ရီရီ နိုင်လွန်းတဲ့ သူ့ အကြည့်တွေ၊ မထိတထိ

www.burmeseclassic.com

www.burmeseclassic.com



ပြောတတ်ဆိုတတ်တဲ့ စကားတွေ၊ ရိုဝေဖမ်းစားနိုင်လွန်းတဲ့ သူ့ အမူအယာတွေ…။ အို…ဖြစ်နိုင်ရင်အားလုံးကို ဆွဲထုတ်ပြီး အမှိုက်ပုံတစ်ပုံထဲ ပစ်ထည့်ပစ်လိုက်ချင်တော့သည်။

"သူငယ်ချင်း…။ သူက အရမ်း ညို့အားပြင်းတဲ့ ယောကျ်ားတစ်ယောက်နော်။ နောက်ပြီး အရမ်းလည်း ချမ်းသာတယ်။ နင့်ကို ချဉ်းကပ်တဲ့ပုံစံတွေကလည်း နည်းနည်းအထက်စီးဆန်တယ်လို့ ကောက်ချက်ချလို့ ရနိုင်ပေမယ့် တခမ်းတနားဆန်လွန်းတယ်။ ငါ အကြံပေးချင်တာက မုန်းတာကတော့ မုန်း…အရမ်းကြီး အလွန်အကျွံတော့ မမုန်းမိစေနဲ့…။ အလွန်အကျွံ မုန်းတီးခြင်းနဲ့ နူးညံ့သိမ်မွေ့တဲ့ အချစ်နယ်မြေကြားမှာ အလွှာပါးလေးတစ်ချပ်ပဲ ခြားထားတယ်လို့ ဆာဒူးကြီးတွေရေးတဲ့ ရှေးဟောင်းအိန္ဒိယ အချစ်ဗေဒကျမ်းတွေထဲမှာ ငါဖတ်ဖူးတယ်"

စိတ်ညစ်ရတဲ့ကြား ဒါတွေက တမျှောင့်။

ဒါနဲ့ သူမလည်း မျက်ရည်တွေရော၊ နှပ်တွေပါ ထွက်နေတဲ့ ကြားကနေ ကုန်းကျုံးအော်ပစ်လိုက်မိလေတော့သည်။

"ဗေဒင်သောက်ရူးမက တမျိုး…။ နင်က ဒါတွေ သိနေရအောင် ဆာဒူးကြီး အချစ်ကို ခံဖူး…လို့…လား…"

"ဩော်…လက်တွေ့တော့ ဘယ်ခံဖူးမလဲ…။ စာတွေ့တော့ အကုန် 'ခံ' ဖူးတာပေါ့ဟ…။ အဲလေ…။ စာတွေ့တော့ ကျွမ်းတာပေါ့ဟ…။ ပြစမ်း…နင့် လက္ခဏာ…"

ကိုယ်က လက်ဖဝါးဖြန့်မပေးရသေး။ ကိုယ့်လက်ကို အတင်းကြီးဆောင့်ဆွဲသွားပြီး…။



"အချစ်ရေး နှစ်ခွဖြစ်နေတာ တွေ့တယ်။ နင် သတိထားနေတော့…ကို ဩရစိုးကို နောက် ဘယ်တော့မှ ဒေါသနဲ့ မတုန့်ပြန်မိစေနဲ့…"

"အေးပါ…စောစောကလည်း ငါ ဒေါသနဲ့ တုန့်ပြန်တာရယ်တော့ မဟုတ်ပါဘူး။ ဒါပေမယ့် သူ ဒါမျိုး မလုပ်ရဘူးလေဟာ…ငါ့ သိက္ခာလည်း ထည့်တွက်ပေးသင့်တာပေါ့။ မတော်လို့ ငါ့အမေ အပေါက်ကြားကနေ ချောင်းကြည့်တာနဲ့ အဲဒီကိစ္စ မြင်သွားရင် ဘယ့်နှယ့်လုပ်မတုန်း…"

"နင့် အမေ အခုလောက်ဆိုတောင် ချောင်းကြည့်ပြီး နေပြီလား မသိဘူး…။ အဟီးဟီး"

စိတ်ညစ်လက်လက်ညစ်ဖြစ်နေရင်းမှ သူငယ်ချင်း သုံးယောက် ရယ်မောမိကြသေးသည်။

နောက်တော့မှ ဖြူပြာခင်က…

"အေး…အဲဒါလည်း ငါနင့် သတိပေးမလို့…ဖြစ်နိုင်ရင် နင့်ကို ကိုဩရစိုးကြွေနေတဲ့အကြောင်းတွေ နင့်အမေတွေ အဖေတွေ မသိအောင် သတင်းအမှောင်ချထား…။ လူကြီးမိဘတွေဆိုတာ သိတဲ့အတိုင်းရယ် အသက်ကြီးလာရင် ငွေပိုမက်လာကြတာ ထုံးစံပဲ။ တော်ကြာ နေသွင်ညိုရဲ့ ရိုးသားမှုထက် ဩရစိုးရဲ့ ငွေနံ့က ပိုမွှေးသွားနေဦးမယ်။"

"ဟုတ်တယ်…နင်ပြောတာ ငါလက်ခံတယ် ဖြူပြာ…။ ငါ့အဖေငယ်ငယ်က သူ့အခုစီးနေတဲ့ alfa remeo ကြီး သိပ်စီးချင်တာလေ။ ငါ့အဖေမက်တဲ့ လူငယ်တစ်ယောက်ရဲ့

www.burmeseclassic.com

www.burmeseclassic.com



အိပ်မက်ထဲမှာ alfa remeo ကြီး စီးရရေးလည်း တစ်ခုအပါအဝင် ဖြစ်ခဲ့ဖူးတယ်..''

''အဲဒါကြောင့် ပြောတာပေါ့..။ ကိုသြရစိုးက မိန်းကလေးတွေအတွက်တော့ အိပ်မက်ထဲက ရွှေမင်းသားပါလို့..။ ဒါတောင် နင်မို့လို့ တင်းခံနေနိုင်တာ တခြားမိန်းကလေးတစ်ယောက်သာဆို အခုအချိန် လက်ရှိရည်းစားပစ်ပြီး သြရစိုး နောက်ကောက်ကောက်ပါ ပြီးပြီ...''

''အာ...မောင့်ကို ငါ ဘယ်သူနဲ့မှ မလဲနိုင်ပါဘူး..''

''ဒါဆိုလည်း နင့်ကမ်းရိုးတန်းမှာ မုန်တိုင်းတစ်စင်းဝင်နေပြီဆိုတာ ချစ်သူကို သံချောင်းခေါက်လိုက်တော့..''

''ဟုတ်တယ်...ငါ ဒီကိစ္စမောင့်ကို အသိပေးမှ ဖြစ်တော့မယ်။ ပြဿနာက သေးမလိုနဲ့ တစတစကြီးလာပြီ...''

''အိုကေ...အဲဒီအကြောင်းတွေ ထားလိုက်တော့။ မေ့လိုက်တော့။ ဟို လူရွှင်တော် သုံးယောက်လည်း အခု ရှိတော့တာမှ မဟုတ်တော့တာ။ လာ ငါတို့သီချင်းလေးဘာလေး နားထောင်ရအောင်...။ ချယ်နယ် ဗွီ ဖွင့်မယ်...''

အဲဒီလိုနဲ့ သူငယ်ချင်းသုံးယောက်သား နေကြာစေ့ တဖျှတ်ဖျှတ်ကိုက်ဝါးရင်း အင်တာနေရှင်နယ် ပေါ့ပ်သီချင်းတွေ တစ်ပုဒ်ပြီးတစ်ပုဒ် နားထောင်ကြည့်ရှုလာကြရာ...

အချိန်တော်တော်ကြာတော့မှ ဝင့်ရှင်ပျိုး သူမရဲ့ ဖုန်းကို Silent လုပ်ထားမိမှန်း သတိရသွားပြီး တယ်လီဖုန်းကို ကောက်ကိုင်လိုက်စဉ်...



''ဟင်...''

ထပ်မံ၍ မျက်လုံးအဝိုင်းသား ဖြစ်သွားရပြန်ပါတော့၏...

''မိပျိုး...ဘာဖြစ်ပြန်ပြီတုံး..''

''ဟောဒီမှာ..ကြည့်ကြစမ်း...''

သူငယ်ချင်းမ နှစ်ယောက်စလုံး သူမဟမ်းဖုန်း display ကို တစ်ချက်ကြည့်ရှုလိုက်ရုံနှင့် လက်ဖျားခါထွက်သွားကြရလေတော့၏...။

...101 missed called...

''အား...သြရစိုးရဲ့ Missed called တွေချည်းပါပဲလား။ တစ်ရာတစ်ကြိမ်တောင် ခေါ်သွားတာ..။ အားပါးပါး..''

ဖြူပြာခင်ရဲ့ ကြောက်လန့်တကြားစကား...။

www.burmeseclassic.com

www.burmeseclassic.com

# အခန်း(၁၄)

ဩရစိုးအကြောင်း မောင့်ကို ဖွင့်ပြောဖို့ကိစ္စက သူမ ထင်ထားတာထက်တောင် ပို၍ခက်ခဲလို့ နေပြန်သည်။

စောစောကပဲ ကြည့်…။

အင်းယားကန်ဘောင်မှာ နှစ်ယောက်သား ခြေဆင်းထိုင် ကြရင်း၊ ရောက်တတ်ရာရာတွေ ပြောဆိုလာရင်းကနေ ဖြန်း စားကြီး ဩရစိုးအကြောင်း ပြောချပစ်လိုက်ဖို့ သူမကြိုးစားရာ လုံး၀ မအောင်မြင်ခဲ့…။

ညင်ညင်သာသာတိုက်ခတ်နေတဲ့ လေနုအေးလေးတွေ ရော၊ ဆည်းဆာအလှတရားကရော၊ နောက်··ကလေး တစ်ယောက်လို ပကတိ ရိုးသားကြည်စင်နေတဲ့ မောင့်ရဲ့မျက်နှာ အရိပ်အယောင်တွေကပါ လည်ချောင်း၀အထိ ခက်ခက်ခဲခဲ သယ်ဆောင်လာတဲ့ ဩရစိုးအကြောင်းတွေကို ပါးစပ်အထိ ရောက်မလာစေရန် ပိတ်ဆို့ ကာဆီးထားသလို ဖြစ်နေသည်။

ဒီအကြောင်း ဖွင့်ပြောလိုက်ရင် မောင်အားများငယ်



သွားမလား။ ဒါမှမဟုတ် သူမအပေါ် သံသယတွေ ဖုံးလွှမ်း ကုန်ပြီး အေးအေးချမ်းချမ်းရှိလှတဲ့ ချစ်သူဘ၀ရဲ့ image တွေ ပျက်စီးကုန်မှာလား…။

အမျိုးမျိုး စဉ်းစားလေ·· ပြောဖို့ ခက်ခဲလာလေလေ ပင်…။

မဟုတ်သေးဘူး··။ ပြောတော့ ပြောရလိမ့်မယ်··။

ဒီလို နေရာမှာ ပြောမထွက်ရင် လူရှုပ်ရှုပ်လမ်းထဲ ရောက်မှ ပြောရရင်ကောင်းမလား…။

"မောင်…"

"ဟင်…"

"မျိုးတို့ တရုတ်တန်းသွားရအောင်…"

"သွားလေ…။ ဒီအချိန် ကားမောင်းရင် နည်းနည်း တော့ ကျပ်မယ်ထင်တယ်။ မျိုး တရုတ်တန်းမှာ ဘာလုပ်စရာ ရှိလို့လဲ…"

"ဘာမှ လုပ်စရာတော့ မရှိပါဘူး…။ မောင့်ကို ဖွင့် ပြောစရာ တစ်ခုရှိလို့…"

"ဟောဗျာ…။ ဖွင့်ပြောတာပဲ…။ ဒီမှာပြောလည်းရ တာပဲ…။ တရုတ်တန်းကျမှ ဖွင့်ပြောချင်တယ်ဆိုရင်တော့ ကြေး အိုးညာကျွေးနိုင်းမလို့နဲ့ တူတယ်…"

မောင်ကတော့ အကောင်းမြင်စိတ်ဓာတ်ရှိသူပီပီ သူ့ချစ် သူမှာ အန္တရာယ်တစ်ခုကျရောက်နေပြီမှန်း လုံး၀မရိပ်မိသေးဘဲ နောက်ရွှတ်ရွှတ်တွေသာ ပြောနေလေတော့၏။

www.burmeseclassic.com

www.burmeseclassic.com



"အာ…မဟုတ်ပါဘူး။ မောင်ကလည်း ပျိုးကိုများ ကလေးကျလို့…"

"အင်း…မောင့်စိတ်ထဲမှာတော့ ပျိုးက ကလေးလေး လိုပဲ..။ တခါတလေကျတော့လည်း အရမ်းချစ်စရာကောင်း တယ်။ တစ်ခါတလေကျတော့လည်း သူ့ စိတ်မထင်ရင် မထင် သလို အာပြဲကြီးနဲ့ လျှောက်အော်တတ်တာ။ ဘာလေးမှန်းကို မသိဘူး…"

ဒီတစ်ခါတော့ အာပြဲကြီးနဲ့ပြောဖြစ်မယ် မထင်ပါဘူး မောင်။ …မောင်ခံစားသွားရမှာကို စိုးရိမ်တဲ့ လေသံနဲ့ပဲ ပြောဖြစ် မှာပါ…။

အင်းယားလမ်းကနေ ပြည်လမ်း ဂုံးကျော်တံတားကြီး အတိုင်း ကားကို မောင်းနှင်၊ ဟံသာဝတီအဝိုင်းကိုပတ်ပြီး ရွှေဂုံတိုင် မီးပွိုင့်'အနီ'အရောက်…။

ဖွင့်ပြောဖို့ ကြိုးစားဆဲ အခိုက်အတန့်လေးမှာပဲ…

"အစ်မရေ…စံပယ်ပန်းယူဦးမလား…။ ရွှေပန်း၊ ငွေ ပန်းလည်း ပါတယ်နော်…"

"အာ…"

သူမ အော်ဟစ်ပြီးပဲ ငိုပစ်လိုက်ချင်တော့သည်။

မောင်ကတော့ ဘာသိမှာမှတ်လို့…။ ကားရှေ့ခန်းမှာ ချိတ်ဖို့ဆိုပြီး…။

"ယူမယ်..ယူမယ်…စံပယ် နှစ်ရာဖိုးပေး…"ဟု ပြောကာ အချိန်ကောင်းရောက်တော့မှ လာနှောက်ယှက်လေတဲ့



စံပယ်ပန်းသည်ဆီက ပန်းတွေ ဝယ်နေလေတော့သည်။

"ဟောဒီမှာ…ဟောဒီမှာ…."

ဘေးက ဖွဲ့စည်းပုံအခြေခံဥပဒေ မူကြမ်းစာအုပ်ရောင်း တဲ့သူက တမျှောင့်။

သူမ ခေါင်းခါပြလိုက်တော့ နောက်စာအုပ်တစ်အုပ် ထောင်ပြလာပြန်သည်။

ကွန်ဒိုတိုက်ခန်းအရောင်း၊ အဝယ်၊ အငှား ဥပဒေ မူကြမ်း…။

လဲသာသေလိုက်ဟ…။

"ပျိုး…မီးစိမ်းနေပြီ…မောင်းတော့…"

"ဟင်..သြော်…အင်း…အင်း.."

ဟုတ်ပါ့…။ နောက်က ကားတွေလည်း ဟွန်းတီးကုန် ပြီ…။ ရန်ကုန်မြို့မှာ ဟွန်းမတီးရဆိုပေမယ့်လည်း ယာဉ်မောင်း သူတွေ မခံမရပ်နိုင်ဖြစ်လာတဲ့ကိစ္စတွေမှာတော့ ဒေါသ ဟွန်းသံ လေးတွေ ကြားရတတ်ပါသည်။

ဒီလိုနဲ့ လူစည်ကားရာ တရုတ်တန်းသို့ ရောက်သာ လာခဲ့သည်။ ပြောချင်တဲ့စကားက ပြောထွက်မလာ…။

"လာ…ပျိုးတို့ တရုတ်တန်း လမ်းဆင်းမလျှောက်ဖြစ် တာတောင် ကြာပြီ…။ လမ်းလျှောက်ရင်း စကားပြောကြ တာပေါ့…"

ကားကို လုံခြုံစိတ်ချရတဲ့နေရာ ရပ်နားထားခဲ့ပြီး ညစျေးတန်းတစ်လျှောက် မဟာဗန္ဓုလလမ်းမပေါ် ချစ်သူနှင့်

www.burmeseclassic.com

www.burmeseclassic.com



လမ်းဆင်းလျှောက်ဖြစ်ကြ၏။

“မောင်ရော…ဟို အလုပ်အကိုင်တွေ အဆင်ပြေရဲ့လား…”

“ပြေပါတယ်..။ အတိုက်အခိုက်တွေကတော့ ရှိတာပေါ့ ဖျိုးရယ်…”

“ဟုတ်လား..ဘယ်လို အတိုက်အခိုက်တွေလဲ…”

“သြော်..မောင်က အသက်ငယ်ငယ်နဲ့ ဒီရာထူးနဲ့ဒီလစာရထားလို့ မောင့်အပေါ် အမြင်မကြည်လင်တဲ့ သူတွေကိုပြောတာပါ..”

“အင်းနော်…တချို့လူတွေကလည်း etiquette (လူ့ကျင့် ဝတ်) မရှိ ကြဘူးမောင်ရဲ့…”

အိုး…ဒီအထိတောင် စကားတွေ ရောက်ခဲ့ကြပြီးပြီ..။ ဩရစိုးအကြောင်း ဖွင့်ပြောဖို့ ဒီအချိန်ထက် ပိုကောင်းတဲ့အချိန်မရှိနိုင်တော့ဘူး။ အိုကေ..မောင့်ကို ပြောလိုက်တော့မယ်..။

“ဖျိုးလည်းလေ…မောင့်လိုပဲ…အခု etiquette သိပ်မရှိတဲ့…”

“ဟာ..ကြည့်စမ်း…ဟိုဆရာသမားလေး..။ ဟိုဆရာသမားလေးနော်…”

တိုက်ဆိုင်လွန်းလှချည်လား…။

ကြိုးစားပြီး ဩရစိုးအကြောင်း ဖွင့်ပြောခါနီးကျမှ လမ်းမှာတွေ့တဲ့လူတစ်ယောက်က မောင့်ကို ဝမ်းသာအားရ လာနှုတ်ဆက်လေပြီ။



သူ့ကြည့်ရတာ မောင့်အပေါ် အတော်လေး ဖက်လှဲတကင်းဖြစ်နေပြီး မောင်ကတော့ ဇဝေဇဝါပင်…။

“ကျွန်တော့်ကို မမှတ်မိဘူးလားဗျာ…။ ကျွန်တော်ကတော့ ကိုနေသွင်ညိုကို ဒီတစ်သက် မမေ့နိုင်ပါဘူး…”

“အာ..သိပြီ…ဟို အစ်ကို…ဟို အစ်ကိုနော်…”

“မင်းမင်းအောင်ပါ ခင်ဗျာ…”

ဒီတော့မှ မောင်က ချစ်သူဘက်…လှည့်လိုက်ပြီး…

“ဖျိုး…ဒါ…ဟိုတစ်ရက်က အက်စီးဒင့်ဖြစ်လို့ မောင်အကူအညီပေးခဲ့တဲ့သူလေ”

“ဗာလက်တိုင်းနေ့ပါဗျာ…မှတ်မှတ်ရရပါပဲ…။ အဲဒီနေ့မှာ ကိုနေသွင်ညိုရဲ့ အကူအညီကို ရခဲ့ရုံတင်မကဘူး…။ သွေးအလှူပါ ရခဲ့တာပါ…”

ဟင်း..။

မောင်ရေ…။ မောင် အကူအညီပေးလိုက်တဲ့ သူက မောင့်ချစ်သူကို သူ့စိမ်းတစ်ယောက် လုယူသွားလို့ရအောင် အခွင့်အရေးပေးသလို လုပ်နေတာ ဒါပါနဲ့ဆို နှစ်ခါတောင် ရှိနေပြီ မောင်ရဲ့..။

“ဒါ…ကျွန်တော့် ကောင်မလေးလေ..ဝင့်ရှင်ဖျိုး..တဲ့..ကိုမင်းမင်းအောင်…”

“နှစ်ယောက်စလုံး တွေ့ရတာ အရမ်းဝမ်းသာတယ်ဗျာ…။ ကိုနေသွင်ညိုရဲ့ကျေးဇူး ကျွန်တော် ဒီတစ်သက်မမေ့ပါဘူး…။ ကျွန်တော် ညစာလေးများကျွေးလို့ရနိုင်မလား…”

www.burmeseclassic.com

www.burmeseclassic.com



"မဟုတ်တာ။ ကျွန်တော်တို့က စားသောက်ပြီးပါပြီ။ အညောင်းပြေ အညာပြေလမ်းလျှောက်ကြတာပါ…"

သူများ ကျေးဇူးလွယ်လွယ်နဲ့ မယူတတ်တဲ့မောင်က တော့ အဲဒီလို မုသားပုစိကွေးလေးတွေသုံးပြီး ငြင်းနေကြပါပဲ…။

ဟင်း…ဒီနေ့အတွက်တော့ ဩရစိုးအကြောင်းလည်း ပြောဖြစ်တော့မယ်မထင်ပါဘူး။ ဗိုက်တွေလည်း တင်္ဂင်္ဂဆာနေပြီ…။ စိတ်တွေလည်း တိုနေပြီ…။

"ကောင်းပါပြီဗျာ…။ ကိုနေသွင်ညိုကို ကျွန်တော့်ကဒ်ပေးထားတယ်နော်…။ အခွင့်အရေးရရင် ပြန်ပြီးကူညီပေးချင်ပါသေးတယ်ဗျာ…။ ကျွန်တော် တတ်နိုင်တဲ့ဘက်ကများ အခက်အခဲတစ်ခုခုပေါ်လာရင် ဖုန်းလေးသာ ဆက်လိုက်ပါ…"

"ဟုတ်ကဲ့ပါဗျာ…ကောင်းပါပြီ…"

"ခွင့်ပြုပါဦးနော်…ဒီက ညီမ ခွင့်ပြုပါဦး…"

အဲဒီလူ ထွက်သွားတော့မှ မောင်က လေသံတိုးတိုးနှင့် "ဂုဏ်ရောင် construction က ကန်ထရိုက်တာလေ…။ မောင်လည်း သူ့လိပ်စာကဒ်ပေးမှ သိတာပါ…"

"သြော်…ဒါ့ကြောင့် လူရည်သန့်ထဲကလို့ ထင်တော့ ထင်သား။ မောင်…ပျိုးတော့ ဗိုက်ဆာပြီကွာ… တစ်ခုခု စားရအောင်…"

"ကောင်းသားပဲ…ထမင်းပေါင်းစားမလား…။ ဟိုရှေ့ကဆိုင်က ထမင်းပေါင်းကောင်းတယ်…"



"စားမယ်…"

"ပျိုး စောစောက စကားကို ဆက်ဦးလေ…"

"ဘာမှ မဟုတ်တော့ပါဘူး…။ ဒီလိုပါပဲ…"

"ဟောဗျာ မဟုတ်သေးပါဘူး…။ တစ်ခုခုပြောဖို့အတွက်ဆိုပြီး ကန်ဘောင်ကနေတောင် ဒီအထိလာခဲ့ပြီးတော့…"

"သြော်…စောစောတုန်းက မောင့်စကားထဲကလိုပါပဲ…။ etiquette မရှိတဲ့လူတွေကြောင့် တစ်ခါတလေ စိတ်ညစ်ရတယ် ဆိုတာ ပြောမလို့ပါ…"

"ဒါမျိုးတွေက ဘဝမှာ ခဏခဏဆိုသလို တွေ့တတ်ပါတယ်။ ခေါင်းထဲကနေ ထုတ်ထားလိုက်…"

ဟင်း…။ ဩရစိုးဆိုတာ အဲဒီလောက် ပေါ့သေးသေး လူတစ်ယောက်မှ မဟုတ်တာမောင်ရယ်။ မောင့်ကို ဘယ်လို ရှင်းပြရပါ့။

www.burmeseclassic.com

www.burmeseclassic.com

အချစ်...
ထိုမည်သော အရာသည်ကား
ကောက်ကွေ့မှုအပြည့် ဖွဲ့ယှက်ထား
အကောက်အကွေ့ ဘာတွေလဲ ရှာဖွေကြည့်
ယခုအထိ မည်သူမျှ မမြင်၊ မည်သူမျှမသိ...

W.B Yeats(1865-1939)

Brown Penny

www.burmeseclassic.com

www.burmeseclassic.com

## အခန်း(၁၅)

"အစ်မ ပြောလေ…ရွှေရောင်းမှာလား…"

"ဈေးကောင်းပေးဝယ်တယ်နော်…။ ခြောက်သိန်းကိုးသောင်းအထိ လိုက်တယ်…"

သူမ ခေါင်းခါပြသည်။ မရ…။

"ဒီနားမှာ ကျွန်တော့် အသိဆိုင်ရှိတယ်။ လာပါအစ်မရဲ့…။ အရောင်းအဝယ်ဖြစ်သွားအောင်လို့ပါ…"

ဒုက္ခပါပဲ…။

ငါ…ကိုက မှားတာ…။

ရွှေဘုံသာလမ်းဆိုတာ မိန်းကလေးတစ်ယောက်တည်းတောင် မလာသင့်တဲ့လမ်းလို့ ပြောရလေမလားမသိ…။

သင်လည်း မယုံရင် အဲဒီလမ်းထဲဝင်ပြီး ဟိုဆိုင်ရှာတာလိုလို၊ ဒီဆိုင်ရှာတာလိုလို မယောင်မလည်လေး တစ်ချက်လောက်သာ လုပ်ကြည့်လိုက်ပါ…။ 'အချဉ်တွေ့ပြီကွ' ဆိုတဲ့ ရုပ်တွေနဲ့ အဲဒီလို လေပွဲစားတွေ တသီကြီးနောက်ကနေ လိုက်



လာကြပါလိမ့်မည်။ အာရုံနှောက်ပြီး စိတ်ညစ်စရာလည်း ကောင်းလှသည်။

"ပြောပါ အစ်မ…အစ်မ ဘာရှာနေတာလဲ…။ အစ်မ ပြောမှ သိမှာပေါ့…"

"မျက်ကပ်မှန်လုပ်မလို့ဟ…။ ငါ ရွှေရောင်းမလို့ မဟုတ်ဘူး…"

"အာ…စောစောကတည်းက ပြောလေအစ်မရဲ့…။ မျက်မှန်လုပ်မယ်ဆိုရင်လည်း ကျွန်တော့် အသိဆိုင်ရှိပါတယ်။ လာပါ…လိုက်ပို့ပေးမှာပေါ့…"

"ဒီမှာ…ငါ မင်းရဲ့ အသိဆိုင်တွေ သွားချင်လို့ လာတာ မဟုတ်ဘူး…။ ငါ့နောက်ကို ဆက်လိုက်မလာနဲ့တော့နော်…။ ငါ့ဟာငါ အေးအေးဆေးဆေးနဲ့ တစ်ယောက်တည်း သွားချင်တယ်"

အဲဒီလို ပြောလိုက်တော့လည်း ကိုယ်ရှိန်သတ်မသွားချေ။

ပြောရမယ်ဆိုရင်တော့ ဒီလို လေပွဲစားတွေဟာ ရန်ကုန်မြို့ရဲ့ ကျိုးကန်းတွေလိုပင် သူတို့အစာကို သူတို့မြင်အောင် ကြည့်တတ်ကြသည်။

ကြိုက်ကြိုက်၊ မကြိုက်ကြိုက် အဲဒီလို နောက်ကနေ တကောက်ကောက်လိုက်ပြီး သူတို့ပိုက်ဆံရဖို့ အနှောက်အယှက်ပေးသလို လုပ်တတ်ကြသည်။ တချို့က စည်းရှိ၏။ 'ရွှေရောင်းဖို့ မဟုတ်' ဆိုလျှင် မလိုက်ကြတော့ တချို့ကျတော့ စည်းလွတ်ဝါးလွတ်ဆန်ဆန်။ မိန်းကလေးဖြစ်နေလျှင် ပိုလို့ပင် ဆိုးသေး

www.burmeseclassic.com

www.burmeseclassic.com



သည်။

"ကျွန်တော့် အသိဆိုင်က ဈေးသက်သာတယ်။ ပစ္စည်း မှန်တယ်။ ချက်ချင်းရတယ်"

သူမ မကြားဟန်ဆောင်ပြီး သွားလိုသည့်ဆိုင်လိုက်ရှာနေတော့ လေပွဲစားလည်း လက်လျှော့တော့မည်လို့ ဆုံးဖြတ်လိုက်ပြီး 'ငါးမရ ရေချိုးပြန်မယ်'ဆိုတဲ့အတွေးနဲ့ သူမလက်ဖဝါးကို တစ်ချက်ဖျစ်သွားလိုက်သည်။

"ချစ်စရာလေး"

"နင်...နင်...မိုက်ရိုင်းလှချည်လား.."

ရှက်စိတ်ကြောင့် သူမအသားတွေ တဆတ်ဆတ်တုန်လာသည်။

ထိုစဉ်...။

"ခွပ်..."

"အင့်..."

အနိုင်နဲ့ပိုင်းပြီး သူမအနားမှ လှည့်ထွက်သွားသည့် လေပွဲစားခများ ရုတ်တရက် ဝင်လာသည့် လက်သီးတစ်လုံးကြောင့် လုလုပပကလေး အနိုင်နဲ့ပိုင်းခွင့် မရလိုက်ရဘဲ နောက်သို့ ယက်ကန်ယက်ကန်ဖြစ်သွားရရှာလေတော့သည်။

"မင်းကို ငါ ကြည့်နေတာ ကြာပြီကွ။ သူ့အသားကို 'ထိ'တဲ့အဆင့်အထိတော့ ငါ သည်းမခံနိုင်ဘူး..."

"ဟင်..."

ကိုသြရစိုး...။ အို..ဇာတ်လိုက်ကြီးပါလား...။ ကြည့်စမ်း..။



ဒီနေရာမှာ သူသာရောက်မလာခဲ့ရင် ဝင့်ရှင်ပျို့ ရှက်စိတ်၊ ဒေါသတို့နှင့် ပစ်ပျက်ပြီး သေသွားမလားပင် မပြောတတ်ပါ...။

"ခ...ခ...ခင်ဗျား...ကျုပ်ကို ထိုးတယ်..."

"လာလေ...မကျေနပ်ရင် ယောက်ျားချင်း ရှင်းလို့ရတယ်။ လာစမ်းပါ...။ ဘာလို့ မိန်းကလေးတစ်ယောက် ဣန္ဒြေပျက်လောက်အောင် လုပ်ချင်ရတာလဲ..."

အမြဲတမ်း ညှို့ရီရီနိုင်လွန်းလှတဲ့ ယောက်ျားတစ်ယောက်ရဲ့ ဒေါသကို သူမ ဒီတစ်ခါသာ ပထမဆုံးမြင်တွေ့လိုက်ရသဖြင့် အံ့အားတသင့် ဖြစ်သွားရသည်။

သူ့ဘက်က ရဲရင့်ပြတ်သားသလောက် လေပွဲစားကတော့ဖြင့် ကြောက်။ နေရာမှ ထ,လစ်မည်ကြံရာ သြရစိုးက လေပွဲစားရဲ့ ကော်လံကို တစ်ချက်ဆောင့်ဆွဲထားလိုက်ရင်း...

"ခဏနေဦး..ဇောဇောက ကိစ္စအတွက် ဒီ မိန်းကလေးကို တောင်းပန်လိုက်"

"အို...ရပါတယ်.."

ကြာတော့ သူမ လေပွဲစားကို မျက်နှာပူပြီး အားနာလာမိသည်။

"ဟိတ်ကောင်...မင်းဘာကြောင့်ကြည့်နေတာလဲ...။ မင်းအမှားအတွက် မင်းပြန်တောင်းပန်ရတာ ဘာမှရှက်စရာမရှိဘူး။ တောင်းပန်လိုက်..."

"ကျ...ကျွန်တော်...တောင်း...တောင်းပန်ပါတယ် အစ်မ..."

www.burmeseclassic.com

www.burmeseclassic.com



ချုပ်ကိုင်ထားတဲ့ ကော်လံစကို လွှတ်ပေးလိုက်တယ်ဆိုရင်ပဲ လေပွဲစားတချိုးတည်းလစ်သွားရချေပြီ··။

အနီးအနားက ပလက်ဖောင်းပေါ်မှာ တာလပတ်စခင်းပြီး ခပ်ပေါပေါရောင်စုံကျောက်များ ရောင်းချနေသူများပင်ဩရစိုး လုပ်ရပ်ကို ဖြုံထွက်သွားကြလေတော့၏။

"ကျေး··ကျေးဇူး··ကိုဩရစိုး···"

"ထားပါ···ကိုယ်လိုချင်တာ ကျေးဇူးတွေ မဟုတ်ဘူး···"

"ဟုတ်···ဟုတ်ကဲ့···"

"နောက် ဒီလိုလမ်းမျိုး လာချင်ရင် တစ်ယောက်တည်းမလာနဲ့···။ မင်းရဲ့ ချစ်သူဆိုတဲ့ကောင်ကို ခေါ်လာခဲ့"

"အို··သူက ဒီအချိန် ရုံးတက်နေရတဲ့ဟာ···"

"ဘယ်သူမှ မရှိရင် ကိုယ့်ကို ခေါ်လို့ရတယ်။ အခုဘယ်သွားမှာလဲ ပြော···"

"····'···မျက်မှန်ဆိုင်ကိုပါ···။ မျက်ကပ်မှန်လုပ်မလို့ ကို····"

"လာ··လာ··ကိုယ်လိုက်ပို့ပေးမယ်···"

"အို···လွှတ်ပါ···"

မရတော့···။

သူမရဲ့ ညာလက်ဖဝါးလေးကို ပိုင်စိုးပိုင်နက် လှမ်းဆွဲလိုက်ပြီး ရှေ့ကနေ ထွက်သွားလေပြီ။

သူမမှာသာ ယက်ကန် ယက်ကန်···။

* * *

*စကြာဝဠာဟင်းလင်းပြင်မှာ Black Hole (တွင်းနက်)တွေ ရှိကြသလို...*

*လူ့ပတ်ဝန်းကျင်မှာလည်း Love Triangle (သုံးပွင့်ဆိုင်အချစ်)တွေ ရှိတတ်ကြတယ်။*

*ကြယ်တွေ၊ ဂြိုဟ်တွေ၊ အရန်လတွေဟာ တွင်းနက်တွေကို ရှောင်ချင်ကြသလို လူသားတွေဟာလည်း သုံးပွင့်ဆိုင်အချစ်ကို ကြောက်လန့်တကြားရှောင်ချင်ကြပေမယ့် ကံဆိုးပြီး မတော်တဆ မြှတ်ကျကြတဲ့အခါ....*

www.burmeseclassic.com

www.burmeseclassic.com

## အခန်း(၁၆)

လူဆိုတာ စက်ရုပ်တွေမှ မဟုတ်ကြဘဲ…။

အသွေးတွေ အသားတွေနဲ့ ဖွဲ့စည်းတည်ဆောက်ထားမှန်း အခုမှ သူမကောင်းကောင်းကြီး နားလည်သဘောပေါက်နေမိတော့လေသည်။

ကျွန်မဟာ ကမ်းရိုးတန်းနဲ့တူတဲ့ မိန်းမတစ်ယောက်ပါ မောင်ရယ်။ မုန်တိုင်းနဲ့တူတဲ့ ယောကျာ်းတစ်ယောက် ရောက်လာတာကို ကောင်းကောင်းမကာကွယ်ခဲ့နိုင်တဲ့ ခပ်ညံ့ညံ့မိန်းမ တစ်ယောက်ပါ…။

ကျွန်မ မောင့်အပေါ် သစ္စာဖောက်ရာ ကျနေပြီလား။ ကျွန်မသူ့ကို သတိရနေမိပြီ…။ ကျွန်မ အမြင်လွှာတွေကို သူ တစ်စတစ်စ သိမ်းပိုက်လာခဲ့ပြီ။

စိတ်နှလုံးသား နူးညံ့သိမ်မွေ့လှတဲ့ မောင်နဲ့ချစ်သူ ဖြစ်ရချိန်တွေကို ကျွန်မတန်ဖိုးထားသလိုပဲ…

ယောကျာ်းဆန်ဆန် အကာအကွယ်ပေးနိုင်တဲ့ သူ့ရဲ့



သတ္တိနဲ့ အစွမ်းအစတွေအပေါ်မှာလည်း မှင်သက်တိမ်းညွတ်နေတတ်ပြီလေ…။

မိန်းမတိုင်းဟာ ကိုယ့်ကို သူ့ရဲကောင်းဆန်ဆန် အကာအကွယ်ပေးနိုင်တဲ့ ယောကျာ်းတွေကို မနှစ်သက်ဘူးလို့ ဘယ်သူပြောနိုင်မှာလဲ…။

ပိုင်စိုးပိုင်နက် ဆုပ်ကိုင်ခံခဲ့ရတဲ့ လက်ဖဝါးလေး အခုထိ နွေးနေတုန်းပဲ။

နောက်…ဥပေက္ခာပြုထားခဲ့မိတဲ့ သူ့စကားတွေ ပြန်ကြားယောင်လာမိတယ်။

ဟုတ်တယ်…။ ရှင်ဟာ ကျွန်မ နှလုံးသားကို ဒီညမှာပဲ အလဲထိုး အရှုံးပေးခဲ့နိုင်တယ်။

အိပ်မပျော်တဲ့အဆုံး အနွေးအင်္ကျီပါးပါးလေးတစ်ထည် ဝတ်ခဲ့ပြီးသာ သူမလေသာဆောင်ကို ထွက်ခဲ့မိတော့သည်။

ဆန်းကြယ်လွန်းလှပါတယ် အချစ်ရယ်…။

ဗာလက်တိုင်းနေ့တုန်းက ကာထားခဲ့တဲ့ အစိမ်းရောင်တံတိုင်းအထူကြီးကို ဘယ်လို ခွန်အားတွေသုံးပြီး ရှင်ဖြိုးခွင်းနိုင်ခဲ့ရတာလဲ…။

“မင်းကို ငါ ကြည့်နေတာ ကြာပြီကွ…။ သူ့အသားကို ‘ထိ’တဲ့ အဆင့်အထိတော့ ငါ သည်းမခံနိုင်ဘူး..”

နှလုံးသားက review ခလုတ်တွေချည်း တောက်လျှောက် နှိပ်လာခဲ့သည်။

သူမအသားကို လေပွဲစား ထိတာ သည်းမခံနိုင်ခဲ့ပေ

www.burmeseclassic.com



မယ့်၊ ချစ်သူက ဒေါက်ဖိနပ်လှလှကလေး လက်ဆောင်ပေးခဲ့တဲ့ ညနေတုန်းက ချစ်သူနဲ့ ဖက်ပွေ့နမ်းရှိုက်ခဲ့တာတွေတော့ သူ သွေးအေးအေးနဲ့ ကြည့်ခဲ့ရမှာပါ...။

အရင်တုန်းက ဒီအကြောင်းတွေ ပြန်ပြောင်းသတိမရ တတ်ပေမယ့် အခုအချိန် ဒါတွေ စဉ်းစားမိရင် သူ့ကို လိပ်ပြာ မလုံတတ်တော့...။

"နောက်...ဒီလိုလမ်းမျိုးလာချင်ရင် တစ်ယောက် တည်း မလာနဲ့။ မင်းရဲ့ ချစ်သူဆိုတဲ့ကောင်ကို ခေါ်လာခဲ့..."

ပြုံးမိရပြန်သည်။

"ဟုတ်တယ်...။ ဒါပေမယ့် ပေါက်တတ်ကရတော့ မဟုတ်ဘူး...။ ကိုယ် ဂစ်တာတီးပြီး သီချင်းမဆိုတတ်ဘူး။ ဒါ့ကြောင့် သီချင်းအဆိုကောင်းတဲ့ သူတို့သုံးယောက်ကို ငှားပြီး ကိုယ့်ကိုယ်စား ပျိုးအိမ်ရှေ့မှာ သီချင်းသွားဆိုခိုင်းတာ..."

ပြုံးမိရပြန်သည်။

"ဘယ် လူပျိုလူလွတ်မဆို လွတ်လပ်တဲ့ မိန်းကလေး တစ်ယောက်ကို ရင်ခုန်ဖွာ ချဉ်းကပ်ပိုင်ခွင့်ရှိတယ်ပျိုး။ ဒါ... ကိုယ့် အခွင့်အရေးပဲ..."

ပြုံးမိရပ်သည်။

အာရုံမှာ သူ့ပုံရိပ်က ရှင်းလင်းထင်ရှားလာပြီးတဲ့နောက် မောင့်ပုံရိပ်က အနည်းငယ် ဝေ့ဝါးသွားရ၏။

နောက်တော့....။

* * *

## အခန်း(၁၇)

"ချစ်သူများနေ့ ညနေတုန်းက ချစ်သူအတွက် ရည် ရွယ်ပြီး ပေးမယ့်စာအုပ်ကို မရည်ရွယ်ဘဲ ဩရစိုးကို ပေးခဲ့မိ တယ် မဟုတ်လား..။ အဲဒါနဲ့အချစ်တွေ အားလုံးကို ဩရစိုး လက်ထဲ ထည့်ပေးလိုက်သလို ဖြစ်သွားတာ။ အတိတ်၊ နမိတ် ဆိုပါတော့ဟာ။ ငါ တစ်ခါတည်းဟောလိုက်မယ်။ နင်နဲ့ ဩရ စိုးချစ်သူတွေ ဖြစ်ကြဦးမှာဟ။ ပွဲက လုံး၀ ဟဲဗီးဒရမ်မာ...ပဲ"

ဗေဒင်ရူး စိမ့်သီတာရဲ့စကားကို ပြန်လည်ကြားယောင် ရင်း လေသာဆောင်ကနေ သူမအခန်းရှိရာဆီ အပြေးဝင်ခဲ့မိ သည်။

မေ့လျော့ထားတဲ့ ဘူးလေးတစ်ဘူး...။

ဟုတ်တယ်...အဲဒီအထဲမှာ စိန်ပွင့်ကလေးတွေ စီခြယ် ထားတဲ့ အသည်းပုံလေးတစ်ခုရှိတယ်။

"ငါ အကြံပေးချင်တာက မုန်းတာကတော့ မုန်း...။ အရမ်းကြီး အလွန်အကျွံတော့ မမုန်းမိစေနဲ့...။ အလွန်အကျွံ

www.burmeseclassic.com



မုန်းတီးခြင်းနဲ့ နူးညံ့သိမ်မွေ့တဲ့ အချစ်နယ်မြေကြားမှာ အလွှာပါးလေး တစ်ချပ်ပဲ ခြားတယ်…"

ဟုတ်လိမ့်မယ်။ သူ့ကို အရမ်းမုန်းတီးသွားမိလို့များ အလွှာပါးလေးတစ်ချပ်နားကို ရောက်လာခဲ့ရလေသလား…။

ကတ္တီပါဘူးကလေးကို ဖွင့်မကြည့်ရသေးခင် အဖုံးကလေးကို လက်နှင့်ညင်ညင်သာသာလေး ထိတွေ့နေစဉ်…။

"အို့…"

"…. … …"

နားထဲသို့ ရူးရကျယ်လောင်စွာ ထိုးဖောက်ဝင်ရောက်လာတဲ့ ဟမ်းဖုန်းမြည်သံကြောင့် သူမ ဆတ်ကနဲ တုန်ယင်သွားရလေသည်။

ဟင်…သူ…။ သူ…ကျွန်မဆီကို ဖုန်းဆက်ပြီ…။

ဘယ်တုန်းကမှ မကိုင်ဖြစ်ခဲ့ဘဲ miss call လုပ်ပစ်တတ်တဲ့ သူ့ခေါ်ဆိုမှုကို အခု လက်ခံလိုက်ရမလား…။

ကျွန်မ ပွင့်ပွင့်လင်းလင်းပဲ ဝန်ခံပါ့မယ်…။

အရမ်း..ရင်..ခုန်..နေ..တယ်..။

အဝင်တီးလုံး ရပ်လုရပ်ခင်ရောက်တော့မှ သူမ ဘယ်လိုမှ တင်းခံမထားနိုင်တဲ့အဆုံး allow ခလုတ်နှိပ်လိုက်မိတော့သည်။

"ဟဲလို.."

"ပျိုး…"

ကြားရဖန်များသော်လည်း ဘယ်တော့မှ ရိုးမသွားနိုင်



တဲ့ သူ့ရဲ့ အဖမ်းစားနိုင်ဆုံး အသံ…။

"မအိပ်သေးဘူးလား…"

"ဟင့်အင်း.."

"ဘာလုပ်နေလဲဟင်…"

"ဟို…လေ.."

"အင်…ဟင်…"

"ဟို..သူပေးတဲ့ ရတနာဘူးလေး ထုတ်ကြည့်နေမိတာ…"

အမှန်အတိုင်းပြောလိုက်မိပြီ..။

သွားပြီ…။ ဒီတိုက်ပွဲ သူမ စတင်ကျရှုံးနေလေပြီ…။

"ကိုယ့် ရင်ထိုးလေးကို ပျိုး တစ်ခါမှ မတွယ်ကြည့်ရသေးဘူးလား…"

"ဟင့်အင်း…။ ပျိုး..အမှန်အတိုင်းပြောရရင် ဘူးကိုတောင် ကိုင်မကြည့်ဖြစ်ပါဘူး။ အခု ကိုင်ကြည့်ဖြစ်တယ်။ ဗူးအဖုံးကို ဖွင့်မကြည့်ရဲဘူး…"

"ကိုယ် နားလည်ပါတယ်။ ခဏလေးဖြစ်ဖြစ် boy Friend ကို မေ့ထားပေးပါလား"

"ရှင်…"

"ကိုယ် requiest လုပ်တာပါ။ please …"

နူးညံ့လိုက်တဲ့ အမိန့်ကလေးတစ်ခု..။

ထင်ရာစိုင်းတော့မယ့် မိန်းမတစ်ယောက်ကို အရိုင်းစိတ်ဝင်လာအောင် မှော်အတတ်နဲ့ ပြုစားလာတဲ့သူ…။

www.burmeseclassic.com

www.burmeseclassic.com



"အိုကေနော်…လူ့ဘဝဆိုတာ ဘောင်ကျဉ်းကျဉ်းလေးထဲကနေ ဘေးကျပ်နံကျပ်ကပြနေရတဲ့ ပြဇာတ်တစ်ခုလို့ မျိုးလက်ခံနိုင်ရဲ့လား…"

"အင်း…"

"ဟိုး..ရှေ့ ခပ်လှမ်းလှမ်းမှာ အရမ်းလှတဲ့ မြက်ခင်းလွင်ပြင်ကြီးတစ်ခုရှိတယ် မျိုး…။ စိတ်ကူးနဲ့ ကိုယ့်နောက်ကိုလိုက်ခဲ့…။ ကိုယ် ခေါ်ပြီနော်…"

"ဟုတ်…"

"အရမ်း…လိမ္မာတာပဲကွာ…မျိုးက အရမ်းကို ချစ်စရာ ကောင်းတယ် ကြည့်စမ်း…။ ကိုယ့်နောက်လည်း လိုက်လာ တယ်။ မွန်းကျပ်နေတာတွေ နည်းနည်းလောက် ပျောက်သွားတယ် လို့ မခံစားရဘူးလား…"

"ဟုတ်…"

"ကောင်းတယ်။ မျိုး ကိုယ့် flow ကို မိနေပြီ…။ ကတ္တီပါဗူးအဖုံးလေးကို ရဲရဲဖွင့်လိုက်တော့မျိုး…"

အို..ရှင်ဟာ စိတ်ညှို့ဆရာ တစ်ယောက်များလား…။

ရှင် အမိန့်ပေးတာကို ကျွန်မ ဘယ်လိုမှ မငြင်းဆန်နိုင်တော့ဘူး။ ဗာလက်တိုင်းနေ့ကတည်းက ဖွင့်မကြည့်ဖြစ်တော့တဲ့ ကတ္တီပါဗူးကလေးကို ဖွင့်ကြည့်လိုက်တော့ စိန်ပွင့်ကလေးတွေ တောက်ပနေတာ တွေ့လိုက်ရပြီ…။

"လှရဲ့လားဟင်…"

"ဘာကိုလဲဟင်…"



"စိန်ပွင့်လေးတွေ မလှဘူးလား"

"ဟုတ်…လှတယ်…"

"မျိုးကို အဲဒီ စိန်ပွင့်လေးတွေထက် ပို တန်ဖိုးထားတယ်"

ပြုံးလိုက်မိသည်။ ယှဲ့ယှဲ့…။

"ယူလိုက်ပါ မျိုး…။ နောက်က မောင်းကို ဆွဲဖြုတ်လိုက်ပါ…။ ဖြည်းဖြည်းနော်..။ လက်ရူးသွားဦးမယ်…"

"… … … …"

"အိုကေ…။ ဘယ်ဘက်ရင်အုံ အနီးတဝိုက်မှာ ချိတ်လိုက်မျိုး။ ဖြည်းဖြည်း…ရူးသွားမှာ စိုးလို့…"

"… … …"

"မျက်လုံးလေး ခဏလောက် မှိတ်ပေးပါလား"

"… … …"

"ကိုယ်နဲ့ နီးနီးလေးရှိတယ်လို့ မခံစားရဘူးလား"

"… … …"

"အနည်းဆုံး ရင်ဘတ်ချင်း နီးကပ်နေတယ်လို့ပေါ့"

"ကိုသြရစိုး…ကျွန်မ ဖုန်းချလိုက်တော့မယ်။ နည်းနည်းကြောက်နေပြီ…'

"အိုကေ…အိုကေ…ခဏနေဦး…ကိုသြရစိုးလို့တော့ မခေါ်နဲ့တော့ကွာ…။ အရမ်းရှည်လွန်းတယ်။ မမောဘူးလား။ ကိုလို့ ခေါ်ကြည့်ပါလား…"

"အာ…မခေါ်ရဲပါဘူး…"

www.burmeseclassic.com

www.burmeseclassic.com



"ကိုယ်နဲ့တွေ့တဲ့အခါ…ခေါ်ဖို့ ပြောတာပါ။ မြက်ခင်းလွင်ပြင်ထဲ ရောက်တဲ့ အခါပေါ့…"

ပြုံးမိပြန်သည်။ ဒီလူကို သူမ မနိုင်တော့မှန်း သိသိလာရပြီ…။

"ခေါ်ကွာ..။ ဒီည ဒီတစ်ခုတော့ လိုက်လျောပေး…"

"အာ…"

"ဖွတ်ကြီး ထိန်းချုပ်ထားရတာ မမွန်းကျပ်လွန်းဘူးလား ပျိုးရယ်…ခေါ်လိုက်ပါ..ပျိုး ကိုယ့်ကို 'ကို' လို့ ခေါ်ချင်နေပါတယ်…"

"ဟုတ်လည်း မဟုတ်ပဲနဲ့…"

"အဟား..ဟား..ဒီညတော့ ဒီလောက်ပဲ…။ အိပ်မက်လှလှမက်ပါစေ။ နောက်ညတွေ ကိုယ်ဖုန်းခေါ်ဦးမယ်နော်…။ ဘောင်ကျဉ်းကျဉ်းလူ့ဘဝထဲကနေ ပျိုးကို ဆွဲခေါ်ပြီး မရောက်ဖူးသေးတဲ့ နယ်မြေတွေဆီ ကိုယ်ခေါ်သွားမယ်။ ပျိုးရဲ့ ဘယ်ဘက်ရင်အုံပေါ်က ရင်ထိုးလေးကို ကိုယ်နမ်းလိုက်ပြီ၊ good night ပျိုး…"

"ဟုတ်…good night"

"ပျိုး..ကို…အရမ်း..ချစ်..တယ်…"

▲ ▲ ▲

# အခန်း(၁၈)

"အဲ…"

"အိုး.."

မိမိစီးလာတဲ့ ဖိနပ်ကို အနောက်ကနေ တက်အနင်းခံရတာလောက် လောကကြီးမှာ သူမမုန်းတာမရှိ။

အဲဒီလူတွေ သူများဖိနပ်တို့၊ ခြေထောက်တို့သာ တက်နင်းကြတာ…။ သံချောင်းတွေ ပုံထားရင် တက်နင်းမိကြမယ်မထင်ဘူး။ ဒါဟာ ဘာနဲ့တူသလဲဆိုတော့ ကိုယ့်အတွက် အန္တရာယ်မရှိနိုင်ဘူးဆိုရင် သူတပါး ဘာဖြစ်ဖြစ် သောက်ဂရုမစိုက်ဘူးဆိုတဲ့ အစွဲတွေ သူတို့အသိစိတ်တစ်နေရာထဲ ရောက်နေလို့ပဲ…။

အခုလည်း ကြည့်…။

မောင်နဲ့နှစ်ယောက် ရှော့ပင်းစင်တာတစ်ခုကို ပတ်နေတုန်း နောက်ကနေ လူတစ်ယောက် သူမခြေထောက်ကို တက်နင်းလိုက်၍ ဖိနပ်လည်း သဲကြိုးရှည်ထွက်သွားရသလို သူမ

www.burmeseclassic.com

www.burmeseclassic.com



လည်း ရှေ့သို့ ဟတ်ထိုး ဟတ်ထိုးဖြစ်သွားရသည်။

ထောင်းကနဲ ထွက်လာတဲ့ ဒေါသကပါ ဖိနပ်သဲကြိုးလို ရှည်ထွက်သွားရပြီး…

“လူတစ်ယောက်လုံးကိုတောင် မမြင်ဘူးလား…။ ရှင်ကန်းနေလား‥”

နောက်လှည့်၍ ကက်ကက်လန်အောင် ရန်တွေ့ပစ်လိုက်ပါမိ၏”

“မမြင်လို့ပါဗျာ…ကန်တော့…ကန်တော့”

“တောက်…”

“ဆောရီးပါဗျာ‥တကယ်မမြင်လိုက်လို့ပါ…”

ဒီတော့လည်း ချစ်သူ သူတော်ကောင်းကြီးမှာ ထုံးစံအတိုင်း မနေတတ်မထိုင်တတ်တွေ ဖြစ်လာရပြီး…

“သူက အရမ်းဒေါသကြီးတတ်လို့ပါ…။ ကျွန်တော်တောင်းပန်ပါတယ်။ ကိုယ့်လမ်းကိုယ် သွားပါ။ ရပါတယ်”

ဟင်…။

မြတ်စွာဘုရား…။ မောင့်စကားကြောင့် သူမကြောင်အမ်းအမ်းပင်ဖြစ်သွားရချေပြီ‥။ အမှားလုပ်တဲ့လူကို မြန်တောင်းပန်စရာလား…။ မောင်ရူးနေလား။

“ဟို‥ဟို‥ဖြစ်တယ်နော်…”

“ဖြစ်ပါတယ်‥သွားပါ‥”

သဲကြိုးလို ရှည်ထွက်သွားရတဲ့ ဒေါသအလိပ်လိုက်ကဖိနပ်တက်နင်းသူ ထွက်သွားတဲ့အချိန်မှာတော့ မောင့်အပေါ် စုပြုံ



ရောက်လာရပြီး…။

“မောင် ဘယ်လိုဖြစ်နေတာလဲ‥။ ရူးသွားပြီလား‥။ အမှားလုပ်မိတဲ့လူကို ကိုယ်က ပြန်ပြီး တောင်းပန်ရမှာလား‥”

“မဟုတ်ဘူးလေ‥ပျိုးရဲ့‥။ သူတောင်းပန်ရှာသားပဲ‥။ နှစ်ခါတောင် တောင်းပန်တာ‥။ ပျိုးက အသိအမှတ်မပြုလို့ ကြားကနေပဲ မောင် အားနာလာပြီး တောင်းပန်လိုက်တာပါ”

“ဟာ…မောင် မမိုက်ဘူးကွာ‥”

“လာပါ…မောင်ပျိုးကို ဖိနပ်ဝယ်ပေးချင်နေတာနဲ့ အတော်ပဲ‥။ ဖိနပ်ဆိုင် တစ်ဆိုင်သွားရအောင်”

မောင်ကတော့ သူ့ပုံစံအတိုင်း ဖြစ်လာတဲ့အဆိုးတွေကို သူ့ဟာသူ အကောင်းလိုပြုပြင်မြင်လိုက်ပြီး ဖိနပ်ဆိုင်တစ်ဆိုင်သို့ သူမကို ခေါ်သွားသည်။

ကျွန်မ ရှင်းရှင်းပဲ ပြောမယ်…။ မောင့်ကို အရင်ကလောက် ရင်မခုန်တော့ဘူးကွယ်။ မောင့်ရဲ့ ရွှေပြည်အေးတရားတွေကလည်း အရင်ကလောက် ကြည်နူးဆွတ်ပျံ့စရာမကောင်းတော့။ မောင့်ရဲ့ ပျော့စိပျော့ဖတ်ဆန်မှုတွေကို တွေ့လာရတိုင်း သားနှစ်ယောက်လာ အလှူခံတာကိုတောင် ရက်ရက်ရောရောကြီး ထည့်ပေးလိုက်တဲ့ ဝေဿန္တရာမင်းကြီးကို မြင်ယောင်ရင်း စိတ်လေလာမိသည်။

ကျွန်မဟာ နှစ်ဆယ့်တစ်ရာစု မိန်းကလေးတစ်ယောက်ပါမောင်…။ ကိုယ့်ရဲ့ပါရမီဖြည့်ဖက်အတွက် တောထဲသွားပြီး သစ်ဥသစ်ဖုတွေ ရှာပေးတဲ့ မဒ္ဒီဒေဝီမဟုတ်ပါဘူး။

www.burmeseclassic.com

www.burmeseclassic.com





မောင်ဟာလည်း မိန်းမတစ်ယောက် စိတ်ပျက်ငြီးငွေ့ချင်စရာ ကောင်းလောက်အောင်အထိ သိပ်ကို ရိုးသားဖြူစင်လွန်းအောင် နေမပြသင့်ဘူး…။

ဟုတ်တယ်…။

ကျွန်မ စိတ်တွေဟာ ကိုယ့်အတွက် ရဲရဲရင့်ရင့်ရှိလှတဲ့ လူတစ်ယောက်ဆီကို ရောက်ရောက်နေတတ်တယ်။

ဟုတ်တယ်…။

အရင်က ချစ်သူကို အားနာပြီး လွယ်လွယ်နဲ့ပြောမထွက်ခဲ့တဲ့ သူ့အကြောင်းတွေကို အခုတော့ ကျေကျေနပ်နပ်နဲ့ လျှို့ဝှက်ပစ်လိုက်တယ်။

ဟုတ်တယ်…။

သိက္ခာတရားနဲ့ ဟန်လုပ်ထိန်းရင်း တစ်နေ့လုံး မတွယ်ခဲ့တဲ့ စိန်ရင်ထိုးလေးကို တစ်ညလုံး ဘယ်ဘက်ရင်အုံမှာ တွယ်ထားခဲ့မိတယ်။

ဟုတ်တယ်…။

ကျွန်မ ညတိုင်းလိုလို သူ့ဆီက ဖုန်းလာမလားဆိုပြီး မျှော်နေမိတော့တယ်။

ဟုတ်တယ်…။

သူဟာ ကျွန်မရဲ့ နှလုံးသားဆီကို ရင်ထိုးယောင်ဆောင်ပြီး ရောက်လာခဲ့တယ်။

ဟုတ်တယ်…။

အဲဒီညကတော့ တင်းကျပ်လေးလံလွန်းလှတဲ့ ဟန်ဆောင် မှုဝတ်ရုံကြီး ကွာကျခဲ့ရတယ်။

ဟုတ်တယ်…။

အဲဒီအချိန်မှာပဲ ရူးသွပ်ပြတ်သားတဲ့ ဖြောင့်ချက်တစ်ခုကို ကျေနပ်စွာနဲ့ပဲ ဩရစိုးကို ပေးမိခဲ့တယ်။

"ပျိုး…ကို့…ကို..ချစ်မိနေပြီ.."

www.burmeseclassic.com

www.burmeseclassic.com

## အခန်း(၁၉)

ဒါပါပဲ…။

အမှားတစ်ခုကို သူမ ကျူးလွန်ခဲ့တယ်ဆိုရင်တောင် သူမရဲ့ အပြစ်ဟာ ကိုယ်မသွားချင်တော့တဲ့ လမ်းတစ်ခုကို ရောက်လို့ ဂငယ်ကွေ့ ကွေ့ပစ်လိုက်တဲ့ ကားတစ်စီးရဲ့ ဖြစ်ရပ်ထက် ပိုမယ် မထင်ပါဘူး…။

ဒါ့ကြောင့်လည်း ရှိတ်စပီးယားက ပြောခဲ့တာနေမှာပေါ့။

To be wise and Love

Exceeds man's might …တဲ့။

ချစ်လည်းချစ်ဖို့၊ စဉ်းစားဆင်ခြင်ဉာဏ်လည်း ရှိဖို့ဆိုတာ လူ့စွမ်းအားနယ်ပယ်ကို ကျော်လွန်သွားတဲ့ကိစ္စပါ‥တဲ့။

ဟုတ်လိမ့်မယ်…။



ချစ်သူရှိပါရက်နဲ့ ကို့ကို ချစ်မိသွားတဲ့အဖြစ်ဟာ ဆင်ခြင်စဉ်းစားဉာဏ်ကို ကျော်ထွက်သွားတဲ့ ကိစ္စတစ်ခုပဲ။

ကိုနဲ့ ပထမဆုံး တွဲခုတ်ရတဲ့နေ့လေး တစ်နေ့ဟာ ကြောက်ကြောက်နဲ့ ပျော်ခဲ့ရတဲ့ နေ့တစ်နေ့ပေါ့…။

သူက မောင့်လို ခပ်အေးအေးထဲကတော့ မဟုတ်ဘူး။

ဘယ်ထောင့်က အလစ်ဝင်လာမှန်းမသိတဲ့ အနမ်းမိုးတွေ ကလည်း နှုတ်ခမ်းထက်မှာ ရွာလို့မစဲ။

"ပျိုး…ပျော်လား…"

"အင်း‥ကျောင်းလစ်ပြီး မြို့ပတ်ရထားခိုးစီးနေတဲ့ ခပ်ဆိုးဆိုးကျောင်းသူလေး တစ်ယောက်လို ခံစားနေရတာတော့ အမှန်ပဲ…အဟင်း‥"

"ဘယ်လို…"

သူ ပြုံးတဲ့ အပြုံးလေးတွေကလည်း ရိုထေ့ထေ့နဲ့ ကြည့်လို့တော့ အတော်ကောင်းတယ်။ နောက်ပြီး ကိုယ့်ပခုံးကို ဖက်ပြီး ယုံကြည်မှုရှိရှိနဲ့ သူနဲ့လမ်းလျှောက်ရတဲ့အခါ ကိုယ့်ကြောက်စိတ်တွေဟာ ရဲဝံ့တဲ့ဘက် ရောက်ရောက်လာတတ်သား…။

"သြော်…ဘယ်လိုခေါ်မလဲ…ကိုလည်း သိပါတယ်။ ကို့ကို ချစ်မိသွားတာက အကျပ်အတည်းတွေကြားကနေ ချစ်မိသွားတာဆိုတော့ အပြစ်ရှိသလိုတော့ ခံစားရတာပေါ့နော်"

"မဆိုင်ပါဘူး…။ သိက္ခာဆိုတာကြီးကို ထည့်တွက်ပြီး ကိုယ့်ကိုယ်ကို ညှဉ်းဆဲနေတဲ့ အပြစ်ထက် ဘယ်အပြစ်မှ မဆိုးဘူး…"

www.burmeseclassic.com

www.burmeseclassic.com



''အို…ကိုကလည်း…''

အဲဒီလူကတော့ အဲဒီအတိုင်းပဲ…။

မောင့်ကို တွေ့တိုင်း ဇာတ်ကြီး ဆယ်ဘွဲ့ထဲက ဝေဿန္တရာကို သတိရမိသလို၊ သူ့ကို တွေ့ရင်လည်း Gone with the wind ထဲက ရက်ဘတ္တာ (Rhett Butler) ကို ပြေးပြီး မြင်ယောင်မိတယ်။

အင်းလေ…။ သူမ ကိုယ်တိုင်တောင် စကားလက်အိုဟားရားလို မျက်နှာများတဲ့ မိန်းကလေးတစ်ယောက် ဖြစ်မှန်းမသိ ဖြစ်လာရပြီပဲ…။

''နင် ဒီလိုပုံစံမျိုးကြီးနဲ့ ရှေ့ရှည်သွားလို့တော့ မကောင်းဘူးနော်…မိပျိုး။ တစ်ယောက်ယောက်ဘက်ကို ယိုင်ပစ်လိုက်တော့…''

''ငါ နားလည်ပါတယ်…။ မောင့်ကိုပဲ ငါ cancel လုပ်ပစ်တော့မှာ…။ ဘယ်လို ပြောထွက်ရက်မလဲ…။ အရင်တုန်းက မောင်နဲ့ငါ့ကြား မုန်တိုင်းတစ်စင်းဝင်နေတာတောင် မောင် စိတ်ညစ်သွားမှာစိုးလို့ ပြောမထွက်ရက်ခဲ့တာ…။ အခုသူ့ကိုဖြတ် မယ့်ကိစ္စ ပြောထွက်ဖို့ဆိုတာ ငါတော်တော်ကို စွန့်စားရတော့ မှာ…''

စိမ့်သီတာရော ဖြူပြာခင်ရောက လူချမ်းသာ ခပ်ချောချော ယောက်ျားတစ်ယောက်နဲ့ သူငယ်ချင်းဖြစ်သူ ချစ်သူဖြစ်သွားကြခြင်းအပေါ် အကောင်းဘက်က ရှုမြင်ပေးနိုင်ကြသော်လည်း နေသွင်ညိုအတွက်တော့ စိတ်မကောင်းကြ…။



''ငါတော့ နင့်ရဲ့ ချစ်ဇာတ်လမ်းကြီးကို ကြည့်ပြီး တော်တော်ကို တုန်လှုပ်တာ၊ အံ့သြစရာအရမ်းကောင်းတာပဲနော် ကိုဩရစိုးကို နင်ဒီလောက် မုန်းတာ ဘာ့ကြောင့်များ အခြေအနေတွေ ပြောင်းပြန်ဖြစ်ကုန်ရသလဲ မသိဘူး။ အချစ်စိတ်က မထူးဆန်းလွန်းဘူးလား…''

''အဟမ်း…ဒီနေရာမှာ ငါ တစ်ခုပြောဦးမယ်…''

စိမ့်သီတာ စကားစလေတော့ ဖြူပြာက…။

''ကဲ…ပြောပြော…ဗေဒင်ရှူးကိုလည်း ဝင်ဟောခွင့်ပေးလိုက်ဦး မိပျိုးရဲ့…''

''အောင်မာ…ငါဟောတာ မမှန်လို့လား…။ တွေ့တယ် မဟုတ်လား…။ ဩရစိုးနဲ့ မိပျိုးချစ်သူတွေ ဖြစ်ကိုဖြစ်ရမယ်လို့ ဟောတာ အခုဖြစ်သွားပြီ…''

''ဟုတ်ပါပြီ…ဆရာမရယ်…ဆက်စမ်းပါဦး…''

''ဒီလိုဟ…ငါ အခု ပြောမှာက ဗေဒင်နဲ့တော့ မဆိုင်ပါဘူး…။ မိန်းမတစ်ယောက်ရဲ့အချစ်စိတ်ဟာ မိုက်ရူးရဲ့ယောက်ျားတွေရဲ့ အချစ်စိတ်ထက် မညံ့ဘူးဆိုတာ ပြောချင်လို့ပါ…''

''ဟေ…ဘယ်လို…ဘယ်လို…''

''ဒီလိုလေ…ငါတို့ မိန်းကလေးတွေဟာ စိတ်နူးညံ့တယ်။ သိမ်မွေ့တယ်။ ဝမ်းနည်းတယ် စိတ်ကောက်တတ်တယ် စသဖြင့်ပေါ့ဟာ…မိန်းကလေးတွေ မိန်းမဆန်ကျတာအကြောင်းမှ မဟုတ်ဘူး…။ ဇီဝ ကာမဖြစ်စဉ်အရ အီစတိုဂျင်(Oestrogen)

www.burmeseclassic.com

www.burmeseclassic.com



နဲ့ ပရိုဂျက်စတုန်း (Progesterone)ဆိုတဲ့ 'မ'ဟော်မုန်းတွေရဲ့ စေ့ဆော်ချက်ကြောင့် ငါတို့တွေ မိန်းမဆန်နေကြတာ..''

''ဟော...''

''ဟုတ်လှချည်လား...''

''အေး..ဒါပေမယ့် ငါတို့ မိန်းကလေးတွေမှာ 'ဖို' ဟော်မုန်းလည်း နည်းနည်းရှိတယ်ဟ။ အဲဒီ 'ဖို'ဟော်မုန်း (Testosterone)ကြီးက ငါတို့ မိန်းမတွေရဲ့ အချစ်စိတ်တွေကို လွှမ်းမိုးထားနိုင်တယ်..။ ငါ ဆိုလိုတာက ယောကျ်ားတစ်ယောက်ကို ချစ်လာပြီဆိုရင် ငါတို့ မိန်းကလေးတွေရဲ့ ဖိုဟော်မုန်းတွေ အလုပ်လုပ်လာတဲ့ သဘောပဲ။ ဖိုဟော်မုန်းနော်...။ တို့ မိန်းကလေးတွေရဲ့ အချစ်ဟာ ကျားကျားလျားလျား ဖိုဟော်မုန်းတွေကနေ တိုးထွက်လာကြတာ။ ဘာမှတ်လို့တုန်း...''

''ဒါလည်း ဆာဒူးကြီးတွေရေးတဲ့ အိန္ဒိယရှေးကျမ်းကြီးတွေထဲက အဆိုအမိန့်တွေပဲလား''

''နင့်အဘ...ဒါ အနောက်တိုင်းဆေးပညာ အဆိုအမိန့်တွေဟဲ့''

စိတ်ညစ်ညစ်နဲ့ ရယ်ရသေးတော့သည်။

စိမ့်သီတာ စကားတွေကို လျှော့တွက်လို့တော့ မရ...။

ဖြစ်လည်း ဖြစ်နိုင်သည်။

''မိပျို...ဖြစ်နိုင်ရင် ဩရစိုးရဲ့ မွေးသက္ကရာဇ်လေး ငါ့ကို မေးပေးစမ်းပါ''

''ဘာလုပ်မလို့ တုန်း...''



''ဩော်...အရမ်းချစ်ကြတဲ့ ချစ်သူနှစ်ယောက်ကို ရအောင်ခွဲပြီး နင့်ကို သူသိမ်းပိုက်သွားနိုင်တာ တော်ရုံအရည်အချင်းမှ မဟုတ်တာ...။ သူ့ရာသီခွင်ကို စိတ်ဝင်စားလို့ပေါ့ဟ..''

''အေးပါ...ငါ မေးထားလိုက်ပါ့မယ်..''

www.burmeseclassic.com

www.burmeseclassic.com

## အခန်း(၂၀)

ရုံးဝန်ထမ်းများ၊ သာမန်လူလတ်တန်းစားများအတွက်တော့ အိမ်အပြန်လမ်း ဘတ်(စ်)ကားကျပ်ကျပ်မှာ ချွေးနံ့နဲ့ မွန်းကျပ်စေတတ်တဲ့ ဆည်းဆာဟာ··

လူကုံထံများ လာရောက် အပန်းဖြေလေ့ရှိတဲ့ ကြယ်ငါးပွင့်ဟိုတယ်တစ်ခုရဲ့ ပရဝိုဏ်ကိုတော့ဖြင့် အလှမျိုးစုံ ဖော်ကျူးပေးနေသယောင် ရှိ၏။

ကျူးဘားအုန်းပင်မြင့်တွေထက်က မီးရောင်စုံတန်းတွေ၊ ကျယ်လွင့်စိမ်းစိုနေတဲ့ မြက်ခင်းပြင်တွေရဲ့ အဆုံးသတ်မှာ ကန်တော်ကြီးရေပြင်ဟာ ဟန်တချွဲသားနဲ့ စိမ်းညို့လို့···။

ကြည်နူးဆွတ်ပျံ့ဖွယ်ကောင်းတဲ့ စန္ဒယားသံသဲ့သဲ့က ကပွဲခန်းမ(LOBBY)ထဲကနေ ခပ်သဲ့သဲ့ကလေး ထွက်ပေါ် လျက်ရှိ၏။

လက်ရန်းမှာ ကနုတ်ကွက်လှလှတွေ ဖော်ထားတဲ့ ကျွန်းလှေကားကြီးတစ်လျှောက်မှာတော့ လူရည်သန့်တစ်ယောက်



ဟာ ကပိုကရိုလှနိုင်လွန်းတဲ့ ချစ်သူကို ဖက်ပွေ့ရင်း ခန်းမဆောင်သို့ ဦးတည်လျှောက်လှမ်းလျက်ရှိ၏···

တစ်ချက်ကလေး ကြည့်လိုက်ရုံနှင့် အချစ်အပေါ် တန်ဖိုးထားသူမှန်း သိသာလွန်းသည်။

ဖန်ခွက်ချင်း ထိခတ်ဆုတောင်းသံတွေ၊ အနောက်တိုင်းဘာသာ အရောအနှောတွေပါတဲ့ ဆွေးနွေးစကားသံတွေကလည်း ဟိုနေရာ၊ ဒီနေရာ မတိုးမကျယ်···။

လေတစ်ချက်··ဝှေ့လိုက်တယ်ဆိုရင်ပဲ မိန်းကလေးရဲ့ ပျော့အိအိအင်္ကျီထက်က ပဝါပါးကလေးဟာ တစ်စတစ်စလျော့ကျလာလေပြီ···။

နောက်တော့···။

သူမရဲ့ ပခုံးထက်ကနေ လွင့်ကာဝဲကာနှင့် မြေပြင်ပေါ် သက်ဆင်းသွားချိန်··။

ကုမ္ပဏီ နှစ်ပတ်လည်အခမ်းအနားတစ်ခုအတွက် ဟိုတယ်သို့ရောက်နေသည့် လူငယ်လေးတစ်ယောက် မြင်သွားပြီး သူမ ပဝါလေးကို ကောက်ယူကာ လိုက်သွားအပေးမှာတော့···။

"ညီမ···ညီမ···ပဝါလေး ကျကျန်နေခဲ့တယ်နဲ့ တူတယ်··"

"ရှင်··ဩော်···ဟုတ်တယ်···"

သမင်လည်ပြန် လှည့်အကြည့်···။

"ဟင်···"

"မောင်··· ···"

www.burmeseclassic.com

www.burmeseclassic.com



"ပျိုး... ..."

စက္ကန့်ပိုင်းလေးမှ တကယ့်ကို စက္ကန့်ပိုင်းလေးရယ်ပါ..

ဒါပေမယ့် နေသွင်ညိုအတွက်တော့ ကမ္ဘာကြီးတစ်ခုလုံး အရည်ပျော်ကျသွားမတတ် ဖြစ်သွားခဲ့ရသည်။

ချစ်သူ..။ ဘယ်တုန်းကမှ အသေးအဖွဲလေးကအစ မလိမ်ခဲ့ မညာခဲ့ဖူးတဲ့ ချစ်သူ...။

ကြည့်စမ်း...။

သူ ဝတ်ထားတဲ့ ပုံစံလေးကို...။

ရင်ညွှန့်အောက် ခပ်လျော့လျော့လေးမှာ စီးကွန့်တွေ ထိုးထားတဲ့ ပျော့အိအိအနီရောင်ဂါဝန်လေးနဲ့...။ လက်မောင်းရဲ့အလှ၊ ရင်ညွှန့်ရဲ့အလှ၊ ခါးနဲ့ပေါင်တံရဲ့အလှတွေ အဲဒီဂါဝန်လှလှလေးထဲကနေ သိမ်သိမ်မွေ့မွေ့မြင်နေရသည်။

လူကုံထံတွေအတွက် ရည်ရွယ်ပြီး စိုက်ပျိုးထားတဲ့ ဥရောပအကောင်းစားနှင်းဆီပွင့်ကလေးလို လှလည်း လှနိုင်ပါသည်။ ရမ္မက်ဇောနဲ့လည်း တပ်မက်စေအောင် ဆွဲဆောင်နိုင်လွန်းပါသည်။

"ဩော်..."

မှိန်ဖျော့ဖျော့ အပြုံးယဲ့ယဲ့...။

တောင်းပန်သွားတာလား...။ ဝန်ခံသွားတာလား.. မသိရတဲ့...(သေချာတာတစ်ခုက စိန်ခေါ်သွားတာတော့ မဟုတ်ပါ) အကြည့်နက်နက်နဲ့ စိုက်ကြည့်စဉ် နံဘေးက တွဲခုတ်လာတဲ့ သူဌေးဖြစ်ဟန်တူသူက ခံရခက်ခက်ပြုံးရင်း သူမကို ဆတ်ကနဲ



ဆွဲအခေါ်...။

ဩော်..ချစ်သူလေး သူ့စိမ်းတရံစာနောက် ပါသွားပြီကိုး...။

ရင်ညွှန့်ကို ခါးထက်ထက်နဲ့ထိုးပြီး အပေါ်ကနေအောက်အထိ ဆွဲအချခံလိုက်ရတာကမှ သက်သာလိမ့်ဦးမည်။

အခုတော့...။

* * *

*အချစ်ဆိုတာ ဘက်စုံအားလုံးအတွက် ရယူလိုမှုနဲ့ ရရှိအောင် ကြိုးပမ်းမှု....*

*PIATO/ Sympoium*

*

ပလေတိုဟာ ဟိုး..လွန်ခဲ့တဲ့ နှစ်ပေါင်း နှစ်ထောင့်ငါးရာလောက်ကနေ ဒီနေ့ခေတ်အချစ်ကို မျှော်ကြည့်ခဲ့ပုံရတယ်...

ခင်ဗျား သိပ်တော်တယ်...ခင်ဗျားပြောတဲ့အချစ်မှာ ဗြမ္မာစိုရ်တရားမပါဘူး။ လိုင်းကားတိုးစီးရတဲ့ ဒုက္ခမပါဘူး။ ဈေးစော်နံနေတဲ့ အရေပြားအကြောင်းမပါဘူး...

ဒါကြောင့် ခင်ဗျားသိပ်တော်တယ်။ ခင်ဗျားရဲ့အချစ်ဟာ ဒီနေ့အထိ သစ်တယ်။

ဘဝတစ်ငွေ့ငွေ့ လောင်ချိန်ရောက်တော့မှ ကိုယ့်ရဲ့ မောင်းနှင်မှုတွေ မှားယွင်းခဲ့မှန်း သိခဲ့ရတယ်။

နောက်ပြန်လှည့်ကြည့်တော့ လုံး၀...အ..ပြတ်..အ.. သတ်..နောက်...ကျ...

www.burmeseclassic.com

www.burmeseclassic.com



သူဌေးဝါဒတွေ ခေတ်စားချိန်၊ ကိုယ့်ကိုထားခဲ့ပြီး ကိုယ့်ချစ်သူ ထွက်ခွာသွားချိန်၊ ကိုယ့်ပါးမှာ မျက်ရည်နှစ်ဖက် စီးကျသွားချိန်…။

တချို့တွေ မုဆိုးလုပ်တမ်းကစားကြ။

တချို့တွေ သားကောင်လုပ်တမ်း ကစားကြ။

တချို့တွေ ဂုဏ်နဲ့မျှားကြ။

တချို့တွေ ဂုဏ်နောက်လိုက်ကြ။

ကိုယ့်မှာသာ အသက်ကို မျှင်းပြီး ရှိုက်ရှုနေရ…။

* * *

## အခန်း(၂၁)

အဲဒီညက အရက်ဆိုင်တော့ သူ မရောက်ခဲ့ပါ။ အရက်လည်း မသောက်ဖြစ်ပါ။ ဒါပေမယ့် မိန်းမတစ်ယောက်အတွက်နဲ့ ပထမဆုံးအကြိမ် မျက်ရည်တော့ ကျခဲ့ရပါသည်။

အသည်းကွဲတော့မှ သူမကို ဘယ်လောက် ချစ်မြတ်နိုးနေပြီမှန်း သူ ရင်နာနာနဲ့ နားလည်သဘောပေါက် လာခဲ့ရသည်။

သို့သော်··ကိုယ်က အစွန့်ပစ်ခံခဲ့ရတဲ့ လူတစ်ယောက်··

ဟိုတယ်မှာ လုပ်တဲ့ ကုမ္ပဏီနှစ်ပတ်လည် အထိမ်းအမှတ်ပွဲဟာ ဘယ်လိုပုံစံနဲ့ ပြီးဆုံးသွားခဲ့မှန်းတောင် သူမသိတော့…။

ချစ်သူရယ်…။ မောင်နားလည်အောင်လည်း ရှင်းပြပါဦး··။ ဖြေသိမ့်စရာ ဖြေရှင်းချက်ကလေးလောက်တော့ ပေးခဲ့ပါဦး…။

အချိန်တစ်ခုကို စောင့်ပြီး ဖျိုးဆီဖုန်းခေါ်တော့ ဟိုဘက်က တော်တော်နဲ့ကို လိုင်းမအား…။

www.burmeseclassic.com

www.burmeseclassic.com



ကြည့်စမ်း…။

သူ မသိခဲ့တဲ့ အရင်ညတွေတုန်းကဆိုရင်ကော…။ သူ့မဖုန်းဟာ အမြဲတမ်း buzy ဖြစ်နေတာပဲလား…။

ချစ်သူဟာ သူ့ရဲ့ ရိုးသားမှုအပေါ် အခွင့်ကောင်းယူသွားတာလား…။ နယ်ရုပ်ကလေးတစ်ရုပ်လို ကစားသွားတာလား…။ ထိုးကျွေးသွားတာလား…။ ဟာ…ဘာမှကို နားမလည်နိုင်တော့…။

"မောင် ဝမ်းနည်းသလို မျိုးလည်းဝမ်းနည်းရပါတယ်။ မနက်ဖြန်ညနေရောက်တော့မှ ဆုံနေကျ ကော်ဖီဆိုင်ကလေးမှာ စကား အေးအေးဆေးဆေးပြောရအောင်နော်။ အခု မျိုးအရမ်း စိတ်တွေရှုပ်နေလို့ စကားအမှားပါသွားမှာစိုးလို့ပါ…"

ဖုန်းလိုင်းဝင်သွားတော့ ထိုသို့ စကားလုလုကလေးပြောပြီး ဖုန်းချသွားသည်။

အဲဒီ တစ်ညလုံး သူ မအိပ်ခဲ့ရ…။

နောက်တစ်နေ့ မနက်ရောက်တော့ တစ်နေကုန် အလုပ်ဝင်ရသဖြင့် မျက်လုံးတွေ ကျိန်းစပ်နေလေပြီ…။ ဝမ်းလည်းနည်း၊ အားလည်းနည်းနေပြီ…။

ကော်ဖီဆိုင်ရောက်တော့ သူ ယဲ့ယဲ့သာရှိတော့၏။

"အစကတည်းက အပြစ်အရှိဆုံးက မျိုးပါ…။ မျိုးရဲ့စိတ်သာ သံမဏိလို မာကျောနေခဲ့ရင် ဒီပြဿနာ ဖြစ်လာစရာ မရှိပါဘူး…"

ချစ်သူက စီကာပတ်ကုံး ရှင်းပြပါသည်။



ပြဿနာရဲ့ အစက ပြီးခဲ့တဲ့ ဗာလက်တိုင်းနေ့ ညနေခင်းတုန်းက လူတစ်ယောက် အက်စီးဒင့်ဖြစ်လို့ ကူညီရင်းကနေ စခဲ့တဲ့ ပြဿနာတဲ့…။

ဟုတ်မှာပေါ့လေ…။ ကိုယ်ရောက်မလာနိုင်တဲ့ အချိန်အခိုက်အတန့်လေးမှာတင် မာရ်နတ်က လူတစ်ယောက်လွှတ်ပေးလိုက်တာကိုး…။ ဆိုးဝါးလိုက်တဲ့ ကံတရားရယ်…။

အဲဒီအကြောင်း အခုအချိန် ပြန်စဉ်းစားလည်း နေသွင်ညို နောင်တ မရပါဘူး။

သွေးအိုင်ထဲမှာ မရှုမလှလဲနေတဲ့ လူတစ်ယောက်…။ ဝိုင်းအုံကြည့်နေရုံကလွဲပြီး သွားကိုင်ဖို့ကိုပင် လက်တွန့်နေကြတဲ့ လူအုပ်ကြီးကြားထဲကနေ အဲဒီလူကို ဆွဲထုတ်ပြီး သူကယ်တင်ပေးခဲ့တာပဲ…။

ဆေးရုံကြီးရောက်တော့ Over bleeding က ဖြစ်နေပြီ။ ဒီလောက် အကူအညီကြီး ကူညီပြီးတော့မှ ဓိုးကနဲဆတ်ကနဲ ပစ်မထားခဲ့ချင်ပြန်…။ ဒါနဲ့ သွေးအုပ်စုချင်းတူတယ်ဆိုလို့ ဝမ်းသာအားရနဲ့ပဲ သွေးဖောက်ပေးခဲ့တယ်။ အဲဒီအချိန်ရောက်တော့မှပဲ ချစ်သူ့ရဲ့ကားက ပျက်ခဲ့ရတယ်တဲ့…။ မင်းအတွက်လည်း ဝမ်းနည်းရပါတယ် ချစ်သူ…။

"မျိုး သူ့ကို အရမ်းကို မုန်းတာပါ…။ ဒါမှန်သော သစ္စာပါ…။ ချစ်သူရှိပါတယ်လို့ ဖွင့်ပြောထားပါရက်နဲ့ စည်းကျော်ပြီး လိုက်တဲ့အတွက် မျိုး သူ့ကို လုံးဝ favour မပေးခဲ့ပါဘူး…။ မောင့်ကို ဒီကိစ္စဖွင့်ပြောမယ် ကြံတိုင်းလည်း အထ

www.burmeseclassic.com

www.burmeseclassic.com



မပြောက်ခဲ့ဘူး…။ အနောက်အယှက်တွေက တစ်ခုပြီး တစ်ခုဆို သလို ဝင်လာခဲ့တယ်…"

"ဟုတ်လား…ဘယ်လို အနောက်အယှက်တွေလဲ ပျိုး…"

"မောင် ပြန်စဉ်းစားရင် သိပါလိမ့်မယ်…။ အင်ယား ကန်ဘောင်ကနေ တရုတ်တန်းညစျေးရောက်ခဲ့ကြတဲ့နေ့ကလေ။ ဖွင့်ပြောမယ်ကြံတုန်း ကားထဲကို စံပယ်ပန်းလာချိတ်ပေးသွား လိုက်၊ လူတစ်ယောက် မထင်မှတ်ဘဲ ရောက်လာပြီး မောင့်ကို လာနှုတ်ဆက်သွားလိုက်နဲ့လေ…"

"လူတစ်ယောက် မထင်မှတ်ဘဲရောက်လာပြီး မောင့် ကိုနှုတ်ဆက်သွားတယ်။ ဘယ်သူများလဲ…"

"မင်းမင်းအောင်ဆိုတဲ့လူလေ…။ မောင် သူ့အသက်ကို ကယ်ပေးခဲ့တယ် မဟုတ်လား"

"ဪ…"

သူ တစ်စတစ်စ ပြန်မှတ်မိလာရင်း အခြေအနေတွေကို သဘောပေါက်လာသည်။

ဟုတ်တယ်…။

အဲဒီ ညနေခင်းတုန်းက ချစ်သူဟာ သူ့ကို တစ်ခုခု ပြောဖို့ကြိုးစားနေခဲ့ပုံရတယ်။ အဲဒီကိစ္စဟာ ဒီလောက်အထိကြီး ကျယ်နေမှန်း သူ အဲဒီတုန်းက မရိပ်မိခဲ့…။

ဘာပဲပြောပြော…သူ့အပေါ် သူမ သစ္စာတော့ ရှိခဲ့ရှာ တာပဲ…။ သူမသိလိုက်တဲ့ အချိန်အတွင်းမှာ အကျပ်အတည်း



နဲ့ ဖိအားတွေ သူမအပေါ်ရောက်ခဲ့ရတယ်။

"ကောင်းပြီလေ…။ ပျိုး အခုရှင်းပြလို့ မောင်တော် တော်များများကို လက်ခံနားလည်သွားပါပြီ…။ မောင်သိချင် တာတစ်ခုက ဘယ်အချက်ကများ ပျိုး မုန်းပါတယ်ဆိုတဲ့ ယောကျ်ားတစ်ယောက်ကို ပြောင်းပြန်ကြီး သွားစေတာလဲ…။ မုန်းတဲ့လူတစ်ယောက်ကို ချစ်သွားစေတဲ့အချက် မောင့်ကို နား လည်အောင်ရှင်းပြခဲ့ပါဦး…"

ချစ်သူက ဒီမေးခွန်းအတွက် အားနာနေပုံရပြီး တော် တော်နဲ့ မဖြေနိုင်…။

"ပြောပါ…။ လုံးဝ မသားမပါဘဲ ပြောပြစမ်းပါ ပျိုးရယ်…။ မုန်းတဲ့လူတစ်ယောက်ကို ချစ်မိသွားတဲ့ အချက် က ဘာလဲလို့…"

"မောင့်ကို အားနာတယ်…"

"ပြောပါကွာ…"

"မောင်သိချင်ရင် ပြောပြပါ့မယ်…။ အရေးအကြောင်း ကြုံလာရင် ချစ်သူဘက်မှာ မှားမှားမှန်မှန် ရပ်တည်မယ်ဆိုတဲ့ အတ္တသူ့မှာရှိတယ်…။ သူရဲကောင်းဆန်ဆန်၊ တစ်ခါတစ်လေ လည်း မိုက်ရူးရဲဆန်ဆန် သူချစ်တဲ့သူကို အကာအကွယ်ပေး တတ်တယ်။ နောက်ပြီး ဘယ်လောက်အရေးကြီးတဲ့ ကိစ္စနဲ့ကြုံ ကြုံ ချစ်သူကိုပဲ ဦးစားပေးလေ့ရှိတယ်…"

"ဪ…"

ရင်တစ်ခုလုံး စုတ်…ပြတ်…သတ်…မွ…ကြေ…။

www.burmeseclassic.com

www.burmeseclassic.com



ထိုင်ခုံဆွဲရွှေ့လိုက်သံ သဲ့သဲ့…။

ညင်သာစွာရောက်လာတဲ့ ခြေသံလေးတွေ…။

သူ့မျက်နှာတစ်ခုလုံး သူမလက်ဖဝါးနုနုနှစ်ဖက်ကြောင့် အနည်းငယ်မော့သွားခဲ့ရ…။

နဖူးထက် ညင်သာစွာ ကြွေဆင်းလာတဲ့ အနမ်းတစ်ပွင့်…။

"နေပါဦး…ဒါ…နှစ်သိမ့်အနမ်းလား…ပျိုး…"

"မောင်ရယ်…"

အဲဒီနေ့က ကိုယ့်ရဲ့ အသည်းကွဲပြဇာတ်မှာ သူမ မျက်ရည်အစစ်ပဲ သုံးသွားခဲ့တာ ဖြစ်မှာပါ…။

လူ့အသက်တစ်ချောင်းကို ကူညီခဲ့တဲ့ နောက်ဆက်တွဲဆိုးကျိုးက ဒီလောက်အထိတောင် ပြင်းထန်ခဲ့ရလေသလား…။

ကံတရားက သူ့ကို ဆိုးသွမ်းလူငယ်လေးတစ်ယောက်ဖြစ်အောင် တွန်းချခဲ့ပေမယ့် သူ ချောက်နက်နက်ထဲ ဆင်းမသွားခဲ့ပါဘူး…။

အရက်သမားလုံးလုံး မဖြစ်ခဲ့ပေမယ့် ညတွေအိပ်မပျော်ခဲ့ဘူး။ အချစ်ရယ်…။

မင်းထွက်သွားပြီးကတည်းက လစ်ဟာခဲ့တဲ့နေရာလေး အခုအထိ အစားမထိုးရသေးပါဘူး…။

ကိုယ့်နှလုံးသားတစ်ခုလုံး ဆွဲအထုတ်သွားခံခဲ့ရပေမယ့် ကောင်းတဲ့အမှုအကျင့်လေးတွေအားလုံး ကိုယ်အခုအထိ သိမ်းထားတုန်းပါပဲ…။



ကိုယ့်အချစ် စစ်မှန်ခဲ့ရင်တော့ ပြန်ဆုံရပါစေသားလို့ ဆုတောင်းနေမိတယ်။

ကိုယ်ဟာ ပုံပြင်ထဲက မြေခွေးမဟုတ်ပါဘူး ပျိုး…။

ထာဝစဉ် ချစ်နိုင်ပါစေ…။

www.burmeseclassic.com

www.burmeseclassic.com

## အခန်း(၂၂)

အချစ်ဆိုတာ နူးညံ့တဲ့ပန်းကလေးတစ်ပွင့်လို့ ကဗျာဆရာတွေက ပြောတတ်ကြသည်။

သေချာရဲ့လား…။

တစ်ခါတစ်ရံမှာ အချစ်ဆိုတာ ရက်စက်တတ်တဲ့ ယစ်ပုလ္လင်တစ်ခုလို့ မတင်စားနိုင်ဘူးလား…။

အဲဒီ ယဇ်ပုလ္လင်ထက်မှာ နေသွင်ညိုရဲ့ နှလုံးသားတွေကို စတေးပြီးတော့မှ သူမ သြရစိုးနဲ့ချစ်သူတွေ ဖြစ်ခဲ့ကြရသည်။

"ပြတ်သွားကြပြီ…။ very welldone‥ပျိုး အရမ်းတော်တယ်…"

တိုးတိတ်ညင်သာလွန်းပေမယ့် မိုးကြိုးသွားလို စူးရှလှတဲ့ ချစ်သူအသစ်ရဲ့ ကောင်းချီးသြဘာစကား…။

လက်တွေ ဆန့်တန်းပေးခဲ့လို့ တိုးဝင်ခဲ့တဲ့ ရင်ခွင်သစ်တစ်ခု…။

ရင်ခွင်သစ်ကနေ မျှော်ကြည့်လိုက်တော့ လောကသစ်



ဟာ ငွေကြေးနဲ့ အထူးဖန်တီးထားလို့ သဘာဝအရောင်အဆင်းထက် ပိုလို့ပင် တောက်ပလျက်ရှိချေသည်။

သြရစိုးဟာ သူမမရောက်ဖူးခဲ့တဲ့ အထက်တန်းလွှာအသိုင်းအဝိုင်းသစ်တွေဆီကို ခေါ်ဆောင်ပေးစွမ်းနိုင်ခဲ့သည်။

ဟုတ်တယ်…။

ဟိုတယ်ကပွဲခန်းမတွေ…။ ညနေခင်း ပွဲတက်ဂါဝန်လှလှတွေ၊ အော်ပရာပြဇာတ်တွေ၊ ချယ်နယ်ဖိုက်ရေမွှေးရနံ့တွေ‥။ ရှန်ပိန်ထဲ ထည့်စိမ်ထားတဲ့ သြစတြေးလျပန်းသီးစိပ်ကလေးတွေ အားလုံးဟာ ယစ်မူးချင်စရာတွေ ချည်းပါပဲ…။

"စိန်ရင်ထိုးလေးနဲ့ စခဲ့ကြတဲ့ အချစ်ဇာတ်လမ်းပဲလေ…။ ခန်းနားကြီးကျယ်လွန်းတာ ဘာဆန်းလဲ‥"

သူမနဲ့ ချစ်သူဖြစ်ခဲ့တဲ့ ကာလတိုလေးအတွင်းမှာပင် ချစ်သူဟာ Alfa Remeo ကနေ Volvo၊ Volvo ကနေ BMW စသဖြင့် ကားတွေ တစ်မျိုးပြီးတစ်မျိုး ပြောင်းစီးခဲ့သည်။

နာမည်ကြီး Branded တံဆိပ် handset တွေ တစ်မျိုးပြီး တစ်မျိုးပြောင်းကိုင်ခဲ့သည်။

"ဒီကောင်တော်တော် မော်ဒယ်လ်အောက်နေပြီ…။ ကိုယ်လည်း ကိုင်ရတာငြီးငွေ့နေပြီ…"

အဲလို စကားတွေ ကြားရဖန်များတော့ ရက်ရက်စက်စက် ပစ်ထားခဲ့ဖူးတဲ့ မောင့်ကို သူမ သွားသတိရမိ၏…။

"ကျွန်တော်က အချဉ်ကို ရွေးချယ်တာ…သံပုရာသီးကို ရွေးချယ်တာ မဟုတ်ဘူး‥"ဆိုတဲ့ ဒဿနစကားလေးတွေ

www.burmeseclassic.com

www.burmeseclassic.com



ပြန်လည်ကြားယောင် လာမိရသည်။

ပကာသန ဂုဏ်တုဂုဏ်ပြိုင်တွေနောက်ကို တစိုက်မတ်မတ်လိုက်နေတဲ့ လူတစ်ယောက်ကို အေးကနေ ထိုင်ကြည့်နေရတာ တစ်ခါတရံကျတော့လည်း စိတ်ကုန်ချင်စရာတော့ အကောင်းသားလား…။

"ဖျိုး ဒီညနေကိုယ်လာခေါ်မယ့် ပွဲကျရင် ကိုယ်ဝယ်ပေးထားတဲ့ ဝတ်စုံတွေထဲက ဒိုးလက်(စ်)အန်ဂတ်ဘားနား တံဆိပ်ကို ရွေးဝတ်ခဲ့…။ အဲဒီအသိုင်းအဝိုင်းက စင်ကာပူတို့ ထိုင်ဝမ်မိတ်တို့ဝတ်ရင်တောင် နှာခေါင်းရှုံ့တတ်ချင်ကြတာ…။ တော်ရုံဆို မလွယ်ဘူး…"

"ဖျိုး အသက်ရှူကျပ်ပါတယ်ကွာ…။ မလိုက်တော့ပါဘူး…"

"မလိုက်လို့ ဘယ်ရမလဲ ဖျိုးရယ်…။ လူဆိုတာ ဒီလိုပဲ…။ ကိုယ့်အဆင့်အတန်းပေါ် မူတည်ပြီး အသိုင်းအဝိုင်းတွေထဲတိုးတဲ့အခါ ပြုတ်ကျမကျန်ရစ်ခဲ့လေအောင် သတိနဲ့နေတတ်ရတယ်.."

"ဟုတ်သင့်သလောက်တော့ ဟုတ်ပါတယ်။ ဖျိုးကိုယ်တိုင်လည်း ရုပ်ဝတ္ထုပစ္စည်းကို မက်မောသင့်သလောက် မက်မောပါတယ်။ ဒါပေမယ့် ရုပ်ဝတ္ထုပစ္စည်းအပေါ်မှာ အလွန်ကျွံအခြေခံပြီး ဆက်ဆံတတ်ကြတဲ့လူတွေထဲမှာတော့ ဖျိုးမပါဘူး..။ ဖျိုး စိတ်တွေ သိပ်ကျဉ်းကျပ်တယ်.."

"ဒါဟာ..ပြဿနာ အကြီးအကျယ် မဟုတ်ပါဘူး.."



ကိုကတော့ အဲဒီလိုပဲ…။

သူ မနှစ်မြို့တဲ့ စကားတွေကို ဘယ်တော့မှ အတိုက်အခံလုပ်လေ့မရှိဘဲ ခပ်ထွေထွေအပြုံးလေးတွေနဲ့ ပြောပြီးလျော့ချပစ်တတ်ပါတယ်။

ကိုနဲ့ သူမဟာ အချစ်ကိစ္စတစ်ခုတည်းသာ ညှိမျှချင်းချလို့ရနေပြီး ကျန်တဲ့ကိစ္စတော်တော်များများ ဘယ်လိုမှ အီကွေးရှင်းချ မရနိုင်ကြောင်း သူမ တစ်စတစ်စသိလာခဲ့ရသည်။

"မနေ့ညတုန်းက အင်းယားမြိုင်ထဲမှာ လုပ်တဲ့ပွဲကြီးက လုံးဝဂုဏ်တုဂုဏ်ပြိုင်ပွဲကြီး..။ စိတ်ညစ်စရာကြီး သိလား။ ကို မိတ်ဆက်ပေးလို့ သူဌေးနှစ်ယောက်နဲ့တော့ ငါ ရင်းနှီးခဲ့ပါတယ်..။ တစ်ယောက်က Healthy World ပုဂ္ဂလိကဆေးရုံပိုင်ရှင် ဦးသီဟန်ထွန်း…တဲ့။ နောက်တစ်ယောက်ကတော့ Asia Dream က ဆိုလား ဟာ…။ ဦးဒေးဗစ်သန့်လှိုင်..တဲ့…။ သူတွဲလာတဲ့ အစ်မကြီးက တော်တော်ချောတာဟ..။ ပက်ပက်စက်စက်ကိုလှတာ..။ ဘယ်လိုခေါ်မလဲ ညို့ဓာတ်ရှိ တယ်ဆိုပါတော့ဟယ်…"

"ငါတို့သိပ်…။ ယုယမင်းခင်..တဲ့။ အရင်က မော်ဒယ်လိုလို ရုပ်ရှင်မင်းသမီးလိုလို လုပ်လိုက်သေးတယ်။ သူ့အလှတရားကို လက်နက်လို အသုံးချပြီး အဲဒီအဘိုးကြီး ဖမ်းပစ်လိုက်တာပဲ…။ မယားကြီးနဲ့ ကလေးတွေက အမေရိကားမှာလေ…"

"ဟင်…"

www.burmeseclassic.com

www.burmeseclassic.com



ဖြူပြာခင့်စကားကြောင့် သူမ အံ့သြသွားရသည်။

"နင်က ဘာသိလို့လဲ‥။ နာမည်ကြီးချင်တာတစ်ခု တည်းနဲ့ သူ့အလှတရားကို အသုံးချပြီး အနုပညာလောကထဲ ဝင်ခဲ့သေးတယ်လေ။ သူ ကိုင်တဲ့အိတ်က ဒေးဗစ်ဘက်ခမ်း မိန်းမကိုင်တဲ့ အိတ်ပါ…တို့၊ သူဝတ်တဲ့ အင်္ကျီက အင်ဂျလီ နာဂျူလီဆီမှာလည်း ရှိပါတယ်တို့ ပြောပြီးဂျာနယ်ထဲမှာ ဖွတယ် လေ…။ အကောင်းစား ပစ္စည်းတွေ ကိုင်နိုင်တိုင်း သူ့စိတ်က အထက်တန်းစားဆန်ခဲ့လို့လား…။ စပွန်ဆာရဖို့ တစ်ခုအတွက် နဲ့ သူများ အိမ်ထောင်ရေးထဲ ဝင်ရှုပ်ခဲ့တဲ့ မိန်းမ…။ အခု သူ အနုပညာအလုပ်တွေလည်း မလုပ်တော့ပါဘူး‥။ စပွန်ဆာက နိုင်သွားပြီဆိုတော့ သူ့ဒွေးကီပင်ဘဝကိုပဲ ပျော်ပျော်ကြီး ခံယူ သွားပြီ‥။ အဲ…စပွန်ဆာခကတော့ မြင့်တယ်နော်…။ ဝင်ဒါ မီယာထဲမှာ တိုက်တစ်လုံး ဝယ်ပေးရတာတဲ့…ဟ"

ဗေဒင်ရှူး မိစိမ့်ပြောတော့မှ မနှေ့ညနေတုန်းက ကိုယ့် ကို သူမကြည့်ခဲ့တဲ့ အကြည့်အရှုတွေကို တစ်ချက်မြင်ယောင် လိုက်ရင်း ကျောထဲ စိမ့်တက်သွားရလေတော့၏။

"ဟုတ်လိမ့်မယ်‥။ မနှေ့ညနေတုန်းက ကိုက သူ့အ ဘိုးကြီးနဲ့ ငါ့ကို မိတ်ဆက်ပေးတော့ သူငါ့ကို တစ်ကိုယ်လုံး သိမ်းကျုံးပြီး ကြည့်လိုက်တယ်ဟ…။ ခဏမှ ခဏလေးရယ်။ သူ့ကြည့်ရတာ တစ်ဖက်သားကို အဲဒီလို ကြည့်တဲ့နေရာမှာလည်း ကျွမ်းကျင်ပုံရတယ်။ နောက်တော့ သူ့ စိတ်ထဲငါ့ကို အသိအ မှတ်ပြုလို့ရသွားတယ် ထင်ပါရဲ့…။ ပြုံးပြတယ်‥ဟက်ဟက်



ပက်ပက် လှိုက်လှိုက်လှဲလှဲတော့ မဟုတ်ဘူး…"

"နင် မနေ့က ဘာဝတ်သွားလဲ…"

"ဖိနပ်ကော အင်္ကျီရော နာမည်ကြီး brandပဲလေ…။ DGတွေ…"

"အေး…အဲဒီအရှိန်အဝါကြောင့်နင့်ကို သူ ပြုံးပြလိုက် တာ။ နို့မို့ဆို အဖတ်တောင် မလုပ်ဘူး…"

"ဟူး…မလွယ်ပါလားဟာ‥"

"သူတွဲတဲ့ အဘိုးကြီး ဒေးဗစ်သန်းလှိုင်ဆိုတာလည်း ကျိုကျိုတက်ချမ်းသာတယ်ဆိုတာတော့ ဟုတ်တယ်။ ဒါပေမယ့် သူ့ရဲ့ ပိုင်ဆိုင်မှုတော်တော်များများက မသန့်ရှင်းခဲ့ဘူး‥။ အရင် ခေတ်ကျပ်ကြီးတုန်းက အာဏာပိုင်တွေနဲ့ ပေါင်းပြီး သူတို့အရှိန် အဝါတွေ အသုံးချ၊ မြေတွေ လယ်တွေသိမ်း‥။ အကွက်သစ် တွေရိုက်၊ ကျွန်းသစ်လုပ်ကွက်တွေ လက်ဝါးကြီးအုပ်လေလံဆွဲ၊ တစ်တောလုံး ပြောင်အောင်ခုတ်၊ ဒေါ်လာဈေးတွေ ဝင်ကစား… အဲဒီလို ဘယ်သူသေသေ ငတေမာပြီးရော လူတွေ…"

"တိုင်းထွာလို့ ရတဲ့ ရုပ်ဝတ္ထုပစ္စည်းတွေ ချမ်းသာပြီး၊ လွယ်လွယ်နဲ့ မြင်လို့ကြည့်လို့ မရတဲ့ စိတ်ဓာတ်တွေကျတော့ ဆင်းရဲနေကြတာကိုး…။ ဟင်း…"

"စောစောက နင်ပြောတဲ့ Healthy World ပိုင်ရှင် လည်း ဘာထူးလဲ‥။ နိုင်ငံတကာမှာ black List ပြထားခံရတဲ့ သူ…။ အစိုးရနဲ့ငြိမ်းချမ်းရေးယူလိုက်တာ ဘာကြာသေးတာမှတ် လို့…။ အရင်က နယ်စပ်မှာ ဘိန်းနဲ့ ချမ်းသာလာခဲ့တယ်ဆိုပြီး

www.burmeseclassic.com

www.burmeseclassic.com



နာမည်တွေကြီးနေတာ။ အခုမှလေကြောင်းလိုင်းတွေ အင်တာနေ ရှင်နယ် စကူးလ်တွေ ဘဏ်တွေ ဖွင့်ပြီး သူတော်ကောင်းယောင်ဝင် ဆောင်ပစ်လိုက်တာ…”

စိတ်ညစ်ညစ်နဲ့ သူမ မွေ့ရာပေါ် ပစ်လှဲပစ်လိုက်သည်။

“ကိုနဲ့ ချစ်သူဖြစ်တာ ဘာတွေရလာဒ်ထွက်လာသလဲ ဆိုတော့ စောစောက ယုယမင်းခင်လို ဆိုက်ကိုတွေ ဝင်လာတယ်။ လူတစ်ယောက်ကို မြင်တာနဲ့ သူ ဘာတံဆိပ် ဝတ်သလဲ..။ ဘာကားစီးလာသလဲ။ ဘယ်လိုဆိုင်တွေမှာ သွား ဖြုန်းနိုင်သလဲ။ အဲဒါတွေ ငါစပ်စုတတ်လာတယ်။ ဒါတွေဟာ မကောင်းမှန်း ငါသိပါတယ်။ သိပ်လည်း ပူလောင်လွန်းတယ်။ အခု အဲဒီစိတ်တွေ လျှော့ချဖို့ ငါ ကြိုးစားရတော့မယ်…။ စိတ်ကို အရမ်းအေးချမ်းချင်တယ်ဟာ…”

သူမ မျက်လုံးစုံမှိတ်ပြီးတော့သာ အသက်ကို ပုံမှန်လေး ရှူနေမိသည်။

ဒီနေ့ သူမတို့ စာအုပ်တိုက်ကနေ စာအုပ်တစ်အုပ် အသစ်ထွက်တဲ့ နေ့လေးတစ်နေ့ပါ…။

အသွင်သစ်ရဲ့ ဝိုင်းတော်သား နေသွင်ညိုရဲ့ လက်ရာ တော့ အဲဒီစာအုပ်ထဲ ပါမလာခဲ့တော့…။

ဒီကိစ္စဟာ သူရောကိုယ်ပါ နာကျင်ရတဲ့ကိစ္စတစ်ခု ပါပဲ…။

“အရင် အခြေအနေ…အရင်ဘဝလေးကို ငါ ခဏ ခဏ လွမ်းလာမိတယ်…”



“နှင့်ရင်ထဲမှာ နေသွင်ညို ရှိနေသေးတယ် မဟုတ် လား…”

မျက်လုံးကို မှိတ်ပြီးသာ သူမ ခေါင်းခါနေမိတော့၏။

“ဒီအချိန်ဆို သူ့ စိတ်တွေလည်း အနယ်ထိုင်သွား လောက်ပါပြီ…”

“… … … … …”

ထိုစဉ် သူမ ဟန်းဖုန်းမြည်လာ၍ ကြည့်လိုက်ရာ မသိ ကျွမ်းသည့် ဖုန်းနံပါတ်တစ်ခု ဝင်လာ၏။

“ဟဲလို…”

“… …”

“ဟဲလို…”

“… …”

တစ်ဖက်က ဘာမှပြန်မဖြေ…။

“ဟဲလို…”

“… …”

သူမ မျက်မှောင်ကျုပ်မိသွားရပြီ။ ဘာလဲဟ..။

“ဟဲလို…”

“… … …”

ဟင်…။

ရှိုက်သံသဲ့သဲ့…။

“ဟဲလို ပြောပါ…။ ဘယ်ကို ဆက်နေတာလဲ…”

တစ်ဖက်က ဖုန်းချသွားလေပြီ…။

www.burmeseclassic.com

www.burmeseclassic.com



သူငယ်ချင်း နှစ်ယောက်စလုံး စိတ်ဝင်စားနေသဖြင့်…

"အဲဒီ ဖုန်းနံပါတ် ငါ မသိဘူး…။ မေးတာလည်း မဖြေဘူး…။ ဖုန်းချခါနီးတော့ မိန်းမတစ်ယောက်ရဲ့ ရှိုက်သံသဲ့သဲ့ ကြားလိုက်ရတယ်…ဘာတွေလဲဟာ…"

"ငါ ပြောရင် နင်စိတ်ဆိုးမှာလား…"

မိစိမ့်ရဲ့ စကား…။

"မဆိုးပါဘူး ပြော…"

"ဩရစိုးနဲ့ ချစ်သူဖြစ်ဖို့ နေသွင်ညိုရဲ့ နှလုံးသားတွေ စတေးလိုက်ရသလိုပဲ တစ်ဖက်မှာလည်း နင်နဲ့ချစ်သူဖြစ်ဖို့၊ သူ ဌေး တစ်ယောက်ကို တပ်မက်တဲ့ မိန်းကလေးဘယ်နှစ်ယောက်ရဲ့ နှလုံးသားတွေ စတေးလိုက်ရမှန်း နင်သိနိုင်မလား…"

"ဟေ…"

ရင်ထဲ အသည်းထဲအထိ ထုတ်ချင်းပေါက် ဝင်ရောက်လာတဲ့ စိမ့်သီတာရဲ့ စကား။ ဟုတ်တယ်။

ဒီကိစ္စကို သူမဘာ့ကြောင့်များ စောစောကတည်းက မစဉ်းစားမိခဲ့ရပါလိမ့်။

ကိုနဲ့ သူမ ချစ်သူဖြစ်ရဖို့ ဘယ်သူ့နှလုံးသားတွေချနင်းခဲ့ပြီး၊ ရင်ဘတ်ဘယ်နှစ်ခုလောက် မွကြေခဲ့ရလေမလဲ။

စောစောက ရှိုက်သံသဲ့သဲ့နဲ့ မိန်းမကရော ဘယ်သူလဲ…။

⁂

## အခန်း(၂၃)

"လုပ်သက်နုတဲ့ ဝန်ထမ်းထဲက အယောက် ၂၀ ဖြုတ်မယ်…ဟုတ်ပြီလား…"

အထဲမဝင်ရသေးခင် ရုံးခန်းတံခါးဝကနေ ခပ်သဲ့သဲ့ ကြားလိုက်ရတဲ့ ကို့စကားကြောင့် သူမ မျက်ခုံးတစ်ချက်တွန့်ရင်း ခြေလှမ်းများ ရပ်တန့်သွားရလေတော့၏…။

"ကြည့်ကျက်ဖြေရှင်းလိုက်စမ်းပါဗျာ…။ သူတို့ လုပ်သက်နုပါသေးတယ်။ အထာမနပ်သေးပါဘူး…"

ကို့ လေသံက သူမ ကြားနေကျ လေသံမျိုးမဟုတ်ဘဲ သွေးအေးပြီး ရက်စက်တတ်တဲ့ လေသံမျိုးပေါက်နေတာမို့ သူမ မသိမသာရပ်ပြီး နားစွင့်နေခဲ့ မိတော့သည်။

တစ်ဖက်က ဘာတွေ ပြောဆိုနေတယ်ရယ်တော့ မသိ။

ကို့လေသံက မသိမသာနဲ့ မာထန်လာပြီး…

"အခွင့်အရေးဆိုတာ တောင်းတတ်တဲ့သူမှ ရတာပါဗျာ…။ ဖြုတ်မယ့်အထဲမှာ မြေပွေးတစ်ကောင်မှ မပါဘူး…။ မကျေ

www.burmeseclassic.com

www.burmeseclassic.com



နပ်လို့ complain တက်လာတဲ့ ဝန်ထမ်းရှိလာရင် လက်သိပ်ထိုးပြီး ဖြေရှင်းပေးလိုက်ဗျာ..။ ဟုတ်ပြီလား...။ ခင်ဗျားစာအုပ်ကြီးအတိုင်း ဖြုတ်မယ့်ဝန်ထမ်းအားလုံးကို သုံးလစာ ပေးပစ်လိုက်ရင် အယောက် ၂၀..။ ကျွန်တော် သိန်းရှစ်ဆယ်လောက် လစ်သွားမှာပေါ့...''

ဘုရား...ဘုရား...။

ခေါ်ခန့်တုန်းက သူ့စိတ်ကြိုက် တစ်ဖက်သတ် စာချုပ်တွေ လက်မှတ်ရေးထိုးနိုင်းခဲ့ပြီး၊ ဖြုတ်တော့မှ ဒိုင်လျှိုဖြုတ်ချပစ်မလို့...တဲ့။ အဲဒီ ဝန်ထမ်းတွေမှာ ဘာအပြစ်ရှိလို့ပါလိမ့်..။

''ဟုတ်တယ်...။ အဲဒီတုန်းကတော့ ဟုတ်တယ်။ ခေတ်ကလည်းကောင်းတယ်လေဗျာ..။ အခုက အရင်လိုမဟုတ်ဘူး။ ဥပဒေတွေကိုက ဒီနေ့နဲ့ မနက်ဖြန်တူတာမဟုတ်ဘူး။ ဒီတော့ အများမိုးခါးရေသောက်ရင် ကိုယ်လည်း မိုးခါးရေသောက်ရမှာပဲ။ ဘဝဆိုတာ ကြမ်းပါတယ်ဗျာ...။ ကျွန်တော်တို့လည်း ဒီလိုပဲ အလူးလူးအလဲလဲနဲ့ တက်လာခဲ့ရတာပါ...အိုကေ...။ ဒီလကုန် လျှော့ပေါ့ရေးလုပ်ပစ်လိုက်တော့ဗျာ။ ဝန်ထမ်းစရိတ်တွေ တစ်လ တစ်လအရှုံး တက်နေပြီ...ဒါပဲ...ဒါပဲ...''

သြော်...။ လက်စသတ်တော့ နစ်နာကြေးမပေးဘဲ ဖြုတ်ထုတ်သတ် အစီအစဉ်လုပ်နေတာကိုး...။

စိတ်ဆင်းရဲစရာ ကောင်းလိုက်တာ...။

သူ ဖုန်းပြောပြီးတော့မှ သူ့ရုံးခန်းတံခါးကို အသာအယာ ခေါက်လေတော့



''ဘယ်သူလဲ..''

အတွင်းရေးမှူးမလေး ထင်လို့နဲ့ တူပါရဲ့။ လေသံက မာမာထန်ထန်။

ဝင့်ရှင်ပျိုး ဝင်သွားလိုက်တော့မှ စောစောကနဲ့ မဆိုင်တော့တဲ့ ဟန်ဆောင်မှု မျက်နှာချိုချို မျက်နှာဖုံးကလေး တပ်လိုက်ရင်း...။

''ပျိုး...ဘယ်တုန်းက ရောက်နေတာလဲ...''

''အခုပဲ...''

အတော် ပိရိလေတဲ့ ယောက်ျား...။

သူ့ကိုယ်သူ တစ်ချက်တော့ မလုံသလို ဖြစ်သွားပြီးနောက်တော့ ပေါ့ပေါ့ပါးပါးကလေးပင်...။

''ခဏလေးနော်...ကိုယ် ဒီမှာ လုပ်လက်စလေးတွေနည်းနည်းရှင်းလိုက်ဦးမယ်။ ပြီးတော့ သွားကြတာပေါ့...''

''ရတယ်...လုပ်ပါ...''

သူမကို ခပ်ဖွဖွကလေး နမ်းရင်း ရုံးခန်းထဲက ခဏထွက်သွား၏။

နောက်ကို သူမလာရင် သူ့ကို အရင်ဆုံးလာပြောဖို့ ရုံးဝန်ထမ်းတွေကို သွားဆူနေလေရယ်သလားတော့ မသိ။

သူမ သက်ပြင်းရှည်တစ်ခုသာ ချလိုက်မိပါတော့၏။

ချမ်းသာမှုရဲ့ နောက်ကွယ်မှာ လူမသိ သူမသိ တစ်ကိုယ်ကောင်းဆန်ရက်စက်မှုတွေ ရှိနိုင်ပါသလား...။

အိုး...ရှိနိုင်တာပေါ့...ဒါဆို လူတွေဟာ ချမ်းသာလာ

www.burmeseclassic.com

www.burmeseclassic.com



လေလေ နှလုံးသားကင်းမဲ့လာလေလေပဲလား…။

လောလောဆယ် သူမစိတ်တွေ သိပ်ရှုပ်ထွေးနေမိသည်။

ကိုလည်း တော်တော်နဲ့ ရုံးခန်းထဲ ပြန်ရောက်မလာ။ ဒါနဲ့ ရုံးခန်းထဲ ဟိုဟိုဒီဒီ အကြည့်ဝဲတော့ စာအုပ်ကလေးတစ်အုပ် အမှတ်မထင်တွေ့လိုက်ရ၍ သူမပြုံးမိရပြန်သည်။

ကြည့်စမ်း…။

ကြီးမားတဲ့ ဘဝတစ်ဆစ်ချိုးတွေကို ချိုးကွေ့စေခဲ့တဲ့ စာအုပ်ကလေးတစ်အုပ်၊

တနည်း ပြောရမယ်ဆိုရင်ဖြင့် ပြီးခဲ့တဲ့ ဇာလက်တိုင်းနေ့တုန်းက ထုတ်ဝေခဲ့တဲ့…'အချစ်လား…သူရှိတယ်'စာအုပ်ကလေး…။

စာအုပ်ကလေးကို ကောက်ကိုင်လိုက်တော့ (မောင့်ကိုမမေ့သေးတာပဲလား။ ဘာလားတော့မသိ) သူမ လက်ချောင်းတွေက စာမျက်နှာ ၁၁၀သို့ အလိုလို ရောက်သွားလေသည်။

"ဟင်…"

ဘယ်လိုကြီးလဲ…။

မောင့်ရဲ့ ဝတ္ထုတိုလေးပါတဲ့ စာမျက်နှာ အရွက်နှစ်ဆယ်စလုံး ဆုတ်ဖြဲခံထားရသည်။

သြော်…မောင်ရယ်…စိတ်မကောင်းလိုက်ရတာ…။

အရှုံးနဲ့ ကြည်ကြည်ဖြူဖြူ ထွက်ခွာသွားပေးခဲ့ရတဲ့ လူတစ်ယောက်အပေါ်တောင် သူက ဒီလောက် အနိုင်ယူရက်တာလား…။



ခြေသံသွဲ့သွဲ့ကြားလိုက်ရ၍ ကိုယ်ထုတ်ဝေခဲ့တဲ့ စာအုပ်ကလေးကိုပင် ကြောက်လန့်တကြား ပစ်ချမိလိုက်ပါတော့၏။

မောင့်ကို ဆက်ဆံရတာနဲ့ သူ့ကို ဆက်ဆံရတာ မတူပါဘူး။

မောင့်ကျတော့ အရင်းနှီးဆုံး သူငယ်ချင်းလို မောင်နှမလို ချစ်သူလို ဟန်ဆောင်ခြင်း၊ ဖုံးဖိမျိုသိပ်ထားခြင်း ကင်းမဲ့စွာ သူမ ဆက်ဆံလာခဲ့သလောက် ကို့ကျတော့ အဲဒီလောက်လျော့မတွက်ရဲ…။

"ကို ပြီးပြီ ပျိုး…သွားကြမလား…"

"ဟုတ်…"

အရာရာဟာ ဗိဗိရိရိပါပဲလား…။

ကွယ်ရာမှာ မောင့်အပေါ် အညှိုးအတေးကြီးသလောက် သူမရှေ့ရောက်တော့ ဘာမှမဟုတ်သလို…။

စဉ်းစားရခက်တဲ့ လူ့စိတ်တွေ…။

www.burmeseclassic.com

www.burmeseclassic.com

## အခန်း(၂၄)

မိန်းကလေးတွေဆိုတာကတော့ ဒီလိုပါပဲ…။

အထက်တန်းလွှာချစ်သူတစ်ယောက်နဲ့ တွဲခုတ်ရတဲ့အခါ တခြားမိန်းကလေးတွေရဲ့ အားကျအကြည့်နဲ့ အကြည့်ခံရတဲ့အခါတိုင်း ပီတိတော့ ဖြစ်ကြရစမြဲပဲ…။

ကိုနဲ့တွဲလို့ အားကျအကြည့်တွေ သူမ မကြာခဏဆိုသလို ရင်ဆိုင်ကြုံတွေ့ခဲ့ရဖူးပြီ…။

အခု လူတစ်ယောက် သူမကို စိုက်ကြည့်နေသည်။

ဘယ်သူများလဲ…။ မြင်ဖူးသလိုလို…။ ဒါနဲ့ သူမ ပြန်လှည့်အကြည့်‥။ ထိုသူကလည်း သူမနည်းတူ ပြန်လှည့်အကြည့်…။

သူမ ကြောင်အမ်းအမ်းနှင့်ပင် နားလည်သဘောပေါက်သွားရချေပြီ‥။

မင်းမင်းအောင်‥။

တနည်း မောင် အသက်ကယ်တင်ပေးခဲ့တဲ့သူ…။



သူမနဲ့လည်း မောင် တစ်ချိန်က မိတ်ဆက်ပေးထားဖူးသဖြင့် ဝင့်ရှင်ပျိုးကို သူ့ အသက်ကယ်တင်ရှင်ရဲ့ ချစ်သူလို့သာ သိထားလေရာ….

အခုလို ဩရစိုးနဲ့ ဖြုန်းစားကြီး မြင်တွေ့လိုက်ရသဖြင့် မင်းမင်းအောင်မှာ အံ့ဩသွားရသလို တစ်ခုခုကို စဉ်းစားသလို ဖြစ်နေသည်။

နောက်တော့ ထိုသူ သူမ မြင်ကွင်းအောက်မှာ မရှိတော့…။

ရှက်စိတ်နဲ့ မျက်နှာနွေးပြီး ကျန်ခဲ့ရသူဆိုလို့ သူမတစ်ယောက်သာ…။

လူတွေ သိပ်မသိကြတဲ့ ငါ့ရဲ့တစ်ကိုယ်ကောင်းဆန်မှုတွေ၊ အတ္တတွေကို ရိပ်စားမိသူတွေကတော့ ရိပ်စားမိကုန်ပြီ‥။

ပန်းခင်းလမ်းလို့ ထင်ခဲ့တဲ့ မောဟများတဲ့လမ်းကို လျှောက်ရတာ ထင်ထားတာထက်တောင် ပို၍ပင်ပန်းလို့နေ၏။

သိပ်မကြာ…။ နောက်ရက်အနည်းငယ်အကြာမှာပဲ‥။

နောက်ထပ် အကြည့်တစ်ခုကို ထပ်မံရင်ဆိုင်ရပြန်သည်။

ခပ်ချောချောကောင်မလေးတစ်ယောက်ရဲ့ သွေးအေးပြီး နာကျည်းနေတဲ့ အကြည့်တစ်ခုက သူမအပေါ် ဘယ်အချိန်ကတည်းက ရောက်နေမှန်း မသိခဲ့ရ။

နောက်တော့ သူမကို ဝင့်ရှင်ပျိုး ရိပ်စားမိသွား၍ မာန့်နှင့်မျက်နှာလွှဲသွားခဲ့တော့၏။

www.burmeseclassic.com

www.burmeseclassic.com



ဘုရားရေ…။

သူတို့တွေဟာ စိမ့်သီတာပြောသလို အချစ်ဆိုတဲ့ ယစ်ပုလ္လင်မှာ ကိုနဲ့ကျွန်မချစ်သူတွေ ဖြစ်ကြဖို့ နှလုံးသားတွေ စတေးသွားခဲ့ရတဲ့ မိန်းကလေးတွေလား…။

ဟိုးတစ်ရက်က ကြားခဲ့ရတဲ့ ဖုန်းထဲက မိန်းမတစ်ယောက်ရဲ့ ရှိုက်သံသဲ့သဲ့…။

ဟာ…ဘာတွေလဲ…။

ကို…ဘယ်မိန်းကလေးတွေကိုများ တစ်ကိုယ်ကောင်းဆန်ပြီး သွေးအေးအေးနဲ့ ရက်စက်ခဲ့ဖူးသလဲ…။

ကို့ကို မေးတော့ကြည့်ချင်သည်။

ခက်တာက ဒီရက်ပိုင်း သူ့ မျိုးအပေါ် ဆက်ဆံရေးတွေကလည်း တစ်မျိုးပါပဲ။ ချစ်သူ့သက်တမ်း နည်းနည်းရှည်ကြာလာ၍ ငြီးငွေ့သွားသည်လို့တော့ မထင်။

သူ့အလုပ်တွေနဲ့သူ ဘာတွေ စိတ်ရှုပ်နေမှန်း မသိ။

ကိုယ့်ကို အော်ချင်သလို ငေါက်ချင်သလို လုပ်နေ၍ တစ်ရက်လည်း စိတ်ဆိုးခဲ့ရပြန်သည်။

နောက်တော့ သူ့ဘက်က စချော့တတ်စမြဲ…။

"အလုပ်တွေက ကို ထင်ထားသလို သိပ် အဆင်မပြေဖြစ်နေလို့ပါ…။ ကို မျိုးကို ငေါက်တာမဟုတ်ပါဘူး။ အခုရသလောက် စိတ်တွေလျှော့တယ်။ ဒီကြားမှာ ကို လွန်တာရှိရင် သည်းခံနော်…ဟုတ်ပြီလား.."

ဒီကြားမှာ…။



အင်း…။ ဒီကြားဆိုတဲ့ ကာလက အတော်လေးတော့ ရှည်လျားခဲ့ပါသည်။

ဖြစ်နိုင်လျှင် ဒီလို အဆင်မပြေဖြစ်နေတဲ့ နေ့ရက်တွေကို သူမအလျင်အမြန် ကျော်ဖြတ်ပစ်လိုက်ချင်သည်။

တစ်ခါတစ်ရံ ချိန်းထားပြီး ပေါ်မလာ…။ မေ့နေလို့…။ ဆောရီး…တဲ့။

တစ်ခါတစ်ရံ ပြောလည်း မကြား…။ စဉ်းစားနေလို့ပါ…။ ဆောရီး…တဲ့။

တစ်ခါတစ်ရံ အရမ်းကို ရယ်မောလို့…။ မျိုးကို ရှင်းပြရမှာ နည်းနည်းတော့ ရှည်မယ်ကွ…။ နောက်အေးအေးဆေးဆေးမှ ရှင်းပြတာပေါ့လို့ဆိုကာ ဆက်၍ရယ်နေပြန်သည်။

ကိုပဲ ရူးနေပြီလား…။ သူမပဲ ရူးနေပြီလား…။ မသိတော့။

ဘာမှကို မသိတော့…။

www.burmeseclassic.com

www.burmeseclassic.com

## အခန်း(၂၅)

အဖြစ်အပျက်ကတော့ လုံးဝ အိပ်မက်ဆန်ဆန်ပင်…။

ဖြူလွှနေသည့် အနောက်တိုင်းဝတ်စုံကို စမတ်ကျကျ ဝတ်ဆင်ထားသူ ဩရစိုးမှာ အိပ်ယာဝင်ပုံပြင်တွေထဲက သူရဲကောင်းတစ်ယောက်ထက်တောင် ကြည့်ကောင်းနေပြီး ဝင့်ရှင်ပျိုးမှာလည်း ဖြူလွှနေသည့် ဇာဂါဝန်ကလေးနဲ့မို့ ဒဏ္ဍာရီထဲက သတို့သမီးတစ်ဦးနှယ်…။

"ကိုယ် ပျိုးနဲ့ စ,တွေ့တုန်းက ပေးခဲ့တဲ့ ရင်ထိုးကလေး တွယ်လာခဲ့ပါ။ အဖြူရောင် ဇာဂါဝန်လေး ဝတ်လာခဲ့ပါ။ ပြီးတော့ ပျိုး ကိုနဲ့ချစ်သူမဖြစ်ခင် ညတွေဖုန်းပြောတဲ့အခါတိုင်း ကိုယ်ပြောနေကြ မြက်ခင်းလွင်ပြင်ဆိုတာလေ…ပျိုး မှတ်မိလား…"

အဲဒီနေ့ မတိုင်ခင်တုန်းက ပြောခဲ့တဲ့ သူ့ရဲ့ စိတ်လိုလက်ရစကားတွေ။ သူမ ခေါင်းညိတ်ပြတော့…။

"အင်း…မြက်ခင်းလွင်ပြင်တွေ ရှိရာဆီကို ကိုတို့လက်



တွေ့ကျကျ သွားရအောင်"

"နေပါဦး…ကိုရဲ့…အမြဲတမ်း အလုပ်တွေ၊ ပြိုင်ဆိုင်မှုတွေ၊ ဖိအားတွေနဲ့ ရှုပ်ယှက်ခတ်နေတဲ့ လူတစ်ယောက်က အခုမှ ဘာ့ကြောင့် ရိုမန့်တစ်ဆန်လာရတာလဲ…။ ပျိုးနားမလည် နိုင်တော့ဘူး…"

"အဟားဟား…ဒီလို ပျိုးရေ…အရင်ရက်တွေ။ အရင်လတွေတုန်းက ငွေကြေးနောက်ကို ကို တောက်လျှောက်လိုက်ပြီး စိတ်တွေ ဆင်းရဲခဲ့ရဖူးတယ်။ အခု လုပ်ငန်းပိုင်းမှာလည်း ပြင်ဆင်သင့်တာတွေ အားလုံးပြင်ဆင်ပစ်လိုက်ပြီ…။ စိတ်တွေလည်း ပြင်ဆင်ပစ်လိုက်ပြီ··။ လက်တွေ့ကျကျ ပျော်ရွှင်ချမ်းမြေ့တဲ့ဘဝကို ကိုအရယူတော့မယ်…။ ကို့ရဲ့ စိတ်ကူးယဉ်အိပ်မက်ထဲက မြက်ခင်းလွင်ပြင်ကို ကိုတို့ လက်တွေ့ကျကျသွားကြရအောင်…။ ပျိုး ကိုယ်ပြောတဲ့ အတိုင်းလေးသာ ဝတ်လာခဲ့နော်…"

နေသာတဲ့ တနင်္ဂနွေနေ့လေးတစ်နေ့မှာပေါ့…။

ဖြူလွှနေတဲ့ အနောက်တိုင်းဝတ်စုံကို ဝတ်ဆင်ထားတဲ့ လူရွယ်တစ်ယောက်နဲ့ ဖြူလွှနေတဲ့ ဇာဂါဝန်ကားကားလေး ဝတ်ဆင်ခဲ့ကြသူ ကောင်မလေးတို့နှစ်ယောက်ဟာ ဆင်စွယ်ရောင် မာစီးဒီးကားကြီးကိုစီးပြီး ဟိုင်းဝေးလမ်းမကြီးပေါ် ရောက်လာခဲ့ကြသည်။

ကားမောင်းရင်း သူ ညည်းဆိုနေတဲ့ သီချင်းတွေ အားလုံးဟာလည်း အချစ်သီချင်းတွေပါပဲ…။

သူဟာ တစ်ခါတစ်ရံမှာ အတ္တကြီးတစ်ကိုယ်ကောင်း

www.burmeseclassic.com

www.burmeseclassic.com



ဆန်တတ်မှုတွေကြောင့် စိတ်ကုန်ချင်စရာ ကောင်းသလောက် တစ်ခါတစ်ရံမှာလည်း အခုလို နှားလည်ရခက်စွာ ရှိမန့်တစ်ဆန် တတ်သူ တစ်ယောက် ဖြစ်လေတော့၏။

ဘယ်လိုပဲပြောပြော…။

ချစ်သူ ပျော်နေတာတွေ့တော့ သူမလည်း အပျော်တွေ ကူးစက်ကာ ပျော်ရပါသည်။

-- i will stand by you forever...you can take my breath away ---

သူ ဆိုညည်းနေသည့် အင်္ဂလိပ်သီချင်းတွေကိုလည်း သူမ ရသလောက် လိုက်ဆိုနေမိ၏…။

"ကို…အရမ်းဝေးလာခဲ့ပြီနော်…။ ပြန်လှည့်ကျရင် ကောင်းမယ်နဲ့တူတယ်.."

"အသွားအပြန် ဘယ်လောက် ကြာနိုင်မလဲဆိုတာ ကိုယ်သိပါတယ်။ မိုင်တိုင် ဖ၀လောက်အထိ သွားရအောင်…။ အဲဒီနေရာလေးက အရမ်းလှတယ်ပျိုးရဲ့… ဝါဥမ်းခင်းတွေရှိ တယ်။ ပဲခူးရိုးမရဲ့ အရမ်းလှတဲ့ တောင်ကြောတစ်ခုကို အနီးကပ် လှမ်းမြင်နေရတယ်။ နောက်ပြီး…စမ်းချောင်းလေးတစ်ခုလည်း ရှိတယ်။ အဲဒီမှာ ခဏနားပြီးမှ ပြန်ကြတာပေါ့"

အဲဒီလိုနဲ့ နာရီအနည်းငယ်ကြာတော့ ကိုပြောတဲ့နေရာ ကလေးဆီ ရောက်ခဲ့ကြသည်။

"ဟား… …"

လတ်ဆတ်လိုက်တဲ့ လေနုအေးတွေ…။



"ဆင်းဦး..ပျိုး…။ ကိုယ်တို့ အချစ်အကြောင်းတွေ ပြောရအောင်…မရယ်ကြေးနော်…Let's talk about Love.."

"ဟင်… …"

သူမ အံ့သြသွားတော့ သူက ရယ်ပါသည်။

"ဟား…ဟား…ဟုတ်တယ်လေကွာ…ကို ပျိုးကို လိုက်ခဲ့တုန်းက ရင်ခုန်သံတွေက အရမ်းကို ပူနွေးတာ…။ အခု လည်း အေးစက်နေတယ်တော့ မဟုတ်ပါဘူး..။ ဒါပေမယ့် အနေအထားတစ်ခုအထိတော့ အနယ်ထိုင်နေပြီ…။ လာပါ… ကိုယ်တို့ ရည်းစားဦးတုန်းက ခံစားချက်မျိုးနဲ့ အချစ်အကြောင်း တွေ ပြောရအောင်…"

တယ်ဆိုတဲ့စာပဲ…။

ကြည့်ရတာ လက်ထပ်ခွင့်တောင်းတော့မယ် ထင်ပါ ရဲ့…။

ကားတံခါး ဆွဲဖွင့်ပြီး သူလက်တစ်ဖက် ကမ်းပေးလိုက် တယ်ဆိုရင်ပဲ သူမ ဆင်းလာမိသည်။

သူ ခေါ်ဆောင်ရာ ကျယ်ပြန့်တဲ့ မြက်ခင်းလွင်ပြင်ရှိ ရာဆီသို့…

www.burmeseclassic.com

www.burmeseclassic.com

## အခန်း(၂၆)

"မျိုးကို ကိုယ်အရမ်းကို ချစ်ပါတယ် ကွာ..."

လေတစ်ချက်ဝှေ့လိုက်တိုင်း လယ်ကွင်းထဲက ကောက်ပင်တွေ အလိုက်သင့် ယိမ်းနွဲ့သွားကြသလို သူမစိတ်တွေသည်လည်း သူ့ရဲ့ အကြင်နာ၊ အဖက်ပွေ့တွေကြား ယိမ်းလိုက်နွဲ့လိုက် ဖြစ်နေရသည်။

ကွင်းပြင်ကျယ်ကြီးမှာ...။

မျက်စိတစ်ဆုံး လှပကျယ်ပြန့်တဲ့ ရှုမျှော်ခင်းကြီးတစ်ခုထဲမှာ...။ ကိုယ်တစ်ခါမှ မကြားဖူးတဲ့ တီတီတာတာ ကျေးငှက်သံတွေကြားမှာ...။ ကျောက်တုံးလေးတွေကြားကို ဖြတ်သန်းစီးဆင်းသွားတဲ့ ရေစီးသံတွေကြားမှာ...

ယောကျ်ားတစ်ယောက်ရဲ့ တင်းကျပ်စွာ ဖက်ပွေ့ထားတဲ့ ရင်ခွင်တစ်ခုဆီမှာ...

သြော်...အချစ်...။



မြင့်မြတ်လှတဲ့ နေရာတစ်ခုဆီကနေ ပဥ္စလက်ဆန်ဆန် ကြွမြန်းတော်မူခဲ့ပြန်ပြီလား အချစ်ရယ်...။

သူမ ဝန်ခံပါတယ်...။

ဟိုး...ကောင်းကင်ဘုံပေါ်က တိမ်စိုင်တွေကြားရောက်နေရသလို...။ သက်တန့်ပေါ် ကခုန်နေရသလို...။

ကြည်နူးဆွတ်ပျံ့ဖွယ်ရာ...အကြင်နာအကြည့် နွေးနွေးတွေ...ရင်တစ်ခုလုံးလည်း တုန်ယင်လှိုက်မောလို့...။

"အို... ..."

ရုတ်တရက် သူမရှေ့မှောက်မှ ဒူးတစ်ဖက်ထောက်ပြီး ထိုင်ချလိုက်တဲ့ ဩရစ်အပြုအမူကြောင့် သူမ အံ့အားသင့်သွားရချေပြီ...။

"ကို..ဘာလုပ်တာလဲ..."

"ကို လက်ထပ်ခွင့်တောင်းတာပါ...။ ကိုယ့်ကို လက်ထပ်ပါ မျိုး..."

"သြော်...ကိုရယ်..."

စိတ်ကူးယဉ်ဆန်ဆန် ချစ်တတ်လွန်းတဲ့ ယောကျ်ား...။

နေရောင်အောက်မှာ အလင်းရောင်တန်းလေးတစ်ခု ဖျတ်ကနဲ တောက်ပသွားရလေတော့သည်။

"ဟင်..."

စိန်တစ်ပွင့်တည်းနဲ့ ငါးရတီလောက်ရှိမည့် လက်စွပ်က လေးတစ်ကွင်း သူမ ဘယ်လက်သန်းကြွယ်ဆီ သူ ယုယုယယ

www.burmeseclassic.com

www.burmeseclassic.com



ဝတ်ပေးနေ၏..။

ပြောစမ်း...။

သိန်းငါးရာလောက် တန်ကြေးရှိတဲ့ လက်စွပ်တစ်ကွင်းကို ပန်းတစ်ပွင့်လောက် သဘောထားပြီး လက်ဆောင်ပေးတတ်တဲ့ ယောကျ်ားတစ်ယောက်ရဲ့ ခမ်းနားကြီးကျယ်လှတဲ့ ချစ်ခွင့်ပန်မှုကို ဘယ်မိန်းမ ရင်မခုန်ဘဲ ရှိလိမ့်မလဲ...။

ရင်ခုန်တာပေါ့..။ သိပ်လည်း စိတ်တွေ လှုပ်ရှားတာပေါ့...။

ရင်တစ်ခုလုံး ပြိုဆင်းကုန်ရပြီ...။

"ကို...ထတော့ကွာ...ဟိုမှာအိတ်(စ်) ပရက်(စ်)ကားကြီးထဲက ခရီးသည်တွေ ကြည့်ကုန်ပြီ..။ ဟို ဘက်မှာလည်း ကြည့်ဦး...။ ကျွဲတွေပေါ်ထိုင်လိုက်လာတဲ့ ကျွဲကျောင်းသားလေးတွေ ကြည့်နေပြီ...။ ပျိုး ရှက်တယ်..မနေတတ်တော့ဘူး..."

"ကိုယ်မေးတာဖြေပါဦး...ပျိုး ကို့ကို လက်ထပ်နိုင်ပါ့မလား...။ တစ်ဘဝလုံး အတူတူချစ်ကြမယ် ဆိုရင်ကော.."

ဘယ်ငြင်းဆန်နိုင်ရက်မလဲ...။

သူမ ခေါင်းကို အသာအယာဆိုသလို ညိတ်ပြလိုက်မိတာပေါ့..။

"ချစ်တယ်ကွာ...အရမ်းကို ချစ်တယ် ပျိုးရယ်..."

တစ်လောကလုံးကို ကိုမေ့ပစ်လိုက်မိတာလေ...။



နံဘေးက ဖြတ်သွားကြတဲ့ အိတ်(စ်)ပရက်(စ်)ကားပေါ်က ခရီးသည်တွေကိုရော။ 'ဟေး' ဆိုပြီး လက်ခုပ်သြဘာပေးသွားကြတဲ့ ထော်လာဂျီပေါ်က ရွာသူရွာသားတွေကိုရော...။ နံဘေးကနေ ခလောက်သံ တချွင်ချွင်နဲ့ ဖြတ်သွားကြတဲ့ နွားတွေကိုရော...။ နွားကျောင်းသားတွေကိုရောပေါ့...။

www.burmeseclassic.com

www.burmeseclassic.com

# အခန်း(၂၇)

ယောကျ်ားတစ်ယောက်ရဲ့ အတ္တတွေ၊ တစ်ကိုယ်ကောင်းဆန်မှုတွေ၊ သိနားလည်ရခက်တဲ့ ခက်ထန်မာကျောမှုတွေ၊ အဆုံးစွန် ချစ်တတ်ခြင်းတွေ၊ ဖမ်းစားညို့ငင်နိုင်တဲ့ အတတ်တွေအားလုံး သူမ သိနားလည်ခဲ့ရပြီ…။

အပြင်းထန်ဆုံး မုန်တိုင်း သို့မဟုတ် အနူးညံ့ဆုံးလေပြေ…။

သူ့ရင်ခွင်ထဲ မူးမူးမေ့မေ့ မှေးစက်ခဲ့တဲ့ အချိန်ကလေးတစ်ခုအတွင်းမှာ အချစ်ရဲ့ လှုပရှားမြိုင်ခြင်းများဟာ သက်တန့်တစ်စင်းလို အရောင်တွေ တစ်မျိုးပြီးတစ်မျိုးပြောင်းလဲသွားခဲ့ရ…။

အဖိုးတန် စိန်ရင်ထိုးလေးနဲ့ စခဲ့ကြတဲ့ အချစ်ဇာတ်လမ်းလေးလေ…။ ဘဝနှစ်ခုကို လှပစွာ ချည်နှောင်ဖို့ သင်္ကေတလေးတစ်ခုက အဖိုးအနဂ္ဃ ထိုက်တန်လှတဲ့ စိန်လက်စွပ်ကလေး



တစ်ကွင်းတဲ့လား…။

ကျေနပ်ပါသည်…။

အစစအရာရာ အားလုံးအတွက် သူမ ကျေနပ်ခဲ့ပါသည်။

"ကို…ပြန်စို့ကွာ…နော်…"

"အင်း…နောက်ပြန်လှည့်ကြတာပေါ့…။ လမ်းမှာလည်း အချစ်အကြောင်းတွေ ပြောဦးမယ်။ Let's talk about Love …လုံး၀ မရယ်ကြေး…"

သူမပြုံးပဲ နေလိုက်မိသည်။

ဒီလိုနဲ့ နောက်ကြောင်းပြန်လှည့်ရင်း ဟိုင်းဝေးလမ်းမှာ အရာရာဟာ ငြိမ့်ငြိမ့်ညောင်းညောင်း…

Let's talk about Love လို့ အစချီရင်း သူပြောတဲ့ အချစ်အကြောင်းတွေထဲ သူမယစ်မူးရင်း တစ်စတစ်စနဲ့ သက်မကင်းဖြစ်လာမိ၏။

တဖြည်းဖြည်းနဲ့ သူ့ စကားတွေက ပုံမှန်မဟုတ်ချင်တော့…။

ယုယုယယ ကြင်ကြင်နာနာ စကားတွေ…။ သို့သော် ကစဉ့်ကလျား…။ ထပ်ကာထပ်ကာ…။ ဗလုံးဗထွေး…။

"ဟင်… …"

သူမ သူ့ကို ဆတ်ကနဲ လှည့်ကြည့်လိုက်ချိန်မှာတော့"

အကြီးအကျယ် အံ့အားသင့်သွားရချေပြီ…။

www.burmeseclassic.com

www.burmeseclassic.com



ဟိုင်းဝေးလမ်းမှာ လီဗာကို တဆုံးတင်ရင်း မျက်လုံး မှိတ်မောင်းနေတဲ့ သူ့ရဲ့ သွေးအေးအေးပုံရိပ်တွေ…။

"ကို…ကိုး…"

"ပြော…ချစ်လေး…"

"ကို…ဘာလုပ်တာလဲ…မျက်လုံးဖွင့်လေ…"

"လူ့ဘဝမှာ နေရတာတစ်ခါတစ်လေ မငြီးငွေ့ဘူး လားကွာ… ကောင်းကင်ဘုံပေါ် တက်ရအောင်…တိမ်တွေပေါ်မှာ ဆော့ကြမယ်လေ…"

"ဘာ… …"

သူမ အကြီးအကျယ် အံ့သြတုန်လှုပ်သွားရချေပြီ…။ ပုံမှန်လူတစ်ယောက် မဟုတ်တဲ့ စကားတွေ…။

ဒါ သူမကိုပါ အတူတူရောခေါ်ပြီး သေကြောင်းကြံစည် တာပဲ။ ဘုရား…ဘုရား…။

ဒါ့ကြောင့် သူ့ကိုယ်သူ အလှဆုံး ဝတ်စားပြင်ဆင်လာ ခဲ့ပြီး သူမကိုပါ အလှဆုံးဝတ်စားပြင်ဆင်ဖို့ မှာကြားခဲ့တာကိုး…

"ကိုး…"

"ချစ်လေး…မအော်နဲ့လေကွာ…ကိုကြားပါတယ်.."

ရုတ်တရက် တံခါးကို ဆွဲဖွင့်ဖို့ ပြင်တော့ သူက သွေး အေးအေးရယ်ပြီး သူ့ဘာဘက်လက်တင်ခုံပေါ်ကနေ Lock ချပစ်လိုက်သည်။

သူမ ဘာဆက်လုပ်လို့ လုပ်ရမှန်း မသိတော့…။



ဘာတွေလဲ…ဘာတွေဖြစ်ကုန်တာလဲ…။

ဒီလူ ဘာ့ကြောင့် ရုတ်တရက် စိတ်ဖောက်ပြန်သွား ရတာလဲ…။ နားမလည်နိုင်…။ လုံးဝကို နားမလည်နိုင်..။

ဒီအတိုင်းတော့ သူပြုသမျှ နုပြီး လိုက်မသေသွားချင်။ ကိုယ်လည်း သိသလောက် တတ်သလောက် action တစ်ခုတော့ ပြန်ယူရလိမ့်မည်။

ဒါနဲ့ သူမလည်း မှားလား မှန်လား ဝေခွဲမရတဲ့အဆုံး … ကားရပ်လို့ရပ်သွားငြား ဂီယာကို D ကနေ P ကို ချိန်းပစ် လိုက်သည်။

"ကျွိ…ကျွိ…ဂီး…"

ကားအောက်ပိုင်းကနေ ကြောက်စရာကောင်းလောက် အောင် ထွက်လာတဲ့ သံမဏိချင်းပွတ်တိုက်သံတွေ…။

"ဟာ…"

ဆိုးပြီ…။ အခြေအနေတွေ ပိုဆိုးကုန်ပြီ..။

သူမ ကြောက်ရွံ့နေသည်ကို သိ၍ အရွဲ့တိုက် လုပ် လိုက်လေသလားတော့မသိ…။

သူ့ ခြေဖဝါးနှစ်ဖက်စလုံးနှင့် ဘရိတ်ကိုရော လီဗာကို ပါ ဆောင့်နင်းလိုက်သဖြင့် ကားမှာ ကြောက်စရာကောင်း လောက်အောင် စက်ပိုင်းပုံသဏ္ဍာန်တွေ လည်ထွက်သွားရလေ တော့သည်။

ကံကောင်းသွားသည့်အချက်မှာ ထိုအချိန်၌ ဟိုင်းဝေး

www.burmeseclassic.com

www.burmeseclassic.com



လမ်းမကြီးပေါ်မှာ ကားလုံးဝမရှိဘဲ ရှင်းနေသေး၍ တော်တော့၏။

စောစောတုန်းက ကပိုကရိုလေး လှနေသည့် သူမမျက်နှာတစ်ခုလုံး ကြောက်စိတ်၊ မျက်ရည်တို့နှင့် ဖွာရရာကျဲနေလေပြီ...။

ကားမှာ ထိန်းချုပ်ရခက်သည့် အရှိန်နှင့် စက်ဝိုင်းပုံ မွတ်မွတ်လည်နေစဉ် သူမ hand break ဆောင့်ဆွဲလိုက်ပြီး Lock ဖြေပစ်လိုက်နိုင်၏။ အလွယ်တကူတော့မဟုတ်၊ ရုန့်ရှင်းဆန်ခတ်နှင့်ပင်...

"ဂျက်... ..."

ရသည့် စက္ကန့်ပိုင်းအချိန်ကလေးကို သူမ ကောင်းကောင်း အသုံးချပစ်လိုက်နိုင်လေတော့သည်။

ကားတံခါးကို ဆောင့်ဖွင့်ပြီး ကားရဲ့ဦးတည်ရာနဲ့ ပြောင်းပြန်လှည့်အပြေး...။

ကြောက်စိတ်နှင့်ကားကို သမင်လည်ပြန်လှည့်အကြည့်...

"ဟာ... ... .."

မာစီးဒီးကားကြီးရဲ့ အနောက်ဖက် လေကာမှန်ထိပ်ဆုံးမှာ ကပ်ထားတဲ့ စတစ်ကာစာလုံးများ ဖတ်မိရင်း သူမ ကြောက်ခမန်းလိလိ ဖြစ်သွားရတော့၏...။

... STORM ...



သိပ်ကို သေချာသွားပြီပေါ့...။

ဟိုး လွန်ခဲ့တဲ့ နှစ်များဆီတုန်းက မိုးခိုခဲ့ဖူးတဲ့ အငြိမ်းစားပါမောက္ခကြီးရဲ့ တပည့်တစ်ဦး...။

တစ်နည်းပြောရရင် ဆရာကြီးရဲ့ ကိုးတန်းကျောင်းသား။ အကောင်းဘက်ကို ရောက်မလာဘဲ လုံးဝ အဆိုးဘက်ဦးတည်သွားခဲ့ရသူ...။

* * *

www.burmeseclassic.com

www.burmeseclassic.com

## အခန်း(၂၈)

ပြေးသည်။

သူမ ပြေးပါသည်။

ဂါဝန်ကားကားကြီးကို မ,ပြီး ဟိုင်းဝေးလမ်းမတစ်လျှောက် အရူးတစ်ယောက်လို သူမပြေးနေသည်။

ဘယ် ကားမှရပ်မပေးကြ…။ အားလုံးက ကြောင်ပြီး ကြည့်နေကြသည်။ တချို့က ဟေးဟား စ,ကြသည်။

ချစ်သူအချင်းချင်း စိတ်ကောက်၍ မိုးစုံစတန့်ထွင်နေသည် ဟု သူတို့စိတ်ထဲ ထင်နေကြပုံပေါ်သည်။

မာစီးဒီးကားကြီးမှာ အခုအထိ ဂငယ်ကွေ့ကွေ့၍ မရနိုင်သေး‥။ တစ်ဖက်ယာဉ်ကြောအရှင်းကို စောင့်ရင်း ပြင်းပြင်းထန်ထန် လီဗာပုတ်နေ၍ အထဲက လူရူးတစ်ယောက်ရဲ့ ဒေါသကို သူမ ခန့်မှန်းကြည့်နိုင်သည်။

အခုနေ…အဲဒီကားကြီး ပြန်လှည့်လာနိုင်ခဲ့ရင် သူမကို အရှန်ပြင်းပြင်းနဲ့ဝင်တိုက်သွားမှာလား‥။ ဇွတ်တရွတ်ခေါ်ဆောင်



ပြီး စောစောကလို ဟိုင်းဝေးလမ်းမှာ မျက်လုံးစုံမှိတ်ပြီး အရှိန်တင်မောင်းမှာလား…။

သေချာတာ သူမကိုသူ လူရယ်လို့ မထင်တော့‥အရုပ်တစ်ရုပ်လောက်သာ သတ်မှတ်ပစ်လိုက်ပုံရသည်။

သူ ဘာ့ကြောင့် ဒီလို စိတ်ဖောက်ပြန်သွားရတာလဲ‥။ ဘာ့ကြောင့် သူမကိုပါ သေပွဲဝင်ဖို့ ခေါ်ခဲ့ရတာလဲ…။

ပြေးရင်းလွှားရင်း ဖုန်းဝင်လာသဖြင့် ကြည့်လိုက်တော့ ဗေဒင်ရူး၊ မိစိမ့်…။

"ပြော…"

"ဟဲ့…မိပျိုး…ဟိုလူ ဩရစ်ကို နင် မြန်မြန်လမ်းခွဲလိုက်တော့။ ငါသူ့ဇာတာစစ်ပြီးပြီ…။ ကြောက်စရာကြီးဟာ…။ လူသတ်သမားတစ်ယောက်ရဲ့ စရိုက်လက္ခဏာတွေ ငါ တွေ့လိုက်ရတယ်…"

"အခုမှ ပြောရသလား သူငယ်ချင်းရာ…ဟီး‥"

"ဟဲ့ မိပျိုး ဘာ‥ဘာဖြစ်လို့လဲ"

"အခု သူ လိုက်သတ်နေလို့ ငါ ပြေးနေရပြီလေ…"

"ဟင်…"

"ငါ ဘာမှထပ်မပြောနိုင်တော့ဘူး။ ငါအခု အသက်လု ပြေးနေရပြီ"

ထပ်လည်း မပြောနိုင်တော့…။ ဆက်လည်း ရှင်းမပြနိုင်တော့။ ဟမ်းဖုန်းတစ်လုံးကို ကိုင်နိုင်စွမ်းတဲ့ အင်အားလည်း မရှိတော့သဖြင့် လွှင့်ပစ်ခဲ့ရင်း သူမ မီးကုန်ယမ်းကုန် ပြေးနေ

www.burmeseclassic.com

www.burmeseclassic.com



စဉ်·····။

"ကျွီ··· ···"

"ဟင်··· ···"

ကားတစ်စီး သူမရှေ့ ထိုးရပ်လာသည်။

"တက်···ညီမ···မြန်မြန်တက်···"

ပြောရုံတင်မက···။ ကားတံခါးကိုပါ မြန်မြန် ဖွင့်ပေးလိုက်သည်။

ဘယ်သူလို့ သင်တို့ ထင်ကြပါသလဲ···။

မင်းမင်းအောင်··ဆိုတဲ့လူ···တစ်နည်း မောင် အသက်ကယ်ပေးဖူးတဲ့လူ။ ဟာကွာ···။ ရှက်စရာကောင်းလိုက်တာ··။

သူမ ကားပေါ်ရောက်ရောက်ချင်း ထိုသူက···။

"စိတ်အေးအေးထားပါ···။ မကြောက်ပါနဲ့···။ နေသွင်ညိုရဲ့ချစ်သူပဲ··။ ကိုယ်တစ်လှည့်ပြန်ကူညီရမှာပေါ့။ ခါးပတ်ပတ်လိုက်···"

အခြေအနေ အဖြစ်မှန်အားလုံးကို ထိုသူ ရိပ်စားမိနေပုံရသည်။ နောက်ကြည့်မှန်ထဲကနေ မာစီးဒီးကားကို ကြည့်ရင်း သူပြောနေခြင်းဖြစ်၏··။

တင်းထားတဲ့စိတ်တွေ အားလုံးလျော့ချပြီး ခါးပတ်ပတ်အပြီးမှာတော့ သူမ ချုံးပွဲချကာ ငိုကြွေးပစ်လိုက်ပါတော့၏။

"မငိုပါနဲ့ ညီမရယ်···ညီမကံကောင်းတာပါ···။ အချိန်မီပါသေးတယ်။ အဲဒီလူအကြောင်း ညီမဘာမှ မသိသေးဘူးလား···"



သူ မောင်းနေတဲ့ အရှိန်ကိုကြည့်တော့ ကီလို 105 လောက်တော့ ရှိသည်။ ဟို စိတ္တဇလူရဲ့ မာစီးဒီးကို ကြိုတင်ရှောင်ရှားထားသည့် အရှိန်နှင့်မောင်းနေပုံရ၏။

"ဟင့်အင်း···ကျွန်မ သိသင့်သိထိုက်သလောက်ကလွဲရင် ဘာမှ ထဲထဲဝင်ဝင်မသိပါဘူး···ဟီး··အီး···"

"ကိုယ်ပြောပြမယ်···ကိုယ်ပြောမပြလည်း အခုဆို ညီမ သိနေပါပြီ···။ သူက စီးပွားရေးသမား··။ မြတ်ရင် အကုန်လုပ်တယ်။ ရည်းစားလည်း ရှုပ်တယ်။ စိတ်နောက်ကိုယ်ပါ နေတတ်တဲ့ လူစားမျိုးပါ···။ ဒီအထိ ခွင့်လွှတ်လို့ ရသေးတယ် အိုကေနော်···။

နောက်ကြည့်မှန်ကို သတိနဲ့ကြည့်ရင်း မင်းမင်းအောင်က ပြောပြနေသည်။

"ညီမ မသိလည်း မသိ၊ ခွင့်လည်းမလွှတ်နိုင်လောက်တဲ့အချက်တွေက လောင်းကစားဝါသနာပါတယ်။ အချိုကြီးမြတ်ဖူးတယ်။ ပိုပြီး အတင့်ရဲလာတယ်။ မူးယစ်ဆေးဝါးမှောင်ခိုကူးလာတယ်။ ကံကောင်းချင်တော့ သူ အဖမ်းမခံရသေးဘူး။ နောက်တော့ သူ WY ဆွဲသွားတယ်··"

"ဘာလဲဟင် WY ···"

"စိတ်ကြွဆေးပေါ့ ညီမရယ်··"

အာ···။ သဘောပေါက်ပြီ··ဒါ့ကြောင့် တစ်ခါတစ်လေ ခေါ်လို့ မကြား၊ အော်လို့မကြား···။ တစ်ခါတစ်ရံ ရယ်လို့မောလို့···။ တစ်ခါတစ်ရံ သူ့လှုပ်ရှားမှုတွေက တက်ကြွလွန်း

www.burmeseclassic.com

www.burmeseclassic.com



လိုက်တာ လိုက်လို့ကို မမှီတော့···။

"နောက် သူ့ရဲ့ စီးပွားရေးလုပ်ရပ်တွေဟာ အရမ်းကို မိုက်ရူးရဲ ဆန်လာတယ်။ do or die ပုံအောပစ်တာ···အချိုကြီး ကလည်း မြတ်ထားဖူးတာကိုး···။ အခု ကားကိစ္စမှာ သူတော်တော်လေး နားမည်ပျက်ထွက်နေတယ်··။ သူ့မှာ ဟောဒီလောက် အကျပ်အတည်းရှိနေတယ်··"

မင်းမင်းအောင်က လက်နှစ်ချောင်းထောင်ပြသဖြင့် သူမက···

"သိန်းနှစ်ရာ···"

"က,မလား ညီမရယ်"

"သိန်းနှစ်ထောင်···"

"သိန်းပေါင်း နှစ်သောင်းညီမရေ··သိန်းပေါင်းနှစ်သောင်း သူများပိုက်ဆံတွေ အလွဲသုံးစားလုပ်ထားတာ···"

"ရှင်··· ···"

ဘုရား···ဘုရား···။

သူများ ကြွေးပူသိန်းပေါင်း နှစ်သောင်းကျော်ရှိထားတဲ့ လူက လုံးဝအပူသည်ရုပ်မပေါက်ပါလား···။ ပိရိလိုက်တာ··· မှင်တည်လိုက်တာ···။

"အခု သူ့ဇာတ်ကို သူမနိုင်လို့ အဆုံးစီရင်ပစ်ဖို့ ကြိုးစားတယ်နဲ့တူပါတယ်။ မူးယစ်ဆေးတစ်မျိုးမျိုးလည်း လောလောလတ်လတ်သုံးလာခဲ့လို့ ဖြစ်မှာပေါ့···။ သူ့ဟာသူ သေမယ့်ကိစ္စကို ညီမကိုပါ အတင်းဆွဲခေါ်လာပြီလေ···။ ကိုယ်က ကိစ္စတစ်



ခုနဲ့ နေပြည်တော်ကအပြန် ညီမကို အခုလိုပုံစံနဲ့တွေ့လို့ ရပ်ခေါ်လိုက်လို့သာ ညီမ ကံကောင်းသွားတာ···။ နို့မို့ဆို ညီမအခုလောက်ဆို သူနဲ့ အတူရောပြီး···ဟာ··ညီမ···နောက်မှာ သူ့ကား ကိုယ်တို့ကို မှီလာပြီ··။ အိုကေ···ကိုယ်ကားကို အာရုံစိုက် မောင်းတော့မယ်···"

မှန်ပါသည်။

အရှိန်ပြင်းပြင်းနှင့် မောင်းနှင်လာသည့် မာစီးဒီးကားကြီးမှာ လူတစ်ယောက်ကိုသတ်ဖို့ ဝတ်ရုံကြီး တလွှားလွှားနဲ့ ပြေးလွှားလိုက်လာတဲ့ သေမင်းတစ်ပါးလို အနောက်ကနေ ခုန်းစိုင်း လိုက်ပါလျက်ရှိလေတော့၏··။

www.burmeseclassic.com

www.burmeseclassic.com

## အခန်း(၂၉)

အန္တရာယ်များလှပြီး ကတ္တရာထပ်ပိုးလွှာ မခင်းရသေးသည့် ကွန်ကရစ်လမ်းမကြီးပေါ်မှာ…။

မိုးလေးက တဖျောက်ဖျောက် ကျဆင်းလျက်…။

လေကာမှန်ပေါ် ကျဆင်းလာတဲ့ မိုးရေစက်တွေအားလုံးပင် အပေါ်ကနေ အောက်သို့စီးဆင်းရမည့်အစား…အောက်မှ အပေါ်သို့ ဆန်တက်လျက်ရှိခြင်းကြောင့် မင်းမင်းအောင်မောင်း နှင်နေသည့် အရှိန်ကို ခန့်မှန်းကြည့်နိုင်သည်။

မှန်အလုံပိတ်ထားသဖြင့် ကားကတော့ ရပ်နေသယောင်ထင်ရသော်လည်း အခုနေ လေတိုက်နှုန်းကို သိလို၍ ပြတင်းတံခါးကနေ လက်ထုတ်ကြည့်လျှင်တောင် လက်ပြတ်ပြီး ကျန်ခဲ့မယ့် အနေအထား…။

အန္တရာယ်သတိပေးဆိုင်းဘုတ်တွေ တစ်ခုပြီး တစ်ခုဖြတ်ကျော်လာကြသည်။



ကီလို ၁၀၅ကနေ ကီလို ၁၁၀..ဟာ ကီလို ၁၁၅…။ ကီလို ၁၂၀….။

ဘုရား…ဘုရား…သတ်မှတ်နှုန်းထားထက် ကီလို ၂၀ ပိုနေလေပြီ…။

"နည်းနည်း အရှိန်လျှော့မောင်းပါလား ရှင်…"

"ဒုန်း… …"

"အား… …"

သူမ စကားမဆုံးခင်ပင် မာစီးဒီးကားကြီးမှာ ပြင်းထန်သည့် အရှိန်နှင့် မင်းမင်းအောင်ရဲ့ ကားနောက်ပိုင်းကို ဝင်ဆောင့်လာသည်။

"တွေ့လား…ညီမ…ဘယ်လိုမှ လျှော့လို့မရဘူး…။ မိုက်ရူးရဲ့ ကိုယ့်တို့အသက်ကို ရန်ရှာနေပြီ…"

စိတ်တည်ငြိမ်မှုအပြည့်နှင့် မင်းမင်းအောင်က ဆိုလေသည်။

သူမမှာတော့ ကြောက်စိတ်နှင့် လိပ်ပြာလွင့်စဉ်သွားမတတ်…။

စောစောက အချိန်အခါကောင်းကို စောင့်ပြီး မင်းမင်းအောင်ရဲ့ ကားနောက်ပိုင်းကို ဝင်ဆောင့်ပစ်လိုက်နိုင်သည့်…မာစီးဒီးကားကြီးမှာ အခုတော့ တစ်ဖာလုံလောက် ပြတ်ကျန်ခဲ့ပြန်သည်။ သေချာသည်မှာ မိုက်ရူးရဲ့ကားထက် မင်းမင်းအောင်ရဲ့ကားက အင်ဂျင်ပါဝါပိုနည်းသဖြင့် မာစီးဒီး

www.burmeseclassic.com

www.burmeseclassic.com



ကားကြီးမှာ လွယ်လင့်တကူ နောက်ကနေဝင်တိုက် ပစ်နိုင်ပါသေးသည်။ သူမ ရွတ်ဆိုနေသည့် ဘုရားစာတွေဆိုတာလည်း ကပြောင်း ကပြန်တွေ ဖြစ်ကုန်ပြီ…။

အသက်ကို ကူညီခဲ့ဖူးသဖြင့် အသက်ကို ပြန်လည်ပေးဆပ်ကာ ကူညီနေသည့် လူတစ်ယောက်··။

ကျွန်မ အရမ်းကို ရှက်နေမိပါပြီ မောင်ရယ်…။

တကယ်တော့ ကျွန်မအသက်ကို မင်းမင်းအောင်ကယ်တင်နေသလို မောင်ကယ်တင်ပေးနေတာပါ…။

> သတိ
>
> အန္တရာယ်ကွေ့
>
> အရှိန်လျှော့မောင်းပါ….

ဟိုး ခပ်လှမ်းလှမ်းက အန္တရာယ်သတိပေးဆိုင်းဘုတ်ကို မြင်တော့ မင်းမင်းအောင်မှာ သမ္ဘာရင့်စွာ ပြုံးလိုက်ရင်း…

“အဲဒီလမ်းကွေ့ရဲ့ ဒီကရီက ကီလို ၁၂၀နဲ့ ဘယ်လိုမှ သွားလို့မရဘူး ညီမရဲ့…။ ကိုယ်စိတ်တော့ မကောင်းပါဘူး··။ ညီမ သူ့အတွက် ဆုတောင်းပေးလိုက်ပါ…”

ထို ဒီကရီထောင့်ချိုးအတွက် အသုံးပြုလို့ရနိုင်မယ့် အမြင့်ဆုံးနှုန်းထားသို့ မင်းမင်းအောင်လျှော့ချလိုက်ပြီး ကျွမ်းကျင်ပိုင်နိုင်စွာ အန္တရာယ်ကွေ့ကို ဖြတ်သန်းအပြီး စက္ကန့်ပိုင်း အကြာ



မှာတော့…။

“ကျွီ… ….”

“ဝုန်း… ဒုန်း…”

“ဂျိမ်း… …”

“ဝုန်း… …”

✱ ✱ ✱

www.burmeseclassic.com

www.burmeseclassic.com

လအနည်းငယ် ကြာသောအခါ . . .

www.burmeseclassic.com

www.burmeseclassic.com

ရုတ်တရက် မိုးရွာချလိုက်သောအခါ အသင့်ပါလာသည့်ထီးကို ဖွင့်ဆောင်းလိုက်သည်။

အရင်နှစ်က ဒီလိုအချိန်…။ ဒီလိုနေရာ…။

ရင်ထဲမှာ တဆစ်ဆစ် နာကျင်နေရသော်လည်း သူမ ပြုံးနိုင်အောင် ကြိုးစားပါသည်။

“ဪ··အဲဒီဆိုင်ကလေးတောင် တော်တော် ပြောင်းလဲသွားပြီပဲ··”

မှန်သည်။

အရင်နှစ်က (တိတိကျကျ ပြောရရင် မောင်နဲ့စတွေ့တဲ့နေ့က) မိုးခိုခဲ့ဖူးတဲ့ လက်ဖက်ရည်ဆိုင် ကလေးမှာ…။ အခုတော့ အသွင်သစ်နှင့်လှလှပပကလေး ဖြစ်နေသည်။

လူအများစုထိုင်၍ ရနိုင်သော hall ပုံစံတွေနှင့်ရော၊ တစ်ဝိုင်းကို အကာအကွယ်နှစ်ခုနှင့် ဝါးပင်ငယ်ကလေးများ စိုက်ကာ လှလှပပ အခန်းငယ်ပုံစံမျိုးပါအစုံ လုပ်ထားသည်။

“ကျွန်မ မုန့်ဟင်းခါး မစားချင်ဘူး…မောင့်ကို လွမ်း



လို့ပါ…”

သူမတိုးတိုးလေးဆိုလိုက်ရင်း ဆိုင်ထဲ ဝင်လာသည်။

အရင်လို ခပ်တုံးတုံး စားပွဲထိုးလေးများ မရှိတော့ဘဲ ဖော်ရွေသွက်လက်သည့် စားပွဲထိုးကလေးများကို တွေ့ရ၏။

ဒါနဲ့ ဝါးပင်ငယ်ကလေးများနှင့် လှလှပပအခန်းငယ်သဖွယ် ဆောက်ထားတဲ့ စားပွဲမှာ သူမ ဝင်ထိုင်လိုက်ရင်း…။

“မုန့်ဟင်းခါး တစ်ပွဲပေးနော်…”

ဟင့်အင်း…။

ကျွန်မ မုန့်ဟင်းခါး မစားချင်ပါဘူး…။ မောင့်ကို လွမ်းလို့ပါကွယ်…။

ပါးပြင်ထက်က စီးကျလာတဲ့ မျက်ရည်များကို လက်ခုံကလေးနဲ့ သုတ်လိုက်ရသည်။

ခဏနေတော့…

“ရပြီ··အစ်မ…”

“ဪ…အေး…”

စားပွဲထိုးကလေး လာချပေးသည့် အချဉ်ပန်းကန်ကို ကြည့်မိသည်။ သံပုရာသီးစိပ်ထားတဲ့ ပုံစံက အရင်တုန်းက အတိုင်းပါလား…။

ပြုံးမိရပြန်သည်။ နာကျင်ရပြန်သည်။

“ကျွန်တော်က အချဉ်ကို ရွေးချယ်တာလေ။ သံပုရာသီးစိပ်ကို ရွေးချယ်တာ မဟုတ်ဘူး။

စိတ်ထား မြင့်မြတ်လှတဲ့ ချစ်သူရယ်…။

www.burmeseclassic.com

www.burmeseclassic.com



သွယ်ဝိုက်သော နည်းနဲ့ ကျွန်မအသက်ကို ကယ်တင်ပေးသွားတဲ့ ချစ်သူရယ်။ ကျွန်မ ငိုနေရပြီကွယ်..။

အချဉ် ပန်းကန်ထဲကနေ ဘယ်သူမှ မယူချင်ကြတဲ့ သံပုရာသီးအူတိုင်လေးကို ရွေးချယ်ယူလိုက်စဉ် သူမ စားပွဲဝိုင်းသို့ လူတစ်ယောက် ရောက်လာသည်။

အို...

တိုက်ဆိုင်လိုက်တာ...။

အဲဒီအချိန်မှာပဲ လေပြေတစ်သုတ်က သူမရင်ကို အေးစိမ့် သွားအောင် တိုက်ခတ်သွား၏...

"ဟို...ထိုင်...ထိုင်လို့ ရမလားဟင်...ညည်းသည် လာဦးမှာလား.."

"ဟင်..."

ဟာ...။

မောင်.. ...။

သူနဲ့ စတွေ့ဆုံစဉ်က သူမ ပထမဆုံးပြောခဲ့တဲ့ စကားအတိုင်း ပြောရင်း သူမ ရှေ့တည့်တည့် ဝင်ထိုင်လာ၏...။

စိတ်တွေ လှုပ်ရှားလိုက်တာကွယ်..။ နောက်ပြီးတော့ ပျော်လိုက်တာ...။

"ဘာမှာထားလဲ အစ်ကို.."

စာပွဲထိုးကလေး ရောက်ချလာတော့....။

"ဘာမှ မမှာရသေးဘူး..။ ကော်ဖီတစ်ခွက်ပဲချ... ကော်ဖီမစ် မဟုတ်ဘူးနော်...။ မြန်မာကော်ဖီမှုန့်ကို နှပ်ပြီး



ဖျော်တဲ့ ကော်ဖီလေ...။ ရလား မသိဘူး..."

"ရတယ်..အစ်ကို.."

သူမပြောခဲ့ဖူးတဲ့ စကားတွေချည်းပြောနေသည်။

မောင်ရယ်...။

ကိုယ့်ကို ရက်ရက်စက်စက်ပစ်ထားခဲ့တဲ့ မိန်းကလေးတစ်ယောက်အပေါ် မာနတွေမထားဘဲ ပြန်ရောက်ချလာတယ်ကွယ်။

ယောကျ်ားဆန်လိုက်တာ...။ အံ့ဩစရာကောင်းလိုက်တာ...။

မောင် ပျိုးကို မနာကျည်းဘူးလား..။ ပျိုး ကျရှုံးခဲ့ရတဲ့အပေါ် သာမန်လူသားတစ်ယောက်လို ဝမ်းသာစိတ် မဖြစ်မိဘူးလား...။

အချိန်တွေ...။

အချိန်တွေတော့...တော်တော်ကြာခဲ့ပြီပဲ..။

ဒါပေမယ့် မောင့်ရုပ်ရည်၊ မောင့်အပြုအမူတွေကတော့ ဟို အရင်လို ရှင်းသန့်ကြည်စင်နေတုန်းပါပဲ..။

ကျွန်မသိပ်ရှက်တာပဲ။ မောင့်ကို ဘယ်လိုမျက်နှာနဲ့ ကျွန်မ ရင်ဆိုင်ရမှာလည်းကွယ်...။

"အဟမ်း...ဒီမယ်..."

အဲ...။

သူမ သူ့ကို တွေ့စက စပ်စုနေခဲ့တဲ့ မေးခွန်းအတိုင်း မေးတော့မယ်နဲ့တူပါရဲ့...။ သံပုရာသီး အူတိုင်ကြီးက သူမ

www.burmeseclassic.com

www.burmeseclassic.com



လက်ထဲမှာ ခိုးတိုးခိုးတဲ့နဲ့လေ…။ အာ…ရှက်လိုက်တာကွာ…။

"မသိလို့ မေးချင်လို့ပါ…"

"သွားပါ…"

ထိန်းချုပ်ထားရင်းကြားမှ သူမ ရယ်မိပြန်သည်။ သူ ကိုယ်တိုင်လည်း ရယ်ချင်နေတာကို ထိန်းချုပ်ထားသည့်ပုံနှင့်…။

"သံပုရာသီးစိပ်တွေ အများကြီးရှိပါရက်နဲ့ ဘာလို့ အခုတိုင်ကိုမှ ရွေးချယ်ယူလိုက်ရတာလဲ…အစ်မကြီးရဲ့…ရှင်းပြ ပါဦး…"

"ကျွန်မကို လူတစ်ယောက်က သင်ပေးသွားလို့ပါ"

နူးညံ့သိမ်မွေ့တဲ့ အကြည့်နှစ်ခု လေထုထဲဆုံဆည်းသွား ကြသည်။

ခွင့်လွှတ်တယ် မဟုတ်လား…။

ခွင့်လွှတ်ပါတယ်…။ ကိုယ့်ကို ပြန်လက်ခံပေးပါလား။

ရှင့်ကို ကျွန်မ ချစ်နေဆဲ…။

နှုတ်နဲ့ မပြောဖြစ်တဲ့ စကားတွေ မျက်လုံးထဲကနေ ပြောဖြစ်သွားသည်။

"ပျိုး… …"

"ရှင်… …"

ထိန်းချုပ် ဟန်ဆောင်မထားနိုင်ကြတော့…

နှစ်ဦးသား တင်းကျပ်စွာ ဖက်ပွေ့မိကြရင်း…

"မောင်က လေပြေပါ ပျိုးရယ်…။ မုန်တိုင်းတွေ ထွက်ခွာသွားပြီပဲ…။ မောင့်ကို ပြန်ခွင့်ပြုနိုင်ပါ့မလား…"



"မောင်ရယ်… …"

တိုးတိတ်စွာ ညည်းရင်း သူ့ရင်ခွင်ထဲသို့သာ တိုးဝင်မိ တော့သည်…

ပြောချင်တဲ့စကားတွေက အများကြီး။ တကယ်တမ်းကျ တော့ နှုတ်က များများစားစားထွက်မလာ။

"ပျိုးကို စိတ်မနာဘူးလား…ဟင်"

"ဟင့်အင်း…မောင် ပျိုးကိုဒီနေ့အထိ ချစ်နေဆဲပါ။ နောက်မှ အေးအေးဆေးဆေး ပျိုးကိုမောင် ပြောပြစရာ တွေရှိတယ်"

"အဲ…အခုပြောလေ…"

"ဪ…မောင့်မှာ ကူညီတတ်တဲ့စိတ်ရှိလို့ တခါ တလေ ပျိုး စိတ်ညစ်ရတတ်တယ်မို့လား…။ တကယ်က အဲလိုစိတ်မျိုးရှိလာတာ အကြောင်းမဲ့တော့မဟုတ်ဘူး။ မောင် ရှစ်တန်းတုန်းက အရမ်းအံ့သြစရာကောင်းတဲ့ ကိစ္စတစ်ခုနဲ့ ကြုံခဲ့ရတယ်"

"ရှင်…"

သူမ တစ်စုံတစ်ခုကို ရိပ်မိလိုက်သည်။ ထင်တဲ့အတိုင်း ပင် မောင်က ဆရာကြီး သူ့အပေါ်လုပ်ခဲ့တဲ့ Psycho test အတွေ့ အကြုံတွေကို ရှင်းပြ၏။

သူမမှာသာ အံ့သြပြီးရင်း အံ့သြရရင်းလေ။

Storm ကတော့ အမြန်လမ်းမထက်မှာ ကားအက်စီးဒင့် နှင့် သေဆုံးခဲ့ရလေပြီ။ အခု Breeze နဲ့ လာဆုံနေရပြီ မဟုတ်ပါ

www.burmeseclassic.com

www.burmeseclassic.com



လား···။

“အဲဒါပါပဲကွာ···။ ယယ်ယယ်ကတည်းက မောင်ဘယ်လောက် ရှိုးပြီးအေးသလဲဆိုတော့ Nick name ကိုက···Breeze ···တဲ့··”

မြတ်နိုးလေးစားမှုအပြည့်နှင့်သာ ချစ်သူရဲ့ ရင်ခွင်ထဲ တိုးဝင်နေမိတော့၏···။

အပြင်မှာလည်း လေနုအေးလေးတွေက တဖြူးဖြူး···။

**ညေး**

၄-၁၀-၂၀၁၃

**www.facebook.com/Nyay Nyay**

**ညေး/Fan Page**

coming soon

ညေး

နတ်ဆိုးအပျင်းပြေတီးဖို့တောင်း

(လုံးချင်းဝတ္ထုသစ်)

www.burmeseclassic.com